www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုပိုင်နှင်းဆီ

နောက်ကြည့်အစိတ်....

ရှေ့ကြည့်လေးဆယ်

www.burmeseclassic.com

www.burmeseclassic.com

## "ကျင်ပိုး FAMILY"

လှတစ်မျက်နှာ၊ ယဉ်တစ်ကိုယ်လုံး. . တဲ့။

ကျွန်မရဲ့ကိုယ်ပိုင်ပစ္စည်းတွေထဲမှာ အမျိုးတွေ ချီးမြှောက်ထားတဲ့. . , ပညတ်ထားတဲ့. . . မျက်နှာပေါ်က အစိတ်အပိုင်းတွေအကြောင်း ပြောရဦးမယ်။

အမှန်က မပြောဘဲ ထိန်ချန်ထားချင်တာ။ ကောင်းတာမှ မပါဘဲကိုး။ တစ်မျိုးလုံးတစ်ဆွေလုံးက ချစ်စနိုးလေးနဲ့ ကျွန်မမျက်နှာကို ဋီကာဖွင့်ထားကြတာများ. . .

မျက်လုံးက သမင် မျက်လုံး. . . တဲ့

ရှေ့သွားလေးနှစ်ချောင်းက ကြီးနေလို့ ယုန်သွား. . တဲ့

ဆောင်းညပြာသိုစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နားရွက်ကလေးနှစ်ဖက်က မဆိုစလောက်လေး ကားနေလို့ ကြွက်နားရွက်. . . တဲ့

နှာခေါင်းလေးက တိုလို့ ဖန်ဒါ နှာခေါင်း. . . တဲ့လေ. .

သူတို့ ဘယ်လိုပဲ ပြောပြော ကျွန်မက လုံးဝမဖြို. . ကျွန်မမှာ သိပ်လှတဲ့ပစ္စည်းတစ်ခုရှိတာ သူတို့မှမသိဘဲ။ (ဖျှောက်တွေးမနေနဲ့နော်). . အဲလို လှတပတအရာလေးကျတော့ အကုန်လုံးက မသိချင်ယောင်ဆောင်ထားကြတာ။ တကယ်စိတ်ပုပ်ဝမ်းပုပ်တွေ. .

ကျွန်မမှာ အလှဆုံးနေရာက 'My Body'လို့ အဲကျယ်ကြီးအော်ပြီး ကြွားလိုက်ချင်တာ အဟုတ်. . မိန်းမတစ်ယောက်အတွက် ရှိသင့် ရှိထိုက်တဲ့ ပစ္စည်းပစ္စယတွေ သူ့နေရာနဲ့သူ အံဝင်ခွင်ကျကို ရှိနေတာ. .

ကမ္ဘာမှာ နာမည်ကြီးနေတဲ့ ဘောလုံးအကျော်အမော် ဒေးဗစ်ဘက်ခမ်းက သူ့ခြေထောက်တွေကို အာမခံထားသတဲ့။ အဲ. . . ဂျေလိုလို့ ခေါ်တဲ့ ဂျင်နီဖာလိုပက်ဇ်ကတော့ ကမ္ဘာကျော် သူ့ရဲ့တင်ပါးကို ဘယ်လောက်နဲ့ဆိုလား အာမခံထားတယ်ဆိုပဲ. . နောက်နေတာ မဟုတ်ဘူးနော့်. . တကယ်ပြောတာ. .

သူတို့ Idea ဘယ်လောက်မိုက်သလဲ။ နာမည်ကျော် သူတို့ရဲ့အစိတ်အပိုင်းတွေကို ဒီလိုနည်းနဲ့ တန်ဖိုးမြှင့်တင်ထားကြတာ။





ဒါဆို ကျွန်မလည်း ကိုယ့်ရဲ့အလှဆုံးဖြစ်တဲ့ ကိုယ်လုံးကလေးကို ဒေါ်လာဘယ်လောက်နဲ့အာမခံထားရင် ကောင်းမလဲ၊ သန်းတစ်ရာလောက်ဆို ပွဲသိမ်းပြီ. . ဒေါ်လာကို ပြောတာနော်။

လမ်းမှာတွေ့တဲ့ ပုရိသတွေက ကျွန်မကိုကြည့်ရင် အရှေ့ကြည့်၊ အနောက်လှည့်ကြည့်၊ ဘေးတိုက်ကြည့်၊ ပတ်လည်ကြည့်. . အဲသလိုကြည့်ကြတာ. . တစ်ခါတလေ အကြည့်မတော်ရင် စောင်းငန်းစောင်းငန်းဖြစ်လိုဖြစ်၊ ဟတ်ထိုးဟတ်ထိုးဖြစ်လိုဖြစ်နဲ့ ဝမ်းနည်းစရာတစ်ခုက သူတို့ကြည့်တဲ့အထဲမှာ ကျွန်မမျက်နှာလေးက ကွက်ပြီး ကျန်ခဲ့ရှာတာ. . .

ဒါကြောင့် မာမားက ပြောတာ. . ငါ့သမီးလေး သနားပါတယ်တဲ့. . သူ့ခမျာ မျက်နှာကလေးပဲ ကွက်ပြီး အသက်ကြီးနေတာတဲ့လေ. . မာမားနဲ့အတူလမ်းထွက်ရင် လူတွေက မာမားကိုမေးတာက ဒါ နင့်ညီမလား. . တဲ့။

အစ်မနဲ့သွားရင်တော့ သူတို့က အစ်မကို ကျွန်မ ညီမလားလို့ မေးကြတယ်။

ကျွန်မရဲ့မျက်နှာကလေး နည်းနည်း ရင့်နေလို့ စိတ်ကသိကအောင့် ဖြစ်ရတာကလွဲရင် ကျွန်မဘဝလေးက နေရတာ အဆင်ပြေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနာမည်ကို ပြောပြဦးမယ် 'သမုဒယကျင်ပိုး'. . . တဲ့။ ပါပါးနာမည်က ဦးကျင်ပိုး ဆိုတော့လေ. . သမုဒယ ဆိုတဲ့ နာမည်လေးက ဘယ်လောက်လှလဲနော် နုနုရွရွကလေး။ အနောက်က ကျင်ပိုးဆိုတာကြီးက ဖျက်နေတာ(ငရဲကြီးဦးမယ်)။

မာမားတို့များ နာမည်ပေးတာတောင် ကုမ္ပဏီမှားမှာစိုးလို့ တံဆိပ်က နှိပ်ရသေး. . .

ကျွန်မတို့က တရုတ်စစ်စစ်တွေပေါ့။ အဘိုးက တရုတ်ပြည်ကနေ သင်္ဘောစီးပြီးလာတာဆိုတော့ သင်္ဘောတရုတ်. . တဲ့။ တချို့ကျတော့ လားစီးပြီးလာတဲ့အတွက် လားတရုတ် ဆိုပြီး ကွဲသွားတယ်ဆိုပဲ။

ကျွန်မမှာ အစ်ကိုနှစ်ယောက်၊ အစ်မ တစ်ယောက်ရှိတယ်။

အစ်ကိုကြီးက တနင်္ဂနွေသားဆိုတော့ အောင်အောင်ကျင်ပိုး. . တဲ့။

အစ်ကိုလတ်က ကြာသပတေးသားဆိုတော့ မောင်မောင်ကျင်ပိုး. . တဲ့။

အစ်မနာမည်က သင်းသင်းကျင်ပိုး၊ သူက သောကြာသမီး။

ကဲ. . တွေ့လား. . တရုတ်ပေမယ့်လို့ မာမားတို့က နာမည်တစ်လုံးကို ဘယ်တော့မှ လွယ်လွယ်မပေးဘူး။ ဒါတောင်မှ နေ့သင့်





နံသင့် ပေးတာကို သိပ်နားမလည်လို့. . . အားလုံးထဲမှာ ကျွန်မက အငယ်ဆုံး၊ နာမည်လည်း အလှဆုံး၊ ရုပ်လည်း ကျွန်မအရင့်ဆုံးပဲတဲ့။ အိမ်မှာ အငယ်ဆုံးက အကြီးဆုံးဖြစ်နေတာ. . .

ဒါပေမယ့် ကျွန်မက သွက်တော့ ပါပါးက ကျွန်မကို အားအကိုးဆုံးပဲ။ အကြီးသုံးယောက်ကို ကျော်ပြီးတော့လေ။ အိမ်မှာဆို ကျွန်မက ငွေကိုင်ပေါ့။ ပါပါးရဲ့ပွဲရုံက စာရင်းတွေဆို ကျွန်မပဲ လုပ်ရတာ။

တွမ်ကိုး(အစ်ကိုကြီး)နဲ့ ဒီကိုး(အစ်ကိုလတ်)က ကျွန်မနဲ့မျက်နှာကြော သိပ်မတည့်ဘူး။ အကြီးပီပီ ပါဝါက နေရာတကာထုတ်ပြချင်နေကြတာ။

ကျယ်ကျဲ(အစ်မ)တစ်ယောက်ပဲ ကျွန်မနဲ့ သူငယ်ချင်းလိုပေါင်းတာ. . . ခု သူက ပါပါးကောင်းမှုနဲ့ ယောက်ျားရသွားပြီ။ ကိုယ်ဝန်တောင် နေ့စေ့လစေ့နဲ့ နေ့လား ညလားပဲ မွေးခါနီးနေပြီ။

ကျယ်ကျဲက မျက်နှာကလေး သိပ်ချစ်ဖို့ကောင်းတာ။ ခန္ဓာကိုယ်ကျတော့ ပုပုလုံးလုံးကလေးနဲ့ ဘောလုံးကလေးလိုပဲ။

ဆိုလိုတာက My bodyလောက် မလှဘူးလို့ ပြောချင်တာ. . .

ကျယ်ကျဲက မွေးလာမယ့် ကလေးက. . ကျင်ပိုးFamily



www.burmeseclassic.com

www.burmeseclassic.com



အတွက် second generation ဆိုတော့ အားလုံးက ဝမ်းသာအားရနဲ့ကို စောင့်နေကြတာ။

Ultrasound ကြိုရိုက်မထားတော့ အထီးလေးလား၊ အမလေးလား မသိပေမယ့်. . . ကလေးအမေက ကြောက်တဲ့နေရာမှာ Special one ပဲ။

မွေးခါနီးလေ ကြောက်လေ။

သူ့ပုံစံကလေ. . ဖြစ်နိုင်ရင် ကလေးကို ဗိုက်ထဲမှာပဲ သိမ်းထားမယ့် ဒီဇိုင်း။

* * *



ကျင်ပိုးမိသားစုဝင် အားလုံး မရှိတဲ့အလုပ်ကို ရှုပ်အောင် လုပ်နေကြသည်။ အားလုံးထဲမှာ သမုဒယကျင်ပိုးက အဆိုးဆုံး. . . သူ့အစ်မတောင် သူ့လောက် စိတ်လှုပ်ရှားမှာ မဟုတ်။ အခု သူ့မှာ ယောက်ယက်တွေ ခတ်ပြီး management လုပ်နေရတာ ဖတ်ဖတ်ကို မောနေပြီ။

'နော်ထူးရေ. . ဆေးရုံတက်ရင် ယူမယ့်ပစ္စည်းတွေ အဆင်သင့်ဖြစ်ပြီလား. . ကလေးနို့ဘူးတွေ၊ ခတ်ဘူးတွေ မမေ့နဲ့ဦး'

'အားလုံးစုံပါပြီ မမယယ'

သမုဒယကို ချစ်စနိုးလေးနဲ့ တစ်အိမ်လုံးက အဖျားဆွတ်ပြီး ခေါ်ကြတာက 'ယယ'တဲ့။

'ကျယ်ကျဲရေ. . ဗိုက်နာပြီလားဟင်၊ မနာသေးဘူးလား. .



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်နာတော့လေ. . ယယ ဗေဒင်မေးထားတာ ဒီနေ့မှာ မွေးရင် ကောင်းမယ်တဲ့'

နဂိုကမှ မအီမသာဖြစ်ပြီး သူ့ဟာသူ ဗိုက်နာမှန်းမသိ၊ မနာမှန်းမသိ ဖြစ်နေသော သင်းသင်းမှာ အမြင်ကတ်ကတ်ဖြင့် သမုဒယကို ဘုတောတော့သည်။

'ဒီနေ့မွေးရင် ကောင်းတယ်ဆို ငါတော့ ဗိုက်မနာသေးဘူး၊ နင်ပဲ ဆေးရုံတက်မွေးလိုက်တော့'

'ဟမ်. . .'

အလကား အစ်မ. . . ဒီက စေတနာနဲ့လည်း ပြောရသေးတယ်။ ကိုယ့်ညီမ အပျိုကလေးကိုများ ပိုးစိုးပက်စက် ကလေးတက်မွေးခိုင်းရတယ်လို့။

မာမားကတော့ ကျယ်ကျဲကို မျက်လုံး ဒေါက်ထောက်ပြီး ကြည့်နေသည်။ ပြဿနာက ဒီမနက်မှ စ,တာ။

အိပ်ရာက နိုးလာတဲ့ ကျယ်ကျဲက မာမားကို

'မာမားရေ. . သင်းသင်းတော့ ကလေးမွေးခါနီးမှ သူငယ်ပြန်ပြီး ရှုရှုးတွေ ထွက်ကျနေလို့'

ဆိုပြီး သူ့ထဘီမှာ စိုနေတာတွေပြပြီး ပြောတော့ မာမားက သူ့ရင်ဘတ်သူ လက်နဲ့ဖိပြီး





'ဟဲ့. . အဲ့ဒါ ရေမြွာပေါက်သွားတာ. . ဆေးရုံမြန်မြန်တက်မှ ဖြစ်မယ်. . သင်းသင်း နင် ရေသွားချိုးတော့. . ယယရေ. . နင့်အစ်ကိုတွေ သွားနှိုးတော့. . . ပြီးရင် ဆေးရုံသွားကြမယ်လို့. . မြန်မြန်လုပ်ကြနော်'

မာမားက Non stop ဆော်ဩသွားချိန်တွင် သင်းသင်း၏ ယောကျ်ားကိုအားရှန်းက ကော်ဖီသောက်ဖို့ ဝင်လာလေသည်။

သမက်ဆို ဦးချိုးထားသော မာမားက

'နင့်မိန်းမကို ခေါ်သွားပြီး အဆင်သင့်လုပ်ပေးလိုက်'

ဟု တစ်ချက်လွှတ် အမိန့်ထုတ်လိုက်တာနှင့် အားရှန်းက ကော်ဖီခွက်ကလေး အသာချကာ သူ့မိန်းမ သူခေါ်ပြီး ထွက်သွားပါသည်။

'ကလေး မွေးတာများ ပေါ့ပျက်ပျက် လုပ်နေကြတယ်. . ကြောက်ရမှန်းမသိ၊ လန့်ရမှန်းမသိ၊ ဘယ်လိုဟာတွေမှန်းကို မသိဘူး'

ဗျစ်တောက် ဗျစ်တောက် ပွစိ ပွစိ ဆူညံပွက်လောရိုက်ပြီး သကာလ ကျင်ပိုးမိသားစုဝင်တွေ SSC Women Centre သို့ တစ်ပြုံတစ်မကြီး ချီတက်သွားကြပါသည်။

သင်းသင်း ဗိုက်အပ်ထားသော OGဆရာဝန်မကြီးက ချက်ချင်းဆိုသလို ရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက သင်းသင်းကို စမ်းသပ်စစ်ဆေးပြီး

'သားအိမ်မပွင့်ဘဲ ရေမြွှာက ပေါက်သွားပြီဆိုတော့ ခွဲမှရမယ်. . လူနာရှင် ဘယ်မှာလဲ. . သဘောတူရင် တူကြောင်း လက်မှတ်ထိုးပေးပါ'

လို့ဆိုတော့ သင်းသင်းက အကြောက်အကန် အသည်းအသန်ငြင်းဆန်လေသည်။

'ဟင့်အင်း. . မခွဲချင်ဘူး. . ရိုးရိုးပဲ မွေးမယ်'

တွမ်ကိုးက သူ့ညီမကို ဘယ်လိုဖျောင်းဖျသလဲ သိလား။

'သင်းသင်းရယ်. . နင့်ကို ဆရာမက အောက်လမ်းနဲ့မဖြစ်လို့ အပေါ်လမ်းက ထုတ်ခိုင်းတာပေါ့. . နင် ဘာမှတွေးမနေနဲ့. . အဆင်ပြေသလိုသာ လုပ်လိုက်တော့'

ဆရာဝန်မကြီးက အေးဆေးပြီး. . . သာယာနာပျော်ဖွယ်ကောင်းသောအသံဖြင့်

'သမီးရယ်. . အထဲမှာ ကလေးလေး ရေမွန်းနေမှာပေါ့. . သူ့အတွက် စိုးရိမ်လို့ အန်တီက ပြောနေတာ. . မလိုအပ်ဘဲနဲ့ မခွဲပါဘူးကွယ်'

နောက်ဆုံးတော့ သင်းသင်းခမျာ ပိုးချဲလေးစီးပြီး Operation Theatre ထဲကို ရောက်သွားပါသည်။





ပြဿနာက အဲဒီမှာ စ,တာ. . ကြားဖူးနားဝစကားတွေဆို အကုန်ခေါင်းထဲသွင်းထားသောသင်းသင်းက ထုံဆေးလည်း စ, ထိုးရော. .

'သမီး မထုံသေးဘူးနော်၊ သမီးကို မခွဲနဲ့ဦးနော်. . အခုထိ မထုံသေးဘူးနော်'

အဲဒီစကားကိုပဲ ထပ်ခါတလဲလဲ ရွတ်နေတော့တာ။ ဘာလို့ဆို သူ့သူငယ်ချင်းတစ်ယောက်က မထုံသေးဘဲနဲ့ အခွဲခံလိုက်ရလို့တဲ့. . အဲဒါပဲ သူ့ခေါင်းထဲမှာ စွဲနေတော့တာ။ ဆရာဝန်တွေ၊ nurse တွေကလည်း ပြုံးစိစိဖြစ်ကုန်ကြပြီ။

'အေးပါ သမီးရယ်. . မထုံသေးတာ အန်တီတို့ သိပါတယ် မခွဲသေးဘူးနော်'

သင်းသင်းက 'မထုံသေးဘူး'ဆိုတာကိုပဲ ဘုရားစာရွတ်သလို ရွတ်နေတော့တာ။ သူ့ကို ဘာလုပ်လို့ လုပ်နေမှန်းလည်း မသိ။ ဘယ်သိမလဲ. . ကြည့်လို့မရအောင် အုပ်ထားတာကိုး. . ဒီလိုနှင့်ပဲ နာရီဝက်အတွင်းမှာ ကလေးငိုသံ အာပြကြီးကို စပြီး ကြားရတော့သည်။ ဘယ်က ဘယ်လိုထွက်လာတဲ့ ကလေးမှန်း မသိပါဘူး။

သူ့ အသံပြတာကြီးက စိုင်းစိုင်းတို့၊ ရဲလေးတို့ထက်ကိုသာတာ. . OG ဆရာဝန်မကြီးက သင်းသင်းကို ဘာမေးတယ်ထင်လဲ။



www.burmeseclassic.com

www.burmeseclassic.com

## မူပိုင်နှင်းဆီ - ၁၈

'ဘယ်လိုလဲ သမီး. . ခုတော့ ထုံသွားပြီ မဟုတ်လား. . . ကလေးတောင် အပြင်ရောက်လာပြီ. . သူ့မှာ မထုံသေးဘူးဘဲ ဖွတ်အော်နေတာ'

သင်းသင်းတို့မှား ကလေး မွေးတာ ရာဇဝင်မှာ စာတင်လောက်တယ်။ ထွက်လာတဲ့ကလေးကလည်း သူ့အမေကိုကျော်ပြီး ဦးလေးတွေနဲ့ တူသလိုလို သမုဒယကျင်ပိုးနဲ့တူသလိုလို။

ယယရဲ့မာမားက ဘာပြောသလဲဆိုတော့

'အမယ်လေး. . ငါ့မြေးလေးတော့ သေချာပေါက် ရုပ်ဆိုးပါပြီတော်. . ဘယ့်နှယ် ငါ့သမီးအကြီးနဲ့မတူဘဲ သူ့အဒေါ်နဲ့သွားတူရတယ်လို့'

ပြောလိုက်ရင် လူကို မှိုချိုးမှျစ်ချိုးနဲ့. . တကယ်ပါပဲ ဒီမလှတဲ့ မျက်နှာကိုပဲ အပြစ်ပြောချင်နေကြတာ. . လှတ,ပတ ကိုယ်လုံးလေးကျတော့ ဘယ်တစ်ယောက်မှချီးကျူးဖော်မရဘူး။

သူတို့ဟာသူတို့ ဘာပဲပြောပြော သမုဒယက သူ့တူလေး မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ရှုမဝကိုဖြစ်လို့။ ကလေးက ကြည့်လေကြည့်လေ သူနဲ့တူပြီး ချောချောလာလေပင်။

* * *



ဆေးရုံသွားဖို့ ထမင်းချိုင့် စီစဉ်နေသော ယယအနားသို့ ဦးကျင်ပိုး ရောက်လာပြီး

'သမီး ဒီနေ့ သင်းသင်းကို ငွေဆယ်သိန်းထုတ်ပေးလိုက်ဦး'

'ဘာအတွက်လဲ ပါပါးရဲ့'

'ဒီကလေးက ပါပါးတို့အတွက် မြေးဦးလေး မဟုတ်လား၊ ကလေးမွေးတဲ့စရိတ်တွေအားလုံး ပါပါးက ပေးမှာ'

'ပါပါးကလဲ. . ကျွယ်ကျဲမှာ ယောက်ျားရှိသားပဲဥစ္စာ၊ သူ့မိန်းမ မီးဖွားစရိတ်တော့ သူပေးရမှာပေါ့'

ယယက ဗျစ်တောက်ဗျစ်တောက်လုပ်ပြီ။

ဒီအိမ်မှာ သူက ငွေကိုင်ဆိုပေမယ့် သူ့စာရင်းမှာ အနှုတ်တွေ တိုးလာမှာကို သေမလောက်ကြောက်သူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ယယ. . . ပါပါးက ပေးဆို ပေးလိုက်၊ ဘာမှ အထွန့်တက် မနေနဲ့'

'ပြီးရော ပြီးရော. . ဆယ်သိန်းဆို ရွှေနှစ်ကျပ်သားလောက် ရှိနေတဲ့ဥစ္စာ'

ဦးကျင်ပိုးက သူ့သမီးငယ်ကို စ,ချင်လာသည်။

'ယယ ကလေးမွေးရင်လည်း ပါပါးက ပေးမှာပါ ယောက်ျား မြန်မြန်ရအောင် လုပ်လေ'

'ပါပါးနော်. . ကျယ်ကျဲတုန်းကလည်း သူ့အစွမ်းအစနဲ့ ရ တာမှမဟုတ်တာ၊ ပါပါးရှာပေးတာလေ'

သူ့ဘက်ကို မြားဦးလှည့်လာပြီမို့ ဦးကျင်ပိုးက အသာက လေး လစ်ထွက်သွားပါသည်။

သမီးကြီးတုန်းက ရုပ်ကလေး လှလို့ ရောင်းပန်းလှပေမယ့် အငယ်မကျတော့ ဓာတ်ပုံပြပြီး သွားစပ်မိရင် ပွဲပျက်ပြီ။

ဘာလို့ဆို သူ့မျက်နှာကလေးပဲ မြင်ပြီး အသက်လေးဆယ် လောက် ထင်သွားနိုင်သည်။

ကိုယ်လုံးကလေးကတော့ လှပါရဲ့. . . မျက်နှာ မရိုက်ပြဘဲ ဓာတ်ပုံထဲမှာ ကိုယ်လုံးပဲ ရိုက်ပြနိုင်ရင်တော့ ရှိရင်းစွဲအသက်နှင့် မျှ တပါသည်။





' ယယအသက်က အခုမှ နှစ်ဆယ်ပဲ ရှိသေးတာ. .

နှစ်ဆယ်ရှိတဲ့ ရုပ်က လေးဆယ်လို့ထင်ရတယ်ဆိုရင်လည်း ဒါဟာ ဘုရားပေးတဲ့ ဆုပဲပေါ့. . ခုခေတ်မှာက ဘယ်နေရာအစိတ် အပိုင်းဖြစ်ဖြစ် ပြုပြင်ပြောင်းလဲလို့ ရနေပြီပဲ. . ဘာအားငယ်စရာရှိ လို့လဲ။

■



www.burmeseclassic.com

www.burmeseclassic.com

## "လမင်း FAMily"

လမင်းသူရဆိုတဲ့ ကျွန်တော်က အဖေအမေဆီက မလှတာတွေပယ်ပြီး လှတာတွေချည်း စုပြုံပြီး အမွေရထားတော့ ယောက်ျားတန်မဲ့ မျက်နှာလေးက ချောမွတ်နေတာပေါ့။

ဘယ်နေရာပဲရောက်ရောက် ဒီမျက်နှာကလေးကို အရင်းပြုပြီး လူချစ်လူခင်ပေါခဲ့တာချည်းပဲ။

အသားအရေကအစ ဝင်းဖန့်ပြီး ခေါင်းအစ ခြေအဆုံးကို ကျက်သရေရှိနေတာ. . .

နေတာထိုင်တာကလည်း Neat & Tidyဆိုတော့ ကောင်





မလေးတွေက ကျွန်တော့်ကိုတွေ့ရင် အချင်းချင်းလက်တို့နေကြတာ ကျွန်တော် သိသားပဲ။

ကျွန်တော်တို့အိမ်မှာတော့ အမေက အခရာပဲ။

ဘယ်နေရာမဆို သူ့သဘောကျဖြစ်မှကျေနပ်တာ။

ပြောင်းလို့ ရရင် အိမ်ထောင်ဦးစီးနေရာမှာ ဦးသူရအစား သူ့နာမည်ဒေါ်လမင်းကို ပြောင်း ချင်နေတာ. . .

ကြုံတုန်း တစ်ခုပြောရဦးမယ်. . .ကျွန်တော် ငယ်ငယ်က နာမည်ပေးတော့ အဖေနဲ့အမေ ထသတ်ရောတဲ့. . သူ့နာမည် ရှေ့မှာ ထားမယ်၊ ငါ့နာမည် ရှေ့မှာထားမယ်လုပ်ရင်း အမေက စိတ်တွေ ဆိုးပြီး အဖေ့ကို ခုနစ်ရက်လောက် စကားမပြောတော့ဘူးတဲ့. .

နောက်ဆုံး အဖေကပဲ အလျှော့ပေးလိုက်ရတယ်ဆိုပဲ. . . ဘာတဲ့. . အဖေပြောတာက Lady First ဆိုလား။ ဒါကြောင့်. . ကျွန်တော်လည်း သူရလမင်း မဖြစ်ဘဲ လမင်း သူရ ဖြစ်သွားတာပါပဲ။

မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာက မွေးလာတော့ ဘုရားရှင်ဟောတော်မူတဲ့အတိုင်း ကျွန်တော် လိုက်နာတယ်။ ကံငါးပါးကို လုံအောင် ထိန်းတယ်၊ မူလတန်းမတက်ခင်ကတည်းက ဘုရားစာတွေ အကုန်ရနေပြီ။ ဥပုသ်နေ့တိုင်း သီလယူဖို့ ဘုန်းကြီးကျောင်းကို လိုက်ခဲ့တာ ဒီနေ့ ဒီချိန်အထိပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရပြီးတော့ ကိုယ်ပိုင်စီးပွားရေးပဲ လုပ်ချင်တဲ့ ကျွန်တော်က အိမ်မှာ ဝိုင်းကျူရှင်ဖွင့်ပြီး အတန်းစုံ(မူလတန်းက အထက်တန်းအထိ) သင်ပေးနေတာ။ ကိုယ်တိုင်ဦးစီးပြီး ဆရာတွေ ဆရာမတွေ အင်အားတောင့်တင်းအောင် ထပ်ဖြည့်ထားတော့ ကျွန်တော့်ကျူရှင်က နာမည်ထွက်ပြီး လူတွေ ကျိတ်ကျိတ်တိုးနေတော့တာပေါ့။

ကြွားတာ မဟုတ်ဘူးနော်. . . မဆိုစလောက်လေး ပိုပြောတာ။

မ,တစ်ထောင်သားတွေ ထိန်းရတာ တကယ်တော့ မလွယ်ဘူးဗျ။ မိန်းကလေးတပည့်တွေကျတော့ ကျွန်တော့်အမေဒေါ်လမင်းက သေသေချာချာကို ကြပ်မတ်ပြီး နှိပ်ကွပ်ထားတာ။

ခက်တာက အမေ့အားနည်းချက်ပေါ့။ တစ်နေ့တစ်နေ့ သူ့မှာ မေ့တတ်လွန်းတာက တစ်ဒုက္ခ။

အိမ်နောက်ဖေးဝင်ရင် အိမ်ရှေ့က ကိစ္စတွေ မေ့ပြီ။ အမေမမေ့တာဆိုလို့ သူ့ယောက်ျား ဦးသူရတစ်ယောက်ပဲ ရှိတာ. . . အဲဒါတော့ လုံးဝကို မမေ့ဘူးဆရာ. . 'ကိုကို''ကိုကို'နဲ့ တစ်ကိုတည်း ကိုနေတာ။

အဖေကလည်းလေ သူ့မိန်းမဆို ပြားပြားကိုဝပ်လို့။ ကိုကိုရေ. . ဆိုတာနဲ့ ပျာနေပြီ။





အဲဒါကြောင့်. . အဲလိုအထာတွေကြောင့်. . မိန်းမဆို စိတ်ကုန်ပြီး လှည့်ကို မကြည့်တာ ဒီနေ့အထိပဲ။

ကျွန်တော်က တစ်ဦးတည်းသောသားဆိုတော့ အမေတို့က မျိုးဆက်ပြတ်မှာ သိပ်ကြောက်တာပေါ့။

မိန်းကလေးချောချော တွေ့ရင် သားဖြစ်သူက ဘာမှ မဖြစ်ပေမယ့် အမေက လှုပ်လှုပ်ရှားရှားတွေဖြစ်လာပြီး ဘယ်ကလဲ၊ ဘယ်သူ့သမီးလဲနဲ့ စုံစမ်းရေးက အရင်စ,လေသည်။

ခုလည်း ကြည့်လေ. . ကလေးတွေရဲ့ Home Work စာအုပ်တွေ အမှတ်ခြစ်ပေးနေတဲ့ ကျွန်တော့်အနားမှာ အမေ ရစ်သီရစ်သီလုပ်နေပြီ။

'အမေ. . ဘာပြောမလို့လဲ'

ကျွန်တော်က စကားကြောင်းပေးလိုက်တော့. . . အမေကမျက်နှာချိုလေးသွေးပြီး

'သားရယ်. . အမေလေ ဒီနေ့ မြို့ထဲမှာ ခိုင်ရွှေဝါနဲ့တွေ့ခဲ့တယ် သိလား. . ဩော်. . နေဦး၊ ဟဲ့. . အခုနက ပြောတာလေ. . အမေ့သူငယ်ချင်းဟာလေ. . ဘယ်သူ. . .'

အမေတို့က စ,ဖောက်ပြီ။ တက္ကသိုလ်မှာ လေးနှစ် လေးမိုးတွဲလာတဲ့ သူငယ်ချင်းရဲ့ နာမည်ကို မေ့ပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်. . ခိုင်ရွှေဝါဆို. . အမေပဲ ပြောပြီးတော့'

'ခိုင်ရွှေဝါများ. . ငါသိပါတယ်ဟဲ့'

ဟောကြည့် သူ့ကိုထောက်ပေးပြန်တော့လည်းမကြိုက်ဘူး။

'ငါ. . ဘာပြောမလို့ပါလိမ့်'

အမေရယ်လေ. . သူ့ခေါင်းသူ တဗျင်းဗျင်းကုတ်ရင်း

'သိပြီ. . သိပြီ. . မင်းကို ခိုင်ရွှေဝါနဲ့ပေးစားမလို့လေ'

'ဗျာ. . အမေ. .'

'ဘာလဲ. . ကလူ. . ကလူ. . လိပ်ပြာကလေး ပြန်လာ. . ပြန်လာ'

သူ့ရင်ဘတ် သူဖိပြီး လိပ်ပြာပြန်ခေါ်နေသောအမေက

'အမေ့မှာ နှလုံးရောဂါရှိတာ သိသားနဲ့ သားရယ်. . . ဒီလို အထိတ်တလန့်အော်စရာလား'

'သိတယ်. . သိတယ်၊ အမေ့မှာ မွေးကတည်းက အပေါက်ပါလာတာလည်း သိတယ်'

'အေးပေါ့. . ငယ်ငယ်ကတည်းက အပေါက်ကလေးနဲ့. . ဟဲ့. . ဘာတုန်း၊ နင်ပြောတာနဲ့ ငါပါ ယောင်ကုန်ပြီ'

'နှလုံးလေ. . နှလုံးမှာ အပေါက်ပါတာကို ပြောတာ'

'ဒီလိုလုပ်ပါဟဲ့'





'အမေနော်. . အမေ့သူငယ်ချင်း ပင်စင်Age(အသက်၆၀) ကြီးကို ကျွန်တော်နဲ့ပေးစားမလို့ ဟုတ်လား. . မကြုံကောင်းမစည် ရာဗျာ၊ ကိုယ့်သားနုနုထွတ်ထွတ်ကလေးကို မနှမြောဘူးလား'

အမေက ချက်ချင်းမတ်တတ် ထပြင်းတော့တာ။

'မဟုတ်ဘူး သား. . မဟုတ်ဘူး၊ အမေ မေ့သွားလို့၊ သူ့သမီး နဲ့ပေးစားမလို့၊ ခိုင်ရွှေဝါ့သမီးလို့ပြောရမှာ မေ့လို့. . မေ့လို့၊ စိတ်ဆိုး သွားလားဟင် သား. . အမယ်လေး ဒီဟာမကြီးကလေ ခုထက်ထိ လှတုန်း၊ သန့်တုန်း၊ မာတုန်းတော့. . ဧကောင်းစားနေလိုက်တာများ စီးလာတဲ့ကားတင် ငါးရာအထက်မှာရှိတယ်တဲ့. . စိတ်ကူးတော့ မလွဲ နဲ့သားရေ. . သမီးလိုချင် အမေကြည့်ရတယ်တဲ့'

'နေပါဦး. . အမေနဲ့သူတောင် ခုမှတွေ့ကြတာ၊ သူ့သမီးကို အမေ မြင်ဖူးလို့လား'

'ဟင့်အင်း. . မမြင်ဖူးပါဘူး. . ဒါပေမယ့် လှမှာပါဟယ်. . ငါက ချွေးမဆို ချောချောလေးပဲ လိုချင်တာ၊ မျက်နှာကလေး ကွက် ပြီး လှနေရင် တော်ပြီ၊ တချို့ဆို ကိုယ်လုံးက သေအောင်လှတာ. . ရုပ်ကြည့်တော့ ထမင်းစားပျက်မယ့်ရုပ်မျိုး၊ ငှါသားရယ်. . အဲဒီလို မိန်းမမျိုးတော့ မှားပြီး မရွေးခဲ့နဲ့နော်၊ အမေ့မှာ နှလုံးရောဂါ ရှိတာ သိတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'နှလုံးရောဂါနဲ့ ကိုင်ပေါက်ပြန်ပြီ. . အမေ ဘယ်ဇာတ်ကားတွေ ကြည့်ထားလို့လဲ. . ပြောလေ. . ဘယ်ကားထဲက ဒိုင်ယာလော့တွေ လာထည့်နေတာလဲ'

'သားနော်. . အမေ စကားကောင်း ပြောနေတာ. . သားအတွေးမမှားနဲ့၊ လူဆိုတာ လမ်းကြောင်းလေး တစ်ချက်တည့်သွားတာနဲ့ဖြောင့်သွားရော၊ ခိုင်ရွှေဝါကို ရအောင်ယူ၊ ကိုယ့်သားမို့လို့ စေတနာနဲ့ စကားကောင်းပြောနေတာ'

'တော်ပြီ အမေ. . သား အပြင်သွားတော့မယ်၊ ဘယ့်နှယ်. . တစ်ချိန်လုံး ခိုင်ရွှေဝါနဲ့ပဲ ပေးစားနေတယ်၊ ဒါတောင်မှ စကားကောင်းပြောလို့ပဲ'

စာအုပ်ကိုပိတ်ပြီး ဆက်ထိုင်နေလို့ မဖြစ်မယ့်အတူတူ လမ်းထိပ်က 'Girl Aloud'လက်ဖက်ရည်ဆိုင်ကို ထွက်ခဲ့ပါသည်။

'Girl Aloud'ဆိုလို့ ချယ်ရီကိုးတို့လို လန်းလန်းဆန်းဆန်းကောင်မလေးတွေ ဖွင့်ထားတယ်လို့များ ယောင်လို့တောင် မထင်လေနဲ့. . . မလန်းမဆန်းနဲ့ ကုလားညီနောင်နှစ်ယောက်က ဖွင့်ထားတာ။

စီးပွားရေးလာဘ်မြင်ချက်က ဆိုင်ကိုတရုတ်လာရင် တရုတ်လိုပြောတယ်။





မယုံမရှိနဲ့. . ကျွန်တော့်ရှေ့တင် ပြောနေကြတာ။

ထိပ်ပြောင်ပြောင်၊ အသက်ငါးဆယ်ကျော်အရွယ် တရုတ်ကြီးတစ်ယောက်ဝင်လာတော့ ကုလားအငယ်ကောင်က ဘာပြောတယ် ထင်လဲ. . .

'ဟိုင်း. . နီဟောင်မား(နေကောင်းလား)၊

နီစွဲလာဖန်းမား(ထမင်းစားပြီးပြီလား)'

အငယ်ကောင် ဘာပြောမှန်း ကျွန်တော်မသိပါဘူး။ နောက်မှ မေးကြည့်လို့ သိရတာ။ အာဝဇ္ဇန်းရွှင်ရွှင်နဲ့ တွေ့သမျှလူကို ဆွေမျိုးလိုက်တော်နေတော့ သူ့ဆိုင်မှလူမတိုးရင် ဘယ်သူ့ဆိုင် တိုးတော့မလဲ။

ကျွန်တော် သူတို့ဆိုင်ထဲ လှမ်းဝင်လိုက်တာနဲ့ အကြီးကောင်(အမီးကင်မ်)က သူ့ညီကို လှမ်းအော်ပါသည်။

'ဟော့ကောင် ရှာရွှတ်ခန်. . ဟိုမှာ ငါတို့အားကို လာတယ်၊ ဂိတ်ဆုံး ချပေးဦး'

သူတို့ဟာသူတို့ ပေးထားတဲ့ နာမည်လား၊ လာသောက်တဲ့ လူတွေက ပေးသွားတာလားတော့ မသိဘူး။

တစ်ယောက်က ရှာရွှတ်ခန်. . တဲ့။

တစ်ယောက်က အမီးကင်မ်. . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘောလီးဝုဒ်က မင်းသားနာမည်တွေနဲ့ လက်ဖက်ရည်ဆိုင်ဖွင့်ပြီး ကောင်းစားနေလိုက်တာ။

'အားကို ဆရာရေ. . ဂိတ်ဆုံးရပြီ'

ရှာရွတ်ခန်က ကျွန်တော့်နံဘေးမှာ ဝင်ထိုင်သည်။

'အားကိုဆရာတို့ကျူရှင်က နာမည်အရမ်းကြီးနေပြီနော်. . အဲဒီမှာလာတက်တဲ့ ကောင်မလေးတွေက အမိုက်စားတွေဆို ဟုတ်လား အားကို'

ကျွန်တော့်ဆံပင်မွေးတွေ ထောင်ကုန်ပါပြီ။ တပည့်မတွေတော့ လာမထိနဲ့. . အကြောင်းသိသွားမယ်. . ဘာမှတ်သလဲ. . စာအသင်အပြကောင်းတာကျတော့ နာမည်မထွက်ဘဲနဲ့. .

'နေဦး. . မင်းကို ဘယ်သူပြောလဲ'

'ကောင်ကလေးတွေ ပြောတာပဲ. . သူတို့နော် ကုလားကို အမျိုးစုံပြောပြတယ်၊ ဟိုကောင်မလေးလေ. . ဆံပင်ရှည်ရှည်လေး၊ သူ့နာမည် ဘယ်သူ. . ကုလား မေ့နေလို့၊ ဒေလီယာ. . ဒေလီယာလေ၊ သူ့ကိုနော် ကောင်ကလေးတွေ လာ, လာကြည့်ကြတယ်. . သီချင်းတောင် ဆိုပြသေးတယ်၊ ဒေလီယာကိုကြည့်တော့ heartထိတယ်၊ သူ့ရဲ့ structure သိပ်မိုက်တယ်၊ စိုင်းစိုင်း ပြောတဲ့ ခင်ကြီးကျယ်၊ ဒေလီယာနဲ့တွေ့ရင် ငိုရမယ်'





ကုလားက စည်းဝါးတကျ စားပွဲကို လက်နဲ့ ခေါက်,ခေါက်ပြီး ဆိုပြနေသည်။

'တော်တော့. . တော်ပါတော့'

'မပြီးသေးဘူးလေ အားကိုရဲ့၊ သူတို့ဆက်ဆိုတာ ကျန်သေးတယ်'

'ဘယ်သူတောင်းစားတွေက အားအားယားယား စပ်ပြီး ဆိုသွားမှန်းမသိတဲ့သီချင်းကိုများ မင်းက အလွတ်ကျက်ထားတယ်. . ဟုတ်လား'

'ခံစားတာလေ၊ ကုလားက ဂီတကို အရမ်းရူးသွပ်တာ အားကို သိသားနဲ့၊ ဘာတဲ့. . အားကိုတို့မြန်မာသံစဉ်လေ. . ကုလား သိပ်ကြိုက်တဲ့သီချင်းတစ်ပုဒ် ရှိတယ်၊ ကိုယ်ရယ် မင်းရယ် ပန်းပိတောက်ရယ်. . ဟဲဟဲ. . အဲဒီသီချင်း ကုလား အရမ်းကြိုက်တာ'

ကုလားကြိုက်တဲ့သီချင်းက ကိုယ်ရယ်. . မင်းရယ်. . ပန်းပိတောက်ရယ် တဲ့။

ကျွန်တော်တောင် သူတို့ကုလားသီချင်း ပြောင်းကြိုက်ရမလိုဖြစ်နေပြီ။

ထိုစဉ် ရှာရွတ်ခန်က လူတစ်ယောက်ကို လှမ်း၍နှုတ်ဆက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'လိုက်. . လိုက်(လာပါ. . လာပါ)' နိုတဲ့ ရှောင်မိန်း ပောင် ပုပောင်(နင့်ညီမ နေကောင်းရဲ့လား)'

တရုတ်က မွေးတဲ့ တရုတ်တောင် သူ့လောက်တတ်ရဲ့လား မသိ။

သူနှုတ်ဆက်နေတဲ့သူက ကျွန်တော့်လည်း မြင်ရော

'ဟာ. . ဟော့ကောင် လမင်း. . ကြည့်စမ်း. . ချိန်းထားရင် တောင် လွဲဦးမယ်'

'မင်း. . မင်း. . အောင်အောင်ကျင်ပိုး မဟုတ်လား'

'ဟုတ်တယ်ကွာ. . ဟုတ်တယ်'

သူတို့နှစ်ယောက်ကို တစ်ချိန်လုံး အကဲခတ်နေသော. . ကုလားက

'အားကိုတို့ နှစ်ယောက်က ရေ မရောတဲ့ သူငယ်ချင်းတွေ ကိုး'

'ဒါနဲ့ ခုနက ငါဝင်လာတာ မင်းဘယ်လိုနှုတ်ဆက်လိုက်လဲ ကုလား. . မင်းနော်. . မင်း၊ ငါ့သူငယ်ချင်းရှိလို့ သက်သာသွားတယ် မှတ်၊ နာချင်နေပြီ. . ဟွန်း'

အောင်အောင်ကျင်ပိုးတစ်ယောက် မျက်စိ၊ နား၊ နှာခေါင်း အကုန်နီရဲကာ နှာတင်းနေချေပြီ။





ရှာရွတ်ခန်က တဟဲဟဲဖြင့် အသာကလေး လစ်ထွက်သွား သည်။

'သူ ဘာပြောတာလဲ အောင်အောင်'

'အဲဒီခွေးကောင်က ငါ့ညီမ နေကောင်းလားလို့မေးတာ. . သိပြီလား'

'ဟား. . ဟား. . ဟား'

'ရယ်ပေါ့ . ရယ်နေ၊ မင်းမှာ ညီမမှမရှိဘဲ ဘယ်ခံစားတတ် မလဲ'

'ငါ မှတ်မိပါတယ်ကွာ. . မင်းညီမ ဘဲမလေးကို ပြောတာ မဟုတ်လား၊ အငယ်ဆုံးလေးလေ'

'ငါ့ညီမက အခု ဘဲမလေး မဟုတ်တော့ပါဘူးကွာ၊ အလန်း ဇယားလေးဖြစ်လာပြီကွ. . မင်းမြင်ရင် မှတ်မိမှာတောင် မဟုတ်ဘူး၊ ဒါနဲ့ မင်း အခု ဘာလုပ်နေလဲ လမင်း'

'ငါလား. . ပိုင်းကျူရှင် ဖွင့်ထားတယ်လေ. . ဒီလမ်းထဲတင် ပဲ၊ လမင်းရိပ်မြိမ်က ငါတို့ခြံပဲ. . မင်း အားရင် လာလည်ကွာ'

'အတန်းစုံဖွင့်တာလား'

'အေး'

'အတော်ပဲ၊ ငါ့တူလေး ကျောင်းနေရင် မင်းဆီပဲ ပို့ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် အရမ်းဆိုးတာကွ၊ သူ့တစ်ယောက်တည်းကို လူငါးယောက် ဝိုင်းထိန်းတာတောင် မနိုင်ချင်ဘူး၊ မင်းမှတ်မိလား မသိဘူး၊ ငါ့ညီမ အကြီးလေ. . သင်းသင်းက မွေးတာ'

'ဩော်. . မင်းတောင် တူတွေဘာတွေ ရလို့၊ ငါ့မှာတော့ မတစ်ထောင်သားသမီးတွေပဲ ထိန်းပြီး ချစ်နေရတာ၊ ဒါနဲ့ မင်းတူက အခု ဘယ်အရွယ်ရှိပြီလဲ'

'သုံးနှစ်ရှိပြီလေ. . ပို့လို့ရပြီလား၊ မင်းလက်ခံလိုက်ပါလား ကွ၊ ငါ့တူလေးဆိုတော့ FOCပေါ့'

'သုံးနှစ်ကလေး ထိန်းရအောင် ငါက မူကြို ဖွင့်ထားတာမှ မဟုတ်တာ၊ မင်းပို့ချင် နောက်သုံးနှစ်လောက်နေမှပို့၊ မင်းတို့တစ်အိမ် လုံး မနိုင်ပေမယ့် ငါနိုင်အောင် ကိုင်နိုင်ပါတယ်ကွာ'

'လမင်း. . မင်းကတိ မင်းတည်ပစေနော်၊ ပြီးမှ ကတိမပျက် စေနဲ့၊ နောက်သုံးနှစ်နေရင် လာခဲ့မယ် သိလား. . . ကြည့်ရသေးတာ ပေါ့ လမင်းရာ၊ ဒီကောင်ရောက်လာရင် ဆရာ ပုဆိုးမြဲ မမြဲ ဆိုတာ . . ဟင်း ဟင်း. . .'

သူ့တို့ ဘယ်လောက် ဆိုးသလဲတော့ မသိပါ။

ဦးလေးကတော့ ကျွန်တော့်ကို ကောင်းကောင်း စိန်ခေါ် သွားပါသည်။





နောက်သုံးနှစ် နေရင် သူ့တူကို ကောင်းကောင်း နှိပ်ကွပ်ပြ ဖို့ ကျွန်တော် အားမွေးထားရမှာပေါ့။

* * *

မူပိုင်နှင်းဆီကို Facebook ပေါ်တွင်လည်း
အားပေးနိုင်ပါသည်။
Find "Mu Paing Rose" on Facebook and
become a fan

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

## "ဂွန်စော အားရှန်း"

သင်းသင်းကျင်ပိုးက သူ့သားကို ပေးထားတဲ့နာမည်လေးပါ။

ကိုရီးယားမင်းသား ဂွန်စောကို ကြိုက်လွန်းလို့ ရှေ့တန်းတင်ပြီး အဖေအရင်းခေါက်ခေါက်ဖြစ်တဲ့ သူ့ရဲ့ချစ်လင် အားရှန်းကို နောက်တန်းပို့ပြီးသကာလ 'ဂွန်စောအားရှန်း'ဆိုတဲ့ နာမည်ပေး ကင်ပွန်းတပ်ပွဲကို မုန့်ဟင်းခါးအချိန်တစ်ဆယ်နဲ့ လာသမျှလူကုန် ကျွေးမွေးပြီး ဧည့် ခံခဲ့တာ။

ခုဆို ဂွန်စောက အသက် လေးနှစ်ရှိပြီ။





သုံးနှစ်အရွယ်က စပြီး မူကြို စ,ပို့ခဲ့တာ လေးနှစ်မှာ မူကြို ငါးခု ပြောင်းပြီးနေပြီ။

ဒါတောင်မှ ခုတက်နေတဲ့မူကြိုက လူနည်းနည်းပဲရှိလို့ သူ့ကို မထုတ်သေးတာ. .

သူ့အမေသင်းသင်းကတော့ ခြောက်ခုမြောက် မူကြိုကို ကြိုတင် ဘွတ်ကင် လုပ်ထားပြီးပြီ။ သူ့သားအကြောင်း သူအသိဆုံးလေ. . .

တက်သမျှ မူကြိုတိုင်းမှာ သူများခြင်းတောင်းကို သူ့ခြင်းတောင်းလုပ်ပြီး ရှိသမျှခြင်းထဲက မုန့်တွေ အကုန်ယူ,ယူပြီး စားလို့ ကျန်တဲ့ကလေးတွေ အကုန်ထိုင်ငိုအောင် လုပ်တတ်တဲ့ ဂွန်စော. .

ပါးဖောင်းဖောင်း ဘဲမြီးကလေးနဲ့ ချစ်စရာကောင်းလို့များ လမ်းမှာ သွားနှုတ်မဆက်မိစေနဲ့. . သူက ဂရိလူမျိုးလို ပြန်ပြီး နှုတ်ဆက်လိုက်မှာ(ဖြန်းဆို ပါးကို ရိုက်ပြီးသားပဲ. . လက်က မြန်ချက်). . သားလေးက ချစ်စရာလေးဆို ပြောမိရင် ဖြန်းကနဲပဲ. . သူ့အမေမှာ လူတကာကို လိုက်ပြီးတောင်းပန်နေရတာ. .

ဂွန်စောက သူ့အဘွားဒေါ်ရှို့တီကို မန်းမန်းဟု ခေါ်သည်။

အခုလည်း သူ့အဘွားကို သူနှင့်အတူ ဘောလုံးကန်ဖို့ ခေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မန်းမန်း . . လာပါဆို . . သားသားနဲ့ ဘောကန်မယ်လေ'

ဇွဲ့သည်ရောက်နေလို့ စကားအမျှင်မပြတ်သောဒေါ်ရှို့တီက ချော့မော့ပြီးပြောသည်။

'မန်းမန်း ပြီးရင် လာမယ်နော်. . . သားသား ဂျွန်စောက လိမ္မာတယ်နော်'

ပြီးရော. . ဆိုသည့်သဘောဖြင့် ဂျွန်စောက မျက်စောင်းကို ဒိုင်းကနဲ ပစ်ထိုးကာ လှည့်ထွက်သွားသည်။

သိပ်မကြာပါ။

သူတို့ ထိုင်နေသော ဆိုဖာရှေ့ မှန်စားပွဲပေါ်မှာ အလှထိုးထားသော ပန်းအိုးမှာ ဝုန်း ဒိုင်း ဆိုပြီး ခွမ်းကနဲ မြည်အောင် ကျကွဲကာ အစိတ်စိတ်အမွှာမွှာဖြစ်သွားလေသည်။

ဒေါ်ရှို့တီသူငယ်ချင်း တရုတ်မကြီးမှာ လန့်ဖျပ်ပြီး ယောင်အော်တော့ ဗမာသံ ထွက်၏။

'နင့်မေ. . . 'တဲ့။

'ဟား. . ဟား. . ဟား. . ဂိုးတယ်ကွ. . ဂိုးတယ်၊ သားသား နိုင်ပြီ'

'ဟဲ့. . နော်ထူးရေ. . ဒီမှာ ဂျွန်စော လာခေါ်သွားဦး. . . ပန်းအိုး ကွဲကုန်ပြီ. . မြန်မြန်လာ'





နော်ထူးမှာ အပြေးထွက်လာပြီး ဂျွန်စောကို ကောက်လည်းချီရော နော်ထူးမျက်နှာကို သူ့လက်သည်းနဲ့ဆွဲပြီး ကုတ်ပါလေရော။

'အား. . . သေပါပြီ'

နော်ထူးက ကျရင်သံဝဲဝဲဖြင့် ကုန်းအော်သောအခါ သမုဒယက သူ့အခန်းထဲမှထွက်လာပြီး

'ဘာဖြစ်တာလဲ နော်ထူး'

ဟု လှမ်းမေးသည်။

အမှန်က မေးစရာကို မလိုပ့်။ နော်ထူး၏မျက်နှာပေါ်က လက်သည်းကုတ်ရာ အစင်းကြီး က. . အဖြေပေါ်နေပြီ ဖြစ်သည်။

'ဂျွန်စော ကုတ်တာ မမယယ'

သမုဒယက မျက်နှာကို ဘာမှအရေးမကြီးသယောင်ဒီဇိုင်းပြောင်းလိုက်သည်။

'ဒါများအေ. . ကလေးက လက်ယားလို့ကုတ်တဲ့ဥစ္စာ အော်ကြီးဟစ်ကျယ်လုပ်နေတယ်. . ညည်း ငြိမ်ခံနေလိုက် ပြီးရော'

အဲဒါပဲလေ၊ ဂျွန်စော ကဲတာဆိုးတာပဲအပြစ်ပြောလို့မရပါ။ သူ့နောက်မှာ အားပေးအားမြှောက်ပြုမည့် အဒေါ်တစ်ယောက်လုံး ရှိနေတာကိုး။ ဂျွန်စောက အားကိုးရပြီဆိုတာနှင့် နော်ထူးလက်ထဲမှ သူ့အဒေါ်ဆီပြေးလာပြီး မဟုတ်ကဟုတ်ကတွေ တိုင်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အီအိ(အဒေါ်)ရေ. . သူ သားသားဖင်ကို ဆိတ်တယ်'

'ကြည့်စမ်း. . ကြည့်စမ်း. . နင်က ငါ့တူလေးကို လူမမြင်အောင် ဖင်ဆိတ်တယ်ပေါ့ ဟုတ်လား. . နော်ထူး'

သမုဒယစိတ်တို့ပြီဆိုလျှင် အသံကြီးကပါ ကျယ်ကျယ်လာသည်။

'မဆိတ်ပါဘူး မမယယရယ်၊ သူ လျှောက်ပြောနေတာ'

'အမယ်လေး. . ငါ့တူက မဟုတ်တာ မပြောတတ်ဘူးဟဲ့'

မဟုတ်တာ မပြောတတ်ဘူးတဲ့. . . ကုန်းပဲ တိုက်တတ်တာဟု နော်ထူးက ပြောလိုက်ချင်သည်။ လူမမြင်အောင် ဖင်ဆိတ်သတဲ့လေ. . လူမြင်သူမြင် ဆွဲကုတ်ထားတဲ့မျက်နှာမှ အားမနာ. .

ဒီကလေးမှမဆိုးရင် ဘယ်ကလေး ဆိုးတော့မှာလဲ. . တစ်အိမ်လုံး ဝိုင်းပြီး ဖူးဖူးမှုတ်ထားလို့ လေထိုးစရာမလိုဘဲ ပူဖောင်းလိုလေထဲလွင့်နေတဲ့ ကလေး. .

'လာ. . သားသား. . လာ၊ အီအိ ဆေးလိမ်းပေးမယ်နော်'

လက်သည်းဆိတ် တက်လာလို့ နာနေသောပါးကလေးကိုကိုင်ရင်း နော်ထူးတစ်ယောက်. . ယောင်လည်လည်ဖြင့် ကြောင်ပြီးကြည့်နေတော့သည်။

* * *



ပွဲရုံမှ ပြန်လာသော အောင်အောင်ကျင်ပိုးက သူ့ရဲ့ တူတော်မောင် ဌွန်စောကို နဖူးမှာ အာလူးဘုကြီးထွက်ပြီး ဒူးပြဲ၊ ဒဲပြဲပုံစံနှင့်တွေ့လိုက်ရတော့ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

ဒီအချိန် ဒီအခါကြီးမှာ ဒီလိုပုံစံနှင့် သူ့ရဲ့အဒေါ်သာ တွေ့လို့ကတော့ ဗိုင်းကနဲ လဲပြီး သေသွားနိုင်သည်။

'ဌွန်စော. . ဘာဖြစ်တာလဲ သား. . . ချော်လဲလို့လား. . ပြစမ်း. . နဖူးမှာလည်း ရောင်ကိုင်းနေတာပဲ'

ဌွန်စောတို့က ဒီလောက်တော့ အပျော့။ မျက်နှာပင် တစ်ချက်မပျက်ဘဲ ပြန်ပြောနိုင်သည်။

'သား ချော်လဲတာ မဟုတ်ဘူး၊ ပဲ့ိကောင် တွန်းချတာ'

'ဘယ်ကောင်လဲ၊ ကူကူ့ကို ပြောစမ်း'



www.burmeseclassic.com

www.burmeseclassic.com



'ကူကူ(ဦးလေး)က ဘာလုပ်မလို့လဲ'

'ဟ. . ငါ့တူလေးကို လုပ်တာ၊ ငါက ခံနေရမှာလား. . သွား ပြန်ချမှာပေါ့'

'ကြည့်လဲ လုပ်နော်. . ကူကူ နိုင်မှာ မဟုတ်ဘူး၊ သား. . သိတယ်'

'ဒိုင်ချွတ်ကလေးများ ဘာလို့ မနိုင်ရမှာလဲ'

'ကူကူ ဘာသိလို့လဲ၊ သူ့ဦးလေးက ကူကူ့ထက် အများကြီး ပိုဝ,တယ်'

'ဟင်. . ဟုတ်လား၊ သားက သူ တွန်းချတာ ဒီအတိုင်းပြန် လာရသလား၊ ဘာမှ ပြန်မလုပ်ခဲ့ဘူးလား'

ဂျွန်စောက မျက်နှာကိုမော့၊ ရင်ကိုကော့ပြီး ဂုဏ်ယူစွာပြန် ဖြေပုံက

'ဆွဲထိုးခဲ့တာပေါ့. . ဆယ်ချက်တောင် မကဘူး'

'ဒါမှ ငါ့တူကွ၊ ဒီကောင်လေး တော်တော်အီသွားမှာပဲနော်၊ မင်းက ဒူးပဲ ပြတာ၊ ဟိုကောင်က အထိနာမှာ သေချာတယ်'

'မနာဘူး ကူကူရ. . သူက ပြောတယ်. . . ယားတယ်တဲ့'

'ဟင်. . ဆယ်ချက် ဆွဲထိုးတာတောင်မှ ယားသေးတယ်. . ဟုတ်လား. . မင်းက ဘယ်လိုထိုးခဲ့လို့တုန်း'





'ကလိလေ. . ကလိထိုးတာပေါ့၊ သားက သူ့ကို အားရပါးရ ကို ထိုးခဲ့တာ၊ ယားလို့ သူ့မှာ ထွန့်ထွန့်ကိုလူးနေတာပဲ. . . အရမ်း ရယ်ရတယ် သိလား. . ဟား. . ဟား. . ဟား. .'

'ဖြစ်ရမယ် ဂျွန်စောရယ်. . မင်းကို ငါ ပြောစရာ စကား မရှိတော့ပါဘူးကွာ'

သူတို့အိမ်မှာ ညာဏ်ကလေး တစ်ထွာတစ်မိုက်နှင့် စိတ်ထင် ရာ လုပ်တတ်တဲ့ ဒီလိုကလေးမျိုးရှိလို့ ဂုဏ်ယူရမလား၊ ဒါမှမဟုတ် ထိုင်ငိုရမလားဆိုတာ တိတိကျကျမခွဲခြားတတ်တော့ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

လမင်းသူရမှာ မနက်စောစောစီးစီး ကျက်သရေမရှိ ဒေါသတွေ ထွက်နေရသည်။

ညတုန်းက သတင်းအတိအကျရထားပြီးသား . . မယုံလို့လိုက်လည်း ချောင်းထားပြီးပြီ။

ကိုယ်တိုင်ကြပ်ကြပ်မတ်မတ်အုပ်ချုပ်နေရက်သားနဲ့ ထကြွချင်တဲ့ တပည့် . . .

ရုပ်ကလေးကြည့်တော့ အေးပြီအေးလက်နဲ့ . . . ဒါမျိုး လုပ်လိမ့်မယ်လို့ ထင်ကိုမထင်။

ဒေါသထွက်နေတော့ အသံက ပိုပြီးကျယ်လာသည်။

'ဒေလီယာ . . ငါ မေးနေတယ်လေ . . မနေ့ညက ကျူရှင်မလာဘဲ နင်ဘယ်သွားနေသလဲ'





မျက်နှာသေကလေးနဲ့ ဒေလီယာက ဖြေသည်။

'ဘယ်မှမသွားပါဘူး ဆရာ'

'နင် ငါ့ကို မလိမ်နဲ့နော် . . ဘာလဲ ငါပြော့မှ နင်သိမှာပေါ့ဟုတ်လား . . ဟိုဘက်ရပ်ကွက်က ကောင်နဲ့ နင် ချိန်းတွေ့နေတာမဟုတ်လား . . မှန်မှန်ပြောစမ်း'

'ဆရာ့ကို ဘယ်သူပြောလဲ၊ သူများသားသမီးကို မှိုချိုးမျှစ်ချိုးနဲ့'

'ဘာ . . နင်ကများ ငါ့ကို မှိုချိုးသလေး မျှစ်ချိုးသလေးနဲ့ . . ဟောဒီ ငါ့မျက်စိနဲ့ကို မြင်တာ . . ကွဲကွဲပြားပြားကို မြင်တာ . . ညအချိန်မတော် နင်တို့နှစ်ယောက်တည်းလေ'

'ဆရာကလဲ . . နှစ်ယောက်တည်း တွေ့တိုင်း ရည်းစားဖြစ်ရောလား . . အလကားပါ ဆရာရယ် . . အတည်ဇယား မဟုတ်ပါဘူး'

'ဟင် . . . လာသေးတယ်၊ အတည်ဇယားတွေ . . အလန်းဇယား တွေ ငါ မသိဘူး၊ နင် ဒီနှစ် ဆယ်တန်းဖြေရမှာကော သိသေးရဲ့လား ဒေလီယာ'

သူ့ဆရာက အသံတင် မာလာတာ မဟုတ်၊ မျက်နှာကြောကပါ တင်းလာပြီမို့



www.burmeseclassic.com

www.burmeseclassic.com



'သိ. . သိပါတယ် ဆရာ'

'အေး. . သိရင် လုန်စမ်း'

လဲမင်းလက်ထဲမှာ ထားဝယ်ကြိမ်လုံးက အဆင်သင့်. . .

'ဘာလုပ်နေတာလဲ ညည်းစကာဒ်ကို လှန်ခိုင်းနေတာလေ'

ဒေလီယာက ကြိမ်လုံးကိုတစ်လှည့်၊ သူ့ဆရာကို တစ်လှည့် ကြည့်ပြီး

'ဆရာ. . သမီးခြေသလုံးကလွဲရင် ကြိုက်တဲ့နေရာရိုက်ပါ'

'ဘာဖြစ်လို့လဲ. . ညည်းခြေသလုံးမှာ အနာရှိလို့လား'

ဆရာ ဆိုတော့လည်း ရိုက်ခါနီးတောင်မှ ကိုယ့်တပည့် ကို စိတ်က ပူရသေးတာ။ တပည့်တွေက စေတနာကို နားမလည်ကြပါဘူးလေ. . .။

'မဟုတ်ဘူး ခြေသလုံးမှာအရွတ်ထင်သွားရင် သမီး စတော်ကင် ဝတ်လို့ ဘယ်လှတော့မလဲ ဆရာရဲ့'

'ဟင်. . လာ. . လာချည်သေး. . ကဲဟာ ဝတ်ချင်ဦး. . ဒီ စတော်ကင်. . ရွှမ်း

ကျောင်းပြေးဦး. . ရွှမ်း. . ရည်းစားထားဦး. . ရွှမ်း'

ဒေလီယာရဲ့အာပြဲသံစဥ်ကလေး ပြနေအောင်ထွက်ဂ ဘာပါ သည်။





'ရက်စက်တယ်. . ဆရာ အရမ်းရက်စက်တယ်. . ဟီး. . သမီးခြေသလုံး မလှတော့ဘူး. . ဟီး. . ဟီး. . သမီးမှာတော့ နေ့နေ့ ညည ဒီခြေသလုံးလှအောင် အချိန်ကုန်ခံပြီး Lotion လိမ်းထားရ တာ. . ခြင်ကိုက်ဖုလေးထင်မှာတောင် ကြောက်နေရတာ. . ခုတော့ ဆရာရိုက်လို့ အရှိုးရာတွေ ထင်ကုန်ပြီ'

'ထင်ပစေ. . ထင်ပစေ. . ဒီလောက်ဝတ်ချင်နေတဲ့ စတော် ကင်. . ဝတ်တော့ စတော်ကင်. . အခုရိုက်တော့ အီပြီ မဟုတ်လား၊ မိန်းကလေးဖြစ်ပြီး ပရမ်းပတာနေဦးမလား ပြောစမ်း'

ဒေလီယာက ဆောင့်ကြီးအောင့်ကြီးဖြင့်

'ပြောမယ်. . ပြောမယ်၊ ဆရာက မိန်းကလေးတွေပဲ ဆုံးမ နေ၊ ဆရာ့တပည့်တွေကျတော့ မဆုံးမဘူး. . ဘီယာဆိုင်ရောက်တဲ့ သူနဲ့ ကာရာအိုကေဆိုတဲ့သူနဲ့. . နောက်ထပ် မပြောချင်လို့'

'ဘယ်ကောင်လဲ ပြော့စမ်း'

'သမီးပြောရင် ဆရာ သူတို့မျက်နှာကို ပယ်ပယ်နယ်နယ်ဆွဲ ထိုးမှာလား. . သူတို့မျက်နှာ ဖူးရောင်သွားမှဖြစ်မှာပေါ့. . သူတို့က စတော်ကင်မှမဝတ်တာ. . ခြေသလုံးရိုက်ရုံနဲ့ မရဘူးနော် ဆရာ'

ကြည့်. . တွက်ကပ်နေပြန်ပြီ။

ဘယ်လိုဟာတွေမှန်းကို မသိတာ. . တစ်နေ့ တစ်နေ့ စာ



www.burmeseclassic.com

www.burmeseclassic.com



သင်လို့မောတာက တစ်မျိုး၊ သူတို့ကိုထိန်းလို့ မောရတာက တစ်မျိုး။ ဘယ်ဘဝက ဝဋ်ကြွေးတွေကို ဆပ်နေရသလဲမှမသိတာ. .

'ကဲ. . မိကျောင်းမ၊ ပြောမှာ ပြောစမ်း. . ဘယ်အကောင်လဲ'

'အေးချမ်းနဲ့ သက်မောင်ပေါ့. . ( )မှာ ကာရာအိုကေဆိုနေကျ'

ဒေလီယာက သူခိုးသေဖော်ညိုသွားပြီ။

ဟိုကောင် အေးချမ်း။ နာမည်ကသာ မောင်အေးချမ်း. . . မှန်ကြောင်ကလေးနဲ့ကုတ်ကမြင်းကောင်။

ဒီနေ့ ကျူရှင်မလာပုံ ထောက်တော့ ဒေလီယာ ပြောတာမှန်နိုင်ပါသည်။

လမင်းသူရသည် ဒေလီယာပြောသော ကာရာအိုကေဆိုင်သို့ ချီတက်ရပြန်သည်။

ဆယ်တန်းစာမေးပွဲနီးလို့ ဆရာက ရင်ပူနေသလောက် ဒင်းတို့က ရေခဲတုံး ဖင်ခုထိုင်ထားသလား ထင်ရအောင်ကို အေးနေကြသည်။

ရည်းစားချိန်းတဲ့သူနဲ့. . ကာရာအိုကေဆိုတဲ့သူနဲ့. . ဟုတ်တော့ နေပါပြီ။





♬ ယောက္ခမ ရှော့ခ်. . ယောက္ခမက ရှော့ခ်စတား ♬

'ဟော့ကောင်တွေ ထွက်ခဲ့၊ အခု ထွက်ခဲ့စမ်း'

'ဟာ. . ဆရာ'

သူတို့ကိုဖမ်းမိသွားလို့ မျက်နှာပိုးလေးသတ်ပြီး ပြောပုံက

'သား. . . သားတို့. . အချိန်မစေ့သေးလို့ပါ ဆရာ. . . ငါးထောင်တောင် ပေးထားရတာ. . ခုမှ ဆယ်မိနစ်ပဲ ဆိုရသေးတယ်'

လမင်း တစ်ချက်တွေဝေသွားသည်။

ယောက်ျားလေးတွေကျတော့ သိပ်ပြီး တင်းကျပ်လို့ မရ။ ပိုရွဲ့ပြီး ပိုဆိုးသွားနိုင်သည်မို့ ချော့ခေါ်ဖို့ သူဆုံးဖြတ်လိုက်သည်။

'ဒီတစ်နာရီပြည့်ရင် မင်းတို့ ပြန်လိုက်ရမယ်နော်'

'လိုက်မယ် ဆရာ. . စိတ်ချ၊ ယောက်ျားကတိ'

'အေး ပြီးရော'

'ဆရာ. . ဘာသီချင်းဆိုမလဲ'

'ရဲလေးရဲ့တတိယကာရန်'

'ဝေး. . ဟေး. . တို့ဆရာက အလန်းဇယားပဲဟေ့. . ရွှီး. . ဖြောင်း. . ဖြောင်း'



www.burmeseclassic.com

www.burmeseclassic.com



လမင်းသူရဲဆိုတဲ့ ဆရာတစ်ယောက်ရဲ့ဘဝမှာ ဒါမျိုးတွေလည်း ကြုံခဲ့ရပါသည်။

ပေးဆပ်ခြင်းတွေဖြင့် ပျော်နေရင်း အချိန်တွေက ကုန်မြန်လာသည်။

ပိုက်ဆံမရှိတဲ့ ရပ်ကွက်ထဲက ကလေးတွေဆို သူက ပိုက်ဆံ မယူဘဲ သင်ပေးမြဲ။

* * *

မူပိုင်နှင်းဆီကို Facebook ပေါ်တွင်လည်း
အားပေးနိုင်ပါသည်။
Find "Mu Paing Rose"on Facebook and
become a fan



ချဉ်ပေါင်ရွက်တွေ ခွေနေသော ဒေါ်လမင်းကို လမင်းသူရက သွားတိုက်နေရင်းမှ လှမ်းပြောနေသည်။

'အမေ. . ဟင်းချက်ရင် ပိုပိုသာသာလေး ချက်ပေးပါဗျာ၊ ကလေးတွေ ဒီနေ့ မိုးချုပ်ထိ ခေါ်ထားမှာဆိုတော့ ထမင်း ကျွေးချင်လို့. . '

'အေးပါ သားရယ်. . အမေ သိပါတယ်၊ နှစ်တိုင်း မင်းကျွေးနေကျမှား'

အိမ်ဖော်မလေး မြဝင်းက သူ ချက်ထားသော ထမင်းအိုးအကြီးကြီးကို ထိုးပြရင်း

'ဟိုမှာ ကြည့်ဦး. . . အစ်ကိုလမင်းတို့အိမ်က ထမင်းအိုး၊ တစ်လမ်းလုံး ဖိတ်ကျွေးလို့ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာရှိတဲ့လူက လေးယောက်၊ တပည့်က အယောက်သုံးဆယ်ကျော်. . အားလုံး လေးဆယ်နီးနီး ချက်ရသည်မို့ စာမေးပွဲနီးပြီဆိုလျှင် စားအိုးက ကြီးကြီးလာသည်။

ကြက်ဥ၊ ဘဲဥတောင်မှ အနည်းဆုံး အလုံးငါးဆယ်လောက် ဝယ်ရသည်။

မြဝင်းစကားကို လမင်းက သဘောကျသဖြင့် ကျိတ်ပြီး ပြုံးမိသည်။

သိပ်မကြာသောအချိန့်တွင် လမင်း၏တပည့်ကျော်ကလေးတွေ တဖွဲဖွဲ ရောက်လာပါသည်။ စာမေးပွဲ နီးပြီဆိုတော့ ဒင်းတို့မှာ ဗီရိယတော့ ကောင်းသား။

လူ မစုံသေးသဖြင့် လမင်းက မုန့်ဟင်းခါး စားရင်း စောင့်နေသည်။

နားကလည်း တပည့်တွေဆီ စွင့်ထားရသေးသည်။ သူတို့ ဘယ်သာဘာကို ဆွေးနွေးပြီး ဘယ်စာတွေ မရသလဲ သိရအောင်လို့လေ။

ကွိကွိနှင့် နီလာခိုင်တို့. . အကြိတ်အနယ် ဆွေးနွေးနေကြသည်။

ဆရာလုပ်တဲ့သူက သဘောတွေကျလို့. .





'ညတုန်းကလေ ဟိုဖက်တီးမ ဝက်စွပ်ပြုတ်ဆိုင်က အဘွားကြီး သေသွားပြီလေ'

'ဟုတ်လား. . . အဲဒီကားထဲမှာ မင်းသမီးတွေက မမိုက်ပါဘူးဟာ. . သူတို့နဲ့တွဲတဲ့ မင်းသား နှစ်ယောက်ပဲ နှမြောတယ်. . အလန်းဇယားလေးတွေ. . . မြန်မာပြည်သာ လာလည်လို့ကတော့ ဖက်ကိုနမ်းပစ်မယ်. . ဟင်း. . ဟင်း. . ဘာမှတ်နေသလဲ ကွိကွိတဲ့ တစ်ကွိတည်း ရှိတယ်နော်'

နားထောင်ရင်း နားထောင်ရင်း လမင်း မျက်လုံး ပြူးလာသည်။

လန်းတာတွေရော ဖက်နမ်းချင်တာရော. . ဘာတွေလဲ. . ဘယ်ဘာသာထဲမှာပါလို့လဲ။ သူများ အသင်မှားသလားဟု ဇဝေဇဝါ ပင်ဖြစ်လာရသည်။

ထိုစဉ် ဒေါ်လမင်းက

'ဟဲ့ကောင်မလေးတွေ ညက မီးပျက်လို့ ငါမကြည့်လိုက်ရဘူး. . အဲဒီ ချွေးမတို့မည်သည်ကား ဘာဖြစ်သွားပြီလဲ'

'အမေ'

လမင်းသူရ လှမ်းအော်တော့ ဒေါ်လမင်းက

'ဟေ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေလျှောက်ပြောနေတာလဲ . . စာမေးပွဲ ဒီလောက်နီးနေတာကို ဟိုနှစ်ကောင်ရော ဘာလုပ်နေလဲဟင် . . အလန်းဇယားမို့ ဖက်နမ်းဦးမယ် ဟုတ်လား . . စာဖြင့်ကျက်မယ်မကြံဘူး နာချင်နေပြီ၊ ထုတ်စမ်း . . စာအုပ်ထုတ်ပြီး စာကျက်ကြ . . . နင်တို့စာမေးပွဲထဲမှာ 'ချွေးမတို့မည်သည်'ထဲက မင်းသားနာမည် ပါမှာ မဟုတ်ဘူး . . နားလည်ရဲ့လား'

'နားလည်ပါတယ် ဆရာ'

'တိုးတိုး ပြော . . ငါကြားတယ်'

မေးလို့လည်း ဖြေရသေးတယ်ဆိုပြီး ပွစိပွစိလုပ်ကာ လူကိုကြောက်လို့ မဟုတ် . . ထားဝယ်ကြိမ်လုံးကိုကြောက်၍ ကုန်းရုန်းပြီး ကျက်ပြနေကြသည်။

လူစုံလျှင် လမင်းသူရက ဆုံးမဩဝါဒတွေ ဆက်တိုက်ချွေပြီးစာကို Non-Stop သင်လေသည်။

နည်းနည်း အချိန်ကြာသွားလျှင် မမေ့ မလျော့တတ်သော တပည့်တွေက ဘာပြောတယ် ထင်သလဲ။

'ဆရာ . . ဗိုက်ဆာပြီ'

'အူတွေလိမ်ကုန်ပြီ ဆရာ'

'ထမင်း ကျွေးပါတော့'





တစ်ယောက် တစ်ပေါက် အော်နေသည့်အထဲ . . မျက်နှာပြောင်သော တပည့်တစ်ယောက်က သူတောင်းစားလေသံဖြင့် . . ထမင်းတောင်းစားပြသည်။

'သနားကြပါခင်ဗျာ သနားကြပါ၊ ကျွန်တော်တို့ တယ်ငယ်ဂျင်းတွေ ခုချိန်ထိ ထမင်းမစားရသေးလို့ ပုစွန်ထုပ်လေး ဝက်သားဆီပြန်လေးနဲ့ ကျွေးကြပါ ခင်ဗျာ'

အိမ်ရှေ့ ပူတော့ အိမ်နောက် မချမ်းသာတဲ့။

ဒေါ်လမင်းက ကြားပြီး မနေနိုင်တော့သဖြင့် ထမင်းစားဖို့ လာခေါ်ယူရသည်။

'ကဲ . . အားလုံးအဆင်သင့်ဖြစ်ပြီ . . စားလို့ ရပြီ . . ကလေးတွေ လာကြ'

'ဝေး'

အလုအယက် အပြေးအလွှား ဝင်ကြီးတွေကျပြီး အတင်းပြေးဝင်တော့ ခလုတ်တိုက်သူက တိုက် . . လဲသူလဲ။

အလကားလဲ ကျွေးရသေး . . ကျွေးရသူ သဗ္ဗါပျက်အောင် ဝိုင်းပြောကြပုံက . .

'ဆရာ ဟင်းက ဒါပဲလား'

'စာမေးပွဲနီးပြီလေ ဆရာရယ်၊ ချဉ်ပေါင်ကြော်နဲ့ ပဲကုလား



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ကျွေးစရာလား. . output(အထွက်)တွေ အထွက်များလို့ စာမေးပွဲမဖြေနိုင်တော့ရင်. . ဆရာ့တာဝန်ပဲ၊ နောက်နှစ်ကျရင် အလကား သင်ပေးရမယ်နော်’

‘စေတနာပျက်အောင် ပြောပြန်ပြီ၊ နင်တို့ထမင်းဘူး နင်တို့ဘာသာ ထည့်လာပါလားဟင်. . . ဆရာကပဲ ချက်ကျွေးနေရတယ်၊ ဆရာ့အတွက်ဆို သိတတ်ပြီး ဘယ်တစ်ယောက်က ယူလာပေးဖူးလဲ ပြောစမ်း’

‘ဆရာ. . ဒါမျိုး မပြောရဘူးလေ. . အစုန်ပဲ ဆင်းရတာ. . အဆန်ကိုမျှော်နေရင်. . ဆရာ ဘယ်ပီသတော့မလဲ’

ကဲ. . . တွေ့လား. . အရမ်း. . အရမ်းကို ချစ်ဖို့ကောင်းတဲ့ တပည့်တွေ။

မဟုတ်တာတွေဆို အကုန်ရ အကုန်တတ်။

ဆရာကို ကျွေးဖို့မွေးဖို့ စေတနာမရှိတာ အပထား. . သူတို့မိဘတွေက ကြည်ဖြူလို့ စေတနာရှိလို့ ကန်တော့ခိုင်းတဲ့ပစ္စည်းတွေကအစ ဘတ်ချင်သေးတာ။

ပြီးခဲ့တဲ့ သီတင်းကျွတ်တုန်းကပေါ့. . . တပည့်တွေအားလုံး စုပေါင်းပြီး ကျွန်တော်တို့ ဆရာ၊ ဆရာမတွေကို ကန်တော့ကြတာ။

မှတ်မှတ်ရရ ဖယောင်းတိုင်က ငါးထုပ်၊ ကိတ်မုန့်က သုံးဘူး၊





ကော်ဖီမစ်က နှစ်ထုပ်လား. . ရလိုက်ပါတယ်။ ပစ္စည်းနည်းတာ များတာက အဓိက မဟုတ်ပါဘူး။ သူတို့လေးတွေရဲ့ရင်ထဲကလာတဲ့ သိတတ်မှုလေးတွေကို မျှဝေခံစားရင်း ပီတိတွေ ဖြာပြီး ပေးလိုက်ရတဲ့ ဆုတွေဆိုတာ ပါးစောင်ကို ညောင်းရောပဲ။

သိပ်မကြာပါဘူး. . ကလေးမိဘတွေက ကျွန်တော်နဲ့တွေ့တော့ တစ်ယောက်တစ်မျိုး မေးကြတာပါပဲ. . ။ အစက ကျွန်တော်လည်း နားမလည်ဘူး။

သူတို့မေးတဲ့ အစားအစာတွေ ကျွန်တော့်ဗိုက်ထဲ တစ်ခုမှ ကိုမရောက်တာ. . ဘုရားစူးမိုးကြိုးလွတ်ရစေရဲ့။ သူတို့မေးရင် ကျွန်တော့်မှာ အူကြောင်ကြောင်ကိုဖြစ်လို့. .

မောင်ချမ်းသာရဲ့အမေက မေးတယ်. .

‘ဆရာလမင်းရေ. . ကျွန်မသားလေးနဲ့ ကန်တော့ခိုင်းတဲ့ ဒူးရင်းယိုလေး ကောင်းရဲ့လားဟင်. . အမယ်လေး. . အဲဒါ ရှားပါးပစ္စည်းနော်၊ ကျွန်မညီမ မြိတ်ကလာလို့ စားရတာရှင့်’

သူပြောမှပဲ စားချင်လာတယ်. . ဒါပေမယ့်. . မြည်းတောင်မမြည်းလိုက်ရပါဘူး ချမ်းသာတို့မေမေရယ်လို့သာ ဖြေလိုက်ချင်ပါတော့တယ်။

ကိုယ့်တပည့်ကလေး ဆော်ပလော်တီးခံရမှာစိုးလို့ ဟုတ်ကဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်လို့ပဲ ဖြေပြီး ရှေ့ရှုတ်ပိတ်နေလိုက်ရတဲ့ ကျွန်တော့် အဖြစ်. . .

နောက်တစ်ခါ မောင်နေထူးရဲ့အမေက မေးပြန်ရော. .

'ဆရာ. . ကျွန်မ ပေးလိုက်တဲ့ ပုစွန်ခြောက်ထုပ် ရရဲ့လား ဟင်. . အဲဒါ ဘိုကလေးသွားတဲ့လူရှိလို့ မှာလိုက်တာ. . လက်ဖက်ကလေး သုပ်ပြီး အပေါ်ကနေ ဖြူးပြီး စားလိုက်ရင် ရှယ်ပဲ. . . ဖြစ်အောင် စားနော် ဆရာ'

ပုစွန်ခြောက်တစ်ကောင်တောင်မှ မစားလိုက်ရပါဘူး နေထူးတို့အမေရယ်. . အဲဒီပုစွန်ခြောက်ကို လေနဲ့ ပြောပြီး ကန်တော့ခိုင်းမယ်တော့ မထင်ပေါင်. . ဘာလို့ဆို နေထူးအမေက ချမ်းသာတာကိုး။

ဒါဖြင့် အဲဒီပုစွန်ခြောက်တွေက လမ်းမှာတင် ပျောက်ကုန်တာလား. . စဉ်းတော့ စဉ်းစားစရာပဲ။

မစားရဝခမန်း တစ်ယောက်ပြီးတစ်ယောက် လေတွေ ဖောဖောသီသီနဲ့ လာလာကျွေးနေကြတာ. . နောက်တစ်ယောက်နဲ့ တွေ့တော့မှ ပိုတောင်ဆိုးသေး. . လှဲ့ယမင်းတို့အဖေပေါ့. . ။

'ဆရာပါလား သမီးနဲ့ ကျွန်တော် ခြင်းတစ်ခြင်း ကန်တော့ခိုင်းလိုက်တာ. . ခြင်းထဲ ပါတဲ့ ပစ္စည်းတွေ ကြိုက်ရဲ့လား'





ခြင်းဆိုလို့ ခြင်းအလွတ်တောင် ရောက်မလာပါဘူးဗျာ. . ပြောသွားတာတော့ စုံနေတာပဲ. . ဘာတဲ့. . အိုဗာတင်းလည်း ပါတယ်. . ထောပတ်လည်း ပါတယ်. . မုန့်ပုံးလည်း ပါတယ်ဆိုပဲ. . . ကြိုက်သလား ဆရာဆိုတော့လည်း ကြိုက်ပါတယ်လို့ပဲ ဖြေရတော့တာပေါ့။

ပြန်ပြီး မေးစမ်းဖို့ကလည်း ခက်သားလေ။

တော်ကြာ. . ဒီဆရာ တော်တော် ငတ်ကြီးကျတယ် ဆိုပြီး ကွယ်ရာမှာ အပြောခံရမှာကို ကြောက်ရသေးတာ။

မိဘတွေ ပေးလိုက်တဲ့ပစ္စည်းတွေ သူတို့ ဘာတွေလုပ်လိုက်သလဲဆိုတာ သူတို့တွေပဲ အသိဆုံးပေါ့။ ကျွန်တော်က ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ. . မဟုတ်ဘူးလား။

(မှတ်ချက် - မောင်ချမ်းသာက သူ့အမေပေးလိုက်တဲ့ ကန်တော့ပစ္စည်း ဒူးရင်းယိုကို သူလိုက်နေတဲ့ ရှုပါခင် ဆိုတဲ့ ကောင်မလေးကို ကျွေးလိုက်တာ. .

နေထူးရဲ့ ပုစွန်ခြောက်ထုပ်က အိမ်မှာ သူ့အဘိုးကို လာစောင့်ပေးနေတဲ့ မမသူနာပြုကလေးကို စေတနာတွေ ရေစီးကမ်းပြို လိုက်ပြီး သူ့အမေ မသိအောင် ပေးလိုက်တာ. .

လှဲ့ယမင်းတို့ကတော့ ခပ်ပြတ်ပြတ်ပဲ။ သူ့အဖေ ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို ယုဇနပလာဇာအနောက်တန်းမှာ ပြန်သွင်းပြီး ဖိုးကွာတား တွေ ဝယ်ဝတ်လိုက်တာ)

ကဲ. . ဘယ်လောက် လိမ္မာတဲ့ တပည့်တွေလဲလို့. . သူတို့ ဆရာကလွဲရင် အားလုံးကို ကြည်ဖြူပြီးသားပဲ။

ဆရာလမင်းသူရက သူ့တပည့်တွေကို စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာနဲ့ နေ့မအား၊ ညမနား သင်ပေးနေတာ။ သူ့တပည့်တွေရဲ့လုပ်ရပ်ကိုသာ သိလို့ကတော့ စိတ်နာတယ်၊ ရင်နာ တယ်၊ အသည်းနာတယ်တွေ ဖြစ်ကုန်တော့မှာပဲ၊နာသုံးနာက ဖောက် ထိုးတွေ ဖြစ်ကုန်ဦးမှာ. . . ။

* * *



နောက်တစ်နှစ်ခန့်ကြာသောအခါ

'Girl Aloud'လက်ဖက်ရည်ဆိုင်တွင် စနေနေ့ရုံးပိတ်ရက် မို့ လူကျနေသည်။

ကုလားညီနောင်နှစ်ယောက်မှာ ခေါင်းပင်မဖော်အား။ပုဆိုး ပြင်ဝတ်ဖို့တောင်မှ အချိန်မပေးနိုင်လို့ ဘောင်းဘီတိုတွေဝတ်ပြီး ပျား ပန်းခတ်နေကြတာ။

ဟိုဘက်ဝိုင်းကို လက်ဖက်ရည်ခွက်လာချတဲ့ အမီးကင်မ်နဲ့ ဒီဘက်ဝိုင်းမှာခွက်လာချတဲ့ ရှာရွတ်ခန်တို့ ဖင်ချင်းတိုက်တာလဲ ခဏ ခဏ။ အကြီးကောင်အမီးကင်မ်က သူ့ညီကို ကုလားလို လှမ်းပြီးဆဲ ပါတော့သည်။ ဘာတွေဆဲသလဲတော့ ကျွန်တော်တို့ မသိပါ။ ရှာရွတ် ခန်က ဗမာလို ပြန်ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ဖင်မှာ မျက်စိမှမပါတာ မြင်မလား'

တဲ့လေ. . သူပြောတာလဲ ဟုတ်နေသားပဲ ဥစ္စာ. . သူတို့ လက်ဖက်ရည်ဆိုင်မှာ လူတကာပေါက်စေ့။ ဝါသနာကို အရင်းခံပြီး အာသမားလည်း ပါရဲ့၊ နှာသမားလည်း ပါသေး။ အမယ်. . အတွက် အချက်ဝါသနာပါတဲ့ သချ်ာပါရဂူတွေတောင် ရှိသေးတယ်။ သူတို့ သူဌေးဖြစ်မဖြစ်တော့ မသိပါဘူး။ ရှိတဲ့ပစ္စည်းတွေ အပေါင်ဆိုင်ကို ရောက်ကုန်တာချည်းပဲ။

ကျွန်တော့်အနောက်ဝိုင်းက နှစ်ယောက် သချ်ာတွက်နေ ကြသည်။

ကျဆိမ့်တစ်ခွက်ကို အရသာ ခံပြီး သောက်နေသော ကျွန် တော့် အနားသို့ ရှာရွတ်ခန်က သီချင်းတစ်ပုဒ် ဆိုပြီး ရောက်လာ သည်။

'အားကိုဆရာ. . ဘေးက ကြည့်လဲ ယဉ်တယ်၊ အနောက် က ကြည့်လဲ ယဉ်တယ်၊ အရှေ့က ကြည့်လဲ. . .'

ကုလားက ဆက်မဆိုတော့ဘဲ ကျောပေးပြီး လမ်းလျှောက် ပုံ စမတ်ကျလွန်းသော ကောင်မလေးကို လက်တို့ပြီး ပြသည်။

လှလိုက်တာ. .

ခါးနေရာကလေး သိမ်ပြီး ဂျေလိုရဲ့ တင်ပါးထက် ပိုလှတဲ့





ကောင်မလေး. . ဆံပင် ရှည်ရှည် ကောက်ကောက်လေးတွေနဲ့ သူ့ ကိုယ်လုံးက တော်တော့်ကို လိုက်ဖက်ပါသည်။

မမြင်ပေမယ့် ထင်နေတဲ့အရာလေးက ပေါင်တံရှည်ရှည် လေးတွေပေ့ါ။

ဝတ်ထားတဲ့ ထဘီစကာဒ်လေးက လေတိုက်လိုက်တိုင်း ကိုယ်လုံးအလှကို ပိုပြီးပေါ်လွင်စေသည်။

နှာကြည့်ကြည့်တာ မဟုတ်ပေမယ့် ဒီနေရာမှာ ကဗျာသိ၊ သိသွားတာက ရင်ခုန်သံတွေ ဒိန်းတပ်တပ်ဖြစ်ကုန်လို့ပါဗျာ။

ဖက်ဖူးရောင်အကျီၤလေးက 'သာမန်လူတွေ မဝတ်ရဲတဲ့. . အရောင်ပါ။

အခုတွေ့နေရတဲ့. . ladyကလေးက ရဲရဲတင်းတင်းကို ဝတ် ထားပြီး သူ့ရဲ့ ဖြူနှစ်နေတဲ့ အသားရောင်လေးနဲ့လည်း လိုက်လွန်း လှသည်။

'အားကိုနော်. . ပိုက်ဆံမပေးရတိုင်း ကြည့်မနေနဲ့. . တော် ကြာ သူ့အစ်ကိုလာလို့ သူ့ညီမကိုကြည့်မယ့်သူရှိတယ်ဆိုပြီး အရမ်း ဝမ်းတွေသာသွားဦးမယ်'

ရှာရွတ်ခန်စကားက နည်းနည်းထူးဆန်းနေပါသည်။

'ဘယ်လို. . ဘယ်လို'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ. . ဟဲ. . ကုလား ဒီလိုပြောတာ အကြောင်းရှိတယ်နော် အဲဒီကန်မလေးအစ်ကိုက အောင်အောင်ကျင်ပိုးလေ. . အားကိုသူငယ်ချင်းဆို. . သူကနော် သူ့ညီမကို ယောကျ်ားပေးစားချင်တယ်၊ ယူမယ့်သူ မရှိဘူး၊ သူ့ညီမကနော် ကိုယ်လုံးပဲ လှတယ်၊ မျက်နှာက လုံး၀ မလှဘူး၊ အသက်က ငယ်ငယ်လေး. . သူ့မျက်နှာက မိန်းမကြီးကြီးနဲ့တူတယ်'

ပြောသွားလိုက်တာများ ကောင်းကွက်တစ်ခုမှကို မရှိတာ။ အောင်အောင်ကျင်ပိုးသာ ကြားလို့ကတော့ လက်သီးနဲ့ဆွဲထိုးမလားပဲ. . .

'နေစမ်းပါဦး. . ဒါနဲ့များ မင်းက ငါ့ကို ဘာလို့ လာပြနေသေးလဲ'

'ထူးခြားလို့ပေါ့ အားကို၊ သူက ဟိုဘက်ကို ကျောပေးပြီး လျှောက်နေလို့ပြတာပေါ့၊ သူနော် ဒီဘက်ကိုလျှောက်လာရင် ကုလားက မပြဘူး၊ ရွက်ကြမ်းရေကြိုရုပ်ဆိုတော့ အားကိုလည်း စိတ်ဝင်စားမှာ မဟုတ်ဘူး၊ ခုနက အားကိုခံစားနေတာ ကုလားတွေ့တယ်နော်၊ ခုခေတ်ကန်မလေးတွေ သူ့လောက်ကိုယ်လုံးမလှကြဘူး'

ဘဲမလေးရယ်. . မင်းကို ကိုယ်က ဒေါင်းမလေးပဲ ဖြစ်စေချင်တာ။ ဒေါင်းဆိုတာမျိုးက ကြီးလေ လှလေပဲဆို။ ခုတော့. . . ဟို





ကောင်ပြောပုံနဲ့တင် စိတ်ဓာတ်က ကျချင်ချင်ပဲ။ အောင်အောင်နဲ့ ကိုယ် လာဆော့တဲ့အချိန်ဆို မင်းက တကယ့် ကလေးလေး ရှိသေးတာ။ မှတ်မိသေးတယ် မင်းက အဲဒီအချိန်ကတည်းကိုက မျက်နှာကလေးက ကွက်ပြီးရင့်နေတာ။ တစ်အိမ်လုံးမှာလည်း မင်း ရုပ်အဆိုးဆုံးပဲ။ ခုချိန်ပြန်တွေ့ရင် မင်း ကိုယ့်ကို မှတ်မိပါဦးမလား။ မင်းမျက်နှာကို မမြင်လိုက်ရပေမယ့် မင်းကိုယ်လုံးလေးကိုတော့ ကိုယ်မှတ်မိနေပါပြီ။

မိန်းမတစ်ယောက်ဟာ သူ့ကိုယ်သူ ဂုဏ်ယူဖို့အတွက် ရှိသင့်တဲ့အရာတွေအားလုံး မင်းဆီမှာရှိနေတယ် ယယ. . မင်းမျက်နှာတော့ မပါလောက်ဘူး ထင်တာပဲ။ body လေးက အပြတ်မိုက်နေတာ မျက်နှာကလေးပါ လှလိုက်ရင် ဘယ်လောက်ကောင်းမလဲ. .

မချင့်မရဲဖြစ်တဲ့စိတ်တွေနဲ့ အိမ်ပြန်ရောက်တဲ့အထိ သူ့ဟာသူ နားမလည်နိုင်ဖြစ်ရသည်။ သူ့စိတ်တွေ ဘာဖြစ်ကုန်တာလဲ. . သမုဒယကို တစ်ကိုယ်လုံးလှနေစေချင်တာ ဘာကြောင့်လဲ. . ဘယ်သူ့အတွက်လဲ. . normal တော့ မဟုတ်တော့ပါဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ. . ဘာတွေပြောင်းလဲကုန်လို့လဲ။

ကောင်မလေးတစ်ယောက်ကို စတွေ့တွေ့ချင်း ရင်ခုန်သံတွေ ကျယ်လာတယ်ဆိုရင် ဒါမရိုးသားဘူး။ ဥပမာ မျက်လုံးချင်းဆုံ



www.burmeseclassic.com

www.burmeseclassic.com



လို့ထိသွားတာလား၊ အပြုံးလေးကိုငြိသွားတာလား . . ဒါဆို လူကြား လို့ တင့်တယ်တာပေါ့ . .

ကျွန်တော့်အဖြစ်က body လေးတွေ့ပြီး ဘင်ခရာတီးဝိုင်းကြီးလှည့်သွားတယ်ဆိုတော့ လူကြားမကောင်းဘူး။ ကျွန်တော် နာသမား မဟုတ်ဘူးနော်. . . ဒါပေမယ့် ပျာတော့ ပျာသွားတယ်ဗျ။ မြူးနတ်မောင်ရဲ့လွဲချော်မှုကြောင့် ကျွန်တော့်မှာ ဘယ်နေရာတွေ့ပြီး ဘာတွေ မျက်စိကျသွားသလဲ မပြောတတ်ပါဘူးဗျာ. . ရှူး. . တိုးတိုးနော်. . ဘယ်သူမှပြန်မပြောကြေး. . အထူးသဖြင့် ကျွန်တော့်ရဲ့အင်မတန့် အင်မတန်ချစ်စရာကောင်းတဲ့ တပည့်တွေ လုံးဝသိလို့ မဖြစ်ဘူး သိတယ်နော်. . .

* * *



## ဒါ ဘာကြော်ငြာလဲ ?

မောင်မောင်ကျင်ပိုးနှင့် အောင်အောင်ကျင်ပိုးတို့နှစ်ယောက် တီဗီရှေ့မှာ ပြုံးသနာတက်နေကြသည်။

တီဗီထဲမှာလာနေတဲ့ကြော်ငြာလေးကိုကြည့်ပြီး ငြင်းခုန်ရင်း စကားနိုင် လုနေကြသည်။ ကျယ်ကျယ်လည်း မပြောရဲတော့ ကြိတ်ကြိတ်ပြီး ပြောနေရသည်။

'ဒါဘာသဘောလဲကွ. . မင်း စဉ်းစားကြည့်လေ. . . အဲဒါ လုံးဝ ကြော်ငြာအင်္ဂါရပ်နဲ့ မညီဘူး. . ငါ့အမြင်ပြောရရင် မင်းသမီးလေး ပြလိုက်၊ ဟိုဟာလေး ပြလိုက်နဲ့ လုပ်နေမယ့်အစား ဖြောင်ပဲ ကြော်ငြာသင့်တယ်ကွ'



www.burmeseclassic.com

www.burmeseclassic.com



အောင်အောင်က ပြောတော့ ညီဖြစ်သူက ထောက်ပြပြန်သည်။

'တွမ်ကိုး စဉ်းစားကြည့်လေ. . ဒါမျိုးပြလို့ ဘယ်သင့်တော်မလဲဗျ၊ ဒါ မြန်မာပြည်လေ. . မြန်မာ့ယဉ်ကျေးမှုက ရှိသေးတာကိုး'

'ငါ မသိဘူးကွာ. . ဘာမှလဲ မပြဘဲနဲ့ သူတို့ပစ္စည်းကောင်းတယ် လှတယ်လို့ပြောတာ ဘယ်လိုလက်ခံရမလဲ'

အရေးထဲမှာ လက်တွေ့သမားနဲ့တိုးနေသေးတယ်။ မောင်မောင်ကျင်ပိုးက ဒေါသတွေ ထွက်လာပြီး

'ဒါဖြင့် ဟိုမင်းသမီးက တွမ်ကိုးကို အောင်အောင်ကျင်ပိုးရေ. . ကျွန်မ ဒီဘရာစီယာလေး ဝတ်ထားပါတယ်ဆိုပြီး ချွတ်ပြရမှာလား. . ပြောပုံကိုက. .'

'ဒါပေါ့. . ဒါမှ ဘရာစီယာလေး လှ မလှ မြင်ရမှာ၊ ဟဲ. . ဟဲ. .'

'ဝါသနာကိုက. . တွမ်ကိုးနှာခေါင်း မီးတောက်တာ ကိစ္စမရှိဘူး. . မီးသတ်ကားမှာ ရေမဖြည့်ရသေးဘူးဗျ'

မောင်မောင်ကျင်ပိုးရဲ့အသံက နည်းနည်းကျယ်သွားသည်။ သူတို့နံဘေးနားမှာ ကားရပ်ကလေးတွေနဲ့ ထိုင်ဆော့နေသော ဂျွန်စောက ဘာမပြောညာမပြောဖြင့် ထပြေးသွားပါသည်။





ဘာမှမကြာလိုက်ပါ။ သူ့လက်ထဲမှာ ရေတစ်ခွက်ပါလာပြီး သူ့ဦးလေးအောင်အောင်ကျင်ပိုးမျက်နှာကို လှမ်းပြီး ရေနှင့်ပက်လိုက်ပါသည်။

'ဟာ. . ရေတွေ. . သွားပါပြီကွာ. . ဟေ့ကောင်. . မင်း ဒါ ဘာလုပ်တာလဲကွ'

'နှာခေါင်းမီးလောင်နေလို့ဆို၊ ရေနဲ့လောင်းပေးတာလေ'

'သေတော့မှာပဲကွာ. . မင်းပြောတာ ကြားပြီး ငါ့ကို လာ သမ်နေပြီကွ'

'ဒီမှာတွေ့လား. . မာမားမြေး လုပ်သွားတာ၊ အကုန်ရွှဲကုန်ပြီ. . ဒီကောင် ရှေ့လ ကျောင်းတက်ရင် သားသူငယ်ချင်း လမင်းဆီကျူရှင်ပို့ရမယ်၊ ဒီကောင်က သူ တာဝန်ယူတယ်လို့ပြောထားတယ်ဗျ'

'အသင်အပြရော ကောင်းလား. . စိတ်ကော ရှည်ရဲ့လားဟယ်. . တော်ကြာ ငါ့မြေးလေးကို ရိုက်ပြုနေမှဖြင့်'

အောင်အောင်ကျင်ပိုးက သူ့အမေနားကပ်ပြီး တိုးတိုးပြောသည်။

'မာမား. . ဒီကောင်က ထူးရှယ်နော်'

'ဘာလဲ. . ပေါ်ဆန်းမွှေးရောင်းတာလား'



www.burmeseclassic.com

www.burmeseclassic.com



'တို့မာမားကတော့ လုပ်ချလိုက်ပြန်ပြီ၊ သူက single လည်း single ၊ ပြီးတော့ character လည်း ကောင်းတယ်'

'ငါ နားလည်အောင်ပြောစမ်းဟယ်'

အောင်အောင်က သူ့အမေကို တရုတ်လိုပြောသောအခါ အဘွားကြီးမှာ ရွှေသွားတွေ ပေါ်အောင် ပြုံးပါသည်။

'ဝေါ်မိပိုင်(သဘောပေါက်ပြီ)'၊

'မာမား သဘောပေါက်ဖို့ပဲ လိုတာ. . လုံးဝအတွေးမမှားနဲ့နော်. . ဒီကောင့်ကို သားတာဝန်ယူတယ်၊ လုံးဝ အာမခံတယ်. . ယောကျ်ားလေးထဲမှာ သူ့လောက် အကျင့်စာရိတ္တ ကောင်းတာမျိုး မတွေ့ဖူးသေးဘူး'

'ဗွန်စော ကျူရှင်တက်ရင် သူ့အမေကို အနားပေးပြီး ယယကို အစားဝင်နိုင်းရမယ်၊ ဒါမှ နင့်သူငယ်ချင်းနဲ့နီးစပ်သွားမှာ. . . ပြောသာ ပြောရတယ်၊ နင့်သူငယ်ချင်းက ချောချောလေး. . ငါ့သမီး ရုပ်ဆိုးမကို ကြိုက်ပါ့မလား မသိဘူး'

'မာမားနှယ်. . ယယကလေ ဘာတဲ့ သူတို့ဗမာတွေ ပြောပြောနေတဲ့ ပဥ္စပါပီလောက် အရုပ်မဆိုးသေးပါဘူး. . မျက်နှာ မလှရင်တောင်မှ ကိုယ်လုံးလေး ပြေပြစ်နေသေးတာပဲ၊ ဘာအားငယ်စရာ ရှိလို့လဲ'





လောကမှာ လူတွေက ကိုယ့်ငါးချဉ်ကိုယ်ချဉ်ကြတာချည်းပဲ. . . ရာဇဝင်ထဲမှာ ရုပ်အဆိုးဆုံး ပဥ္စပါပီကိုမှရွေးပြီး သူ့ညီမနဲ့ပေးပြိုင်တာ. . သတ္တိရှိရင် ကိုးရိုးယားမင်းသမီးဆောင်ဟေဂျို(အွန်စော)နဲ့ပေးပြိုင်ပါလားလို့. . . ။

* * *

ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အရိပ်ကောင်းတဲ့ သစ်ပင်အောက်မှာ သူတပည့်တွေ အေးအေးလူလူ စာကျက်လို့ ရအောင် ထိုင်ခုံကလေးတွေကို စိတ်ရှည်လက်ရှည် ရိုက်ပေးနေသော လမင်း အနားသို့ မိန်းမတစ်ယောက် ကလေးလက်ဆွဲပြီး ရောက်လာပါသည်။

'ဒီမှာရှင့်. . ဒီမှာ'

'ခင်ဗျာ'

လမင်းက ဘာလဲဆိုသည့်သဘောဖြင့် ထိုမိန်းမကို ကြည့်သည်။

အမယ် ဟိုမမက ကြီးကြီးကျယ်ကျယ် သူ့မျက်နှာကို တစ်ဘက်သို့ ချာခနဲလှည့်သွားသည်။ သူ့ကိုကြည့်တယ်များ ထင်နေသလား မသိပါဘူး။





သူ့လို ကလေးအမေကို ဘယ်သူက ကြည့်မှာတုန်း။ လာပြီးပဲများ နေတာ. . .

'ကျုရှင်အပ်ချင်လို့ ဆရာလမင်းသူရ ရှိလား'

'ရှိတယ်'

ခပ်ပြတ်ပြတ်ပြန်ဖြေသံဆုံးတော့ သူမက အိမ်ပေါ် တက်သွားဖို့ ပြင်သည်။

'ဟာ. . ဟော့. . နေဦးလေ. . အစ်မ. . အစ်မ ဆရာက ဒီမှာလေ. .'

သမုဒယက ဒေါသရိပ်စွက်နေတဲ့ မျက်ဝန်းများဖြင့် လမင်းကို ပြူးပြဲကြည့်သည်။

စွပ်ကျယ်ချိုင်းပြတ်ဝတ်ထားပြီး စုတ်တီးစုတ်ပြတ်နဲ့ ဆရာရုပ်မှမပေါက်တာ. .

ဒီကြားထဲမယ် စွပ်ကျယ်က ပြဲနေသေးတာ။

'ဩော်. . ရှင်က ဆရာလား၊ မသိပါဘူး ကျွန်မက အလုပ်သမားအောက်မေ့လို့'

လူတစ်ဘက်သားကို ဒီလိုပြောလိုက်တဲ့အတွက်. . အားနာလျှာကျိုးမယ့်ပုံလည်း မပေါက်ပါ။ ဒါကြောင့်ပဲ ရုပ်က မလှတာ. . စိတ်ထားက ပုပ်တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



'နောက်တစ်ခါကျရင်. . ကျွန်တော့်မျက်နှာမှာ ဆရာ. . လို့ အကြီးကြီးရေးပြီး ကပ်ထားမယ်လေ. . ဒါမှ ခင်ဗျားမြင်မှာ'

သူမက နှုတ်ခမ်းကို မဲ့ရွဲ့ရင်း

'မရွဲ့ပါနဲ့. . ရှင် ဆရာဆိုလည်း ပြီးရော. . ကျူရှင် အပ်မယ်၊ ကလေးက ဒီနှစ်မှ ကျောင်းစ,တက်မှာ၊ တစ်လ ဘယ်လောက်ပေးရမလဲ'

'သူငယ်တန်းပေါ့. . တစ်လ ( )၊ ဘယ်ရက်တွေ တက်ချင်တာလဲ၊ ကျောင်းပိတ်ရက်တွေ တက်မလား'

'အေးလေ. . ဒါလည်း ကောင်းတာပဲ'

'ကလေးနာမည်က ဘယ်သူလဲ'

'ဌွန်စော'

'ခင်ဗျာ. . ကျွန်တော်က မြန်မာနာမည် မေးနေတာ'

'ဟုတ်တယ်လေ သူ့နာမည်က ဌွန်စောအားရှန်း၊ ကျောင်းနေလည်း အဲဒီနာမည်ပဲ၊ ရှင့်ကို သန်းခေါင်စာရင်း ယူလာပြရဦးမလား'

'မလိုပါဘူး. . ဒီပုံအတိုင်းဆို သူ့အဖေနာမည်က ဦးအားရှန်းဆိုတာ ကျွန်တော် သိသွားပြီ'

ကိုအားရှန်းရယ်. . ခင်ဗျားမို့လို့ ဒီလိုအပေါက်ဆိုးဆိုးမိန်းမ





ကို ယူရတယ်လို့ဗျာ. . ခဏလေး စကားပြောကြည့်တာနှင့်တင်. . အသက် ဘယ်အပေါက်က ရှူရမှန်း မသိဘူး၊ မျက်နှာကြောကလည်း တင်းသေး။

'ကျူရှင်လခက အခုသွင်းရမှာလား'

'တက်မယ်ဆို သွင်းပေါ့'

'ငွေက အရေးမကြီးပါဘူး. . ရှင်တို့ အသင်အပြ ကောင်း မကောင်း ကြည့်ရဦးမယ်လေ'

'ရတယ်. . ဒါမျိုး စိန်လာခေါ် လို့တော့ လမင်းသူရတို့က ကြိုက်ပြီးသားပဲ. . ဒီမှာ အစ်မကြီး. . ကျွန်တော်တို့ဆီမှာ တက်လို့ ကလေးက တိုးတက်မလာဘူးဆိုရင် လုံးဝပိုက်ဆံပေးစရာမလိုဘူး'

'OK လေ၊ လာ. . ဌွန်စော သွားမယ်'

ဘယ်လိုဟာတွေနဲ့ လာတိုးနေမှန်းကို မသိဘူး။ သူ့အမေ ဆွဲခေါ်ရာနောက် တကောက်ကောက် ပါသွားတဲ့ ကလေးက ကျွန်တော့်ကို ဘယ်လိုနှုတ်ဆက်သွားတယ် ထင်သလဲ. . မိမဆုံးမ ဖမဆုံး မကလေးကလေ. . .

'ဟေ့ကောင်. . . လောင်စွဲ့(ဆရာ)၊ သွားပြီနော်. . နောက် နေ့မှတွေ့မယ်. . စိုက်ကျင်း(တာ့တာ)'

ကျွန်တော် တကယ်ငုတ်တုတ်မေ့သွားတယ်။ တစ်ခါမှမကြုံ



www.burmeseclassic.com

www.burmeseclassic.com



ဖူးပေါင်ဗျာ။ အခု ဒီလိုကလေးက ကျွန်တော့်ဆီမှာ ကျူရှင်လာတက်မလို့တဲ့။

'ဟဲ့. . သား၊ ခုန ကလေးက မင်းကို ဘယ်လို နှုတ်ဆက်သွားတာလဲ'

'ဟဲ. . ဟဲ. . ဒါလား၊ ဆရာ. . မင်္ဂလာပါတဲ့၊ တော်တော်ယဉ်ကျေးတဲ့ ကလေး အမေရဲ့'

'ဒီလိုတပည့်မျိုးရတာ မင်း ကံကောင်းတာပေါ့ သားရယ်၊ ဒါနဲ့ ဟိုမှာ ကလေးအမေထင်တယ်၊ ကိုယ်လုံးလေးက လှလိုက်တာကွယ်. . ကလေးအမေလို့ကို ထင်ရက်စရာမရှိဘူး'

အမေ ပြောလို့. . ကျွန်တော် ကြည့်မိတော့ တစ်ယောက်ယောက်နဲ့များ တူနေသလားလို့။ ရင်းရင်းနှီးနှီးကြီးကို ကျွမ်းဝင်နေတာ။ ဘယ်မှာတွေ့ဖူးတာလဲ. . ရှာရွှတ်ခန်တို့လက်ဖက်ရည်ဆိုင်မှာထိုင်နေတုန်းက တွေ့ဖူးတဲ့ ကောင်မလေးလား. . မဖြစ်နိုင်ပါဘူးလေ ဟိုက အပျိုပဲ ဥစ္စာ။

ဂျွန်စောတို့အမေက ရုပ်ရင့်ပြီး အသက်ကြီးနေပါပြီ။ ရုပ်သာ မမြင်ဖူးရင်တော့ ကိုယ်လုံးကလေးမြင်ပြီး ပြစ်မှားချင်စရာပေါ့။

'ကလေးလေးက ချစ်စရာလေး၊ လူလိမ္မာယဉ်ကျေးကလေးကွယ်'





အမေတို့များ ပြောလိုက်ရင် တလွဲတွေချည်းပဲ။ အပြင်သွားမလို့ပြင်ဆင်ပြီးထွက်လာတဲ့ အဖေက

'သားရေ လမင်း. . ဒီနေ့ မင်းအားရင် မင်းအမေကို ဆေးခန်းလိုက်ပို့ပေးဦးကွာ. . ဗိုက်အောင့်နေတယ် ပြောလို့၊ ဖြစ်နိုင်ရင် တစ်ခါတည်း Ultrasound ရိုက်ကြည့်လိုက်ပေါ့. . . စိတ်ရှင်းသွားအောင်၊ ဒီနေ့ အဖေတို့ရုံးမှာ အစည်းအဝေးရှိလို့ သွားလိုက်ဦးမယ်'

'စိတ်ချပါ အဖေ. . သား လိုက်ပို့ပေးပါ့မယ်'

အဖေက ရပ်ကွက် သာရေး နာရေးကို စိတ်ရော ကိုယ်ပါနှစ်မြှုပ်ပြီး လုပ်တတ်တဲ့သူ. . အဖေ့အကြောင်းတွေးရင် အူနာတယ်ဗျာ. . ရယ်စရာကောင်းလို့။

တစ်နေ့ အဖေ့ကို တစ်လမ်းတည်း အတူနေတဲ့ ဒေါ်စိန်လှတို့အိမ်က လာတိုင်ပါရော. . နောက်ဖေးလမ်းကြားထဲမှာ အမှိုက်ပစ်ထားလို့ ဒဏ်ရိုက်ပေးပါတဲ့။

အဖေက ရပ်ကွက်လူကြီး မဟုတ်လား။ နောက်ပြီး အမှိုက်ပစ်ရင် ဒဏ်ငွေတစ်သောင်းဆိုတာလည်း သူပဲ အမိန့်ထုတ်ထားတာ။

အဖေလည်း သူဒဏ်ငွေရိုက်ဖို့ စံပြပုဂ္ဂိုလ်တွေ့ပြီဆိုပြီး အားတက်သရောတွေဖြစ်ပြီး ဒေါင်းတင်မောင်းတင်နဲ့ကို ပြောတာ။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်မှာလဲ. . ဘယ်အိမ်က ပစ်တာလဲကွ၊ ဒင်္ဂါးငွေ တစ်သောင်းပဲ. . တစ်ပြားမှမလျှော့နိုင်ဘူး'

အဲဒီမှာ ဒေါ်စိန်လှက တိုင်ရကျိုးနပ်ပြီဆိုပြီး ဝမ်းတွေသာလို့. . .

'လာပါ. . အခုလိုက်ခဲ့. . အဲဒီအမှိုက်ထုပ်ကြီးကို ခုနလေးတင် ပစ်လိုက်တာ ကျွန်မ မျက်မြင်ပဲ. . ကျွန်မ လိုက်ပြမယ်၊ လာခဲ့'

ဒေါ်စိန်လှ ဦးဆောင်ပြီး အဖေက ကော့တော့ ကော့တော့နဲ့ လိုက်သွားတာပေါ့။

ရပ်ကွက်လူကြီးရဲ့ power ကို အစွမ်းကုန် ထုတ်ပြရတော့မယ်လေ. . ဒေါ်စိန်လှက ကျွန်တော်တို့အိမ်နောက်လည်း ရောက်ရော တိဆို ရပ်လိုက်ပြီး

'အဲဒီအိမ်ပဲ. . အမှိုက်ပစ်တာက ရှင့်မိန်းမ ဒေါ်လမင်း. . ကဲ. . တွေ့ပြီနော်၊ ရှင့်စကားနဲ့ ရှင်ပဲ၊ အခုတောင်းလေ. . ဒင်္ဂါးငွေ တစ်သောင်း. . တစ်ပြားမှ မလျှော့စေနဲ့နော်. . ပြီးရင် ကျွန်မက တာဝန်သိစွာ သတင်းပေးတဲ့အတွက် ငါးထောင်တော့ ဘောက်ဆူးချဖို့ ကောင်းတယ်. . ဟင်း. . ဟင်း'

ဘာပြောကောင်းမလဲ။ အဖေတို့ ခံလိုက်ရတာပေါ့။

အမှိုက်ပစ်တဲ့သူက သူ့မိန်းမကိုယ်တိုင်။





ဒင်္ဂါးငွေတပ်တာက သူကိုယ်တိုင်။

ပါဝါတွေ ထုတ်ပြပြီး ပြောမိရင်လည်း လူရှေ့သူရှေ့ ကိုယ်ပဲ ကလော်တုတ်ခံရမှာ. . . မိန်းမကိုကြောက်ရသူပီပီ အိတ်ကပ်ထဲက ပိုက်ဆံတစ်သောင်း ထုတ်ပြီး ဈေးဦးပေါက် စံပြပုဂ္ဂိုလ်ဖြစ်ရောတဲ့. .

ရပ်ကွက်လူကြီးတစ်ယောက်ရဲ့ ရင်နာစရာဇာတ်လမ်းလေး ပေါ့ဗျာ. . . ။

* * *

မုပိုင်နှင်းဆီကို Facebook ပေါ်တွင်လည်း
အားပေးနိုင်ပါသည်။
Find "Mu Paing Rose"on Facebook and
become a fan



www.burmeseclassic.com

www.burmeseclassic.com

အမေက Ultrasound ရိုက်ဖို့အတွက် ထိုင်စောင့်နေ၏။ သူ့အလှည့်ရောက်တော့ အခန်းထဲကို ရှောရှောရှူရှူပဲ ဝင်သွားတာ၊ ဆယ်မိနစ်လောက် ကြာတော့ သူနာပြုဆရာမကလေး ထွက်လာပြီး အော်မေးပါသည်။

'ဒေါ်လမင်းနဲ့အဖော်ပါလာတာ ရှိလား'

သူ့မေးသံကြားတာနှင့်တင် ကျွန်တော့်စိတ်ထဲ ခြောင်းဆန်နေပြီ။

ဘာဖြစ်လို့ ခေါ်တာလဲ. . အမေများ တစ်ခုခု ဖြစ်နေလို့လား၊ အသည်းလား၊ အဆုတ်လား၊ အူအတက်လား. . စိတ်တွေပူပြီး ကျွန်တော်လည်း အပြေးအလွှားထူးမိပါသည်။

'ရှိပါတယ်'





'ရှိရင် ခဏလိုက်ခဲ့. . . ရှင့်အမေ့ အထဲမှာ ပြဿနာရှာနေလို့. . ရှင်တို့ပဲ အတည်ပြုပေးနိုင်မှာ'

ဗုဒ္ဓေါ. . အမေ ဘာများပြဿနာရှာပြန်ပြီလဲ. . ကျွန်တော် အထဲရောက်တော့ ဆရာဝန်မကြီးက အမေ့ဗိုက်ပေါ်မှာ ဟိုတွန်းဒီ ရွှေ့လုပ်ပြီး ကွန်ပြူတာဖန်သားပြင်ပေါ်မှာ အပြန်ပြန် အလှန်လှန် ကြည့်ပြီး စိတ်တွေ ရှုပ်လာပုံရသည်။

'ကျွန်မ သေသေချာချာကြည့်ပြီးပြီ. . ရှင့်သားအိမ် မရှိပါဘူး'

အမေကလည်း မခေပါ။ ခပ်စွာစွာလေး ပြန်ပက်ပါသည်။

'မရှိရအောင် ကျွန်မဟာကြီးက ဘယ်ရောက်သွားလို့တုန်း'

'အမေ'

အမေက ကျွန်တော့်အသံလည်း ကြားရော. .

'ဟော. . ဟိုမှာ တွေ့လား. . . ကျွန်မသား. . သူ့တောင် ကျွန်မ မွေးခဲ့သေးတာပဲ. . ရှိမှာပါ ဆရာမရယ်. . သေသေချာချာ ရှာပေးပါဦး'

သူနာပြုဆရာမကလေးက ကျွန်တော်၏မျက်နှာကို စစ်ကူ တောင်းသလို ကြည့်လာပါသည်။

အခုဟာက မရှိတဲ့ သားအိမ် ဆိုတာကြီးကို တရားလွန်မေ့



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ အမေက ရှိပါတယ်လို့ သေချာတပ်အပ်ကြီး ခံငြင်းနေလို့ ဒုက္ခများနေရတာ. .

'ကဲ. . သားရေ၊ မင်းအမေ uterus(သားအိမ်)ကို တစ်ခုခု လုပ်ပြီးပြီ မဟုတ်လား'

'sorry ပါ အန်တီ၊ အမေက အရမ်းမေ့တတ်တယ်. . လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က biopsy(အသားစယူစစ်ဆေးခြင်း)လုပ်ပြီး စိတ်ချရအောင် ထုတ်ထားတာပါ'

အမေက ဒီလိုပြောရုံနှင့် ယုံချင်ပုံမရသေးပါ။

'မဟုတ်က ဟုတ်ကတွေ လာပြောနေပြန်ပြီ'

'သားပြောတာ တကယ်ပါ အမေရယ်. . အဲဒီတုန်းက အန်တီကြူ အမေ့ကို လာစောင့်ပေးတယ်လေ. . လက်သီးဆုပ်လေ. . အမေ မှတ်မိပြီလား'

လက်သီးဆုပ်ဆိုတာ အမေ့ရဲ့သားအိမ်ကို ထုတ်ပြီးနောက် မြင်ရသောအရွယ်အစားကို ဝိုင်းပြောကြရင်း သူတို့ချင်းသာသိသော အမှတ်အသားတစ်ခု ဖြစ်ပါသည်။ အမေက ကုတင်ပေါ်မှ လူးလဲထလာရင်း အခုမှမှတ်မိဟန်ဖြင့်

'ဪ. . ဟုတ်သားပဲ. . မေ့လို့ ဆရာမရယ်. . မေ့လို့. . အားနာစရာရှင်'





'တော်သေးတာပေါ့လေ၊ သားပါလာလို့ နို့မို့ဆို မင်းအမေ ငါ့ကို ဘယ်လောက်ကြာအောင် ရှာခိုင်းထားမလဲ မသိဘူး'

'တောင်းပန်ပါတယ် အန်တီရယ်. . အနူးအညွတ်တောင်းပန်ပါတယ်ဗျာ'

သူနာပြုဆရာမကလေးတွေကလည်း ကျွန်တော့်ကိုကြည့်ပြီး ပြုံးစိစိ၊ ဟီးဟီးဟားဟားဆိုပြီး ရယ်မကောင်းလို့သာ။

အထူးကုဆေးခန်းမှာ အရှက်တွေ ဖြန်းဖြန်းကွဲပြီး ပြန်လာရတဲ့အဖြစ်ပါဗျာ။ ကျွန်တော့်အမေကို ဘယ်ဆရာဝန်နဲ့ပြရင် ကောင်းမလဲဆိုပြီး နာရီဝက်လောက် ထိုင်စဉ်းစားပါသေးတယ်။

Physician လား၊ Neurologist နဲ့လား၊ Psychologist နဲ့လား. . လူမောစိတ်မောနဲ့ပဲ နောက်ဆုံး တပ်ခေါက်ပြီးအိမ်ပြန်ခဲ့ရပါတယ်။

ကျွန်တော် ဆုံးဖြတ်လိုက်တာတစ်ခုက ဒီနေ့ကစပြီး အမေ့ကို ပြောင်းဖူးများများကျွေးမှ ဖြစ်တော့မယ်။ ပြောင်းဖူးက မှတ်ဉာဏ်ချွတ်ယွင်းတဲ့ရောဂါကို ကာကွယ်စေတယ် ဆိုလားပဲ. . . ။

အမေကဗျာ. . အဖေ့ကျတော့ ဘာလို့မမေ့သလဲ မသိဘူး။ ဒါမျိုးကျတော့ ကွက်ပြီး ချန်ထားခဲ့တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အားရှန်းနှင့် သင်းသင်းတို့၏ ပဋိပက္ခ

အနေအေးသော သင်းသင်း၊ လေသံအေးသော သင်းသင်း၊ တစ်အိမ်လုံးမှာ ဒေါသအနည်းဆုံးသောသင်းသင်းဟာ နဂိုအနေတွေ ကွယ်ပျောက်ကာ လုံးလုံးကြီးကို ဆန့်ကျင်စွာ ပြောင်းလဲနေပါသည်။

Rock သံစဉ်အပြင်းစားကြီး ပေါက်ကွဲထွက်လာသလို အာ ခေါင်ခြစ်သံနှင့် ဝမ်းတွင်းသံတွေ ပေါင်းစပ်ကာ တစ်အိမ်လုံးရှိသမျှ လူကုန် မနေရအောင် သောင်းကျန်းချင်တိုင်းသောင်းကျန်းကာ သူ ပုန်မကြီး လုပ်နေလေသည်။

အိမ်ဖော်မလေးနော်ထူးဆိုလည်း ကုလား မနိုင်၊ ကရင်အမဲ မခံရအောင် ပြားပြားဝပ်နေရသည်။





တခြားမကြည့်နဲ့. . မျောက်က အဘခေါ်ရလောက်အောင် ကို အဆော့သန်သော ဂျွန်စောလေးတောင် သူ့အီအိရဲ့ရင်ခွင်ထဲမှာ ငြိမ်ချက်သားကောင်းနေသည်။

အောင်အောင်နှင့် မောင်မောင်ကျင်ပိုး ညီနောင်တို့လည်း နားတွေ အူထွက်လာအောင် ပွဲကြမ်းနေသော သင်းသင်းကြောင့် MP4 တွေ MP5 တွေ နားကြားထဲ ထိုးကုန်ကြပြီ။

'လာစမ်းပါစေ. . သတ္တိရှိရင် ပြန်လာကြည့်ပါလား. . သင်း သင်းအကြောင်းသိစေရမယ်၊ ဒီအချိန်ဇတောင် အိမ်မပြန်နိုင်ရအောင် ဘယ်မယားဆီမှာ သောင်တင်နေလို့တုန်း. . အမယ်လေး ကိုမျိုးချစ် ကြီး. . သူ့နှမအကြောင်း ပြောမိတာနဲ့ပဲ ဒေါ်တွေကန်ပြီး ထွက်သွား ရတယ်လို့'

ဒေါ်ရှို့တီက မနေနိုင်မထိုင်နိုင် ဝင်မေးပြန်ပါသည်။ ကြား သုံးကြား မပါကောင်းဘူးဆိုတာတော့ သိပါသည်။ ဘယ်ကြားတွေလဲ တော့ သူ မသိပါ။ နောက်ဖေးလမ်းကြားတစ်ခုတော့ လုံးဝကို မဝင် ကောင်းတာ. . ဒါတော့ အတပ်သိပါသည်။ခုဟာက ကိုယ့်သမီးကြား ပဲ. . . နည်းနည်းတော့ ဝင်ပါကြည့်ဦးမှ. .

'ဟဲ့. . သူ့ညီမကို နင်က ဘာသွားပြောလို့လဲ'

'အမှန်တွေပြောတာပါ မာမားရယ်. . . ပထမတစ်လင် ယူ



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ. . သေသွားလို့ မုဆိုးမ ဖြစ်တယ်၊ ဟော. . အခု နောက်တစ်လင် ထပ်ယူတော့ တစ်ခါကွဲပြန်ရော. . တစ်ခုလပ်ဖြစ်ရော. . အဲဒါနဲ့ မတင်းတိမ်သေးဘူး. . ခု နောက်ထပ် ရည်းစားတွေ ထားနေပြန်ပြီ. . ဒါနဲ့ သမီးက သူ့ညီမကို မုဆိုးမ၊ တစ်ခုလပ်၊ ရည်းစားထူလို့ ပြောတာ ဘာလွန်လို့လဲ. . ဟင်း. . ဒင်းကိုက ညီမ ထိရင်. . ကဲကဲဆတ်ဖြစ်နေတာ၊ ပြန်မလာလည်း နေပေါ့. . ဒင်းအဝတ်တွေ ထုတ်ထားပြီးပြီ. . အိမ်တိုင်ရာရောက်ကို ပို့ပေးလိုက်ဦးမယ်'

'နင်ကလဲ နင်ပဲလေ. . ဘာလို့များ ဟုတ်တာတွေပဲ သွားရွေးပြီး ပြောရတာလဲ. . သူ့ညီမ ထိရင် သူ နာမှာပေါ့. . . နင့်ညီမကို သူများက bodyက အစိတ်၊ မျက်နှာက လေးဆယ်လို့ပြောရင်ကော နင်ခံနိုင်မှာလား. . ကိုယ်ချင်းစာကြည့်လေ'

ဒေါ်ရှို့တီဖျောင်းဖျမှ သင်းသင်းက ပိုဆိုးလာသည်။

'အောင်မယ်လေး. . ပြောရဲ ပြောကြည့်ပါလား၊ သင်းသင်းပါးစပ်နဲ့တွေ့သွားမှာပေါ့. . ဒီက ညီမက မျက်နှာကလေးသာ အိုတာ ငြိမ်ပြီးသားနော်၊ သူ့ညီမလို ဂေါ်ပန့်ဂေါ်စံဂေါ်(555...)မဟုတ်ဘူး'

သမုဒယခမျာ သူတို့ပြောတာကြားပြီး သူ့မျက်နှာကလေးကို မှန်ထဲမှာ သနားစဖွယ်လေး ကြည့်မိသည်။ မဆိုစလောက်လေး အိုတာကို. . ကိုယ့်ကိုယ်ကိုပဲ သနားပါတယ်လေ. . ။





'နောက်ပြီး သူ့ကို မျိုးမသန့်လို့ သမီးပြောလိုက်သေးတယ်၊ သူ့အမေလည်း နောက်ယောက်ျား ယူတာပဲ၊ အိမ်ထောင် နှစ်ဆက်လေ. . သူ့ညီမလည်း ယူတာပဲ. . မျိုးရိုးလိုက်တာ'

သင်းသင်းက ပြောတော့ ဒေါ်ရှို့တီလည်း ပါချင်လာပြီ။ အချိန်တောင် ဆိုင်းမနေပါဘူး. . ကောက်ကာငင်ကာဝင်ပြောတော့တာပဲ. . .

'ဒါဖြင့် နင်ဘာလို့ယူသေးလဲ. . သိသိကြီးနဲ့များ'

'ပါပါးတို့ပဲ ပေးစားတာလေ. . ရိုးရိုးအေးအေးလေးဆို. . . အခြောက်ကလေးလိုပဲ အနေအထိုင်ပိရိတယ်ဆို. . ခုကျတော့လေ မပြောချင်ပါဘူး. . KTV ရောက်ရတာနဲ့. . ပန်းကုံးစွပ်ရတာနဲ့. . ဇာတိက ပြလာပြီ'

ဒေါ်ရှို့တီ ပါးစပ်ကလေး ပြန်ပိတ်သွားပါသည်။ မြားဦးက ကိုယ့်ဘက်ပြန်လှည့်လာပြီ မဟုတ်လား။

သမက် ဆိုတဲ့ ကောင်ကလေ. . . ဒီလောက် နှိပ်ကွပ်ထားတာတောင်မှ ထကြွချင်သေးတယ်၊ သမီးပြောနေဟန်း ချော်လဲရောထိုင်ဝင်ပြောပစ်လိုက်ချင်တာ. . . ခုတော့. . ကိုယ့်ပါးစပ်ကိုယ် ပြန်ပိတ်ထားရသည်။

'ကဲ. . ညဥ့်လည်း နက်ပြီ၊ အိပ်တော့. . နင့်သားတော့ နင်



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းနေပုံနဲ့ အနားကပ်ရဲမှာ မဟုတ်တော့ဘူး . . သူ့အဒေါ်နဲ့ပဲ အိပ်ခိုင်းလိုက်တော့မယ်'

ဒေါ်ရှို့တီလည်း သူ့အခန်းထဲမဝင်ခင် အောင်အောင်နှင့် မောင်မောင်ကို တိုးတိုးလေးမှာသွားသေးသည်။

'ညကျ ဟိုကောင်ပြန်လာရင် တော်တော်ပွဲကြမ်းမယ် ထင်တယ်၊ နင်တို့ညီမ ဒီလို တစ်ခါမှ မပေါက်ကွဲဖူးဘူး . . ငါတို့ ထပြီး ထိန်းမှနဲ့တူတယ်၊ နိုးနိုးကြားကြားနေကြ . . ကြားလား'

'ကျွန်တော်တို့ မအိပ်သေးဘူး . . စောင့်နေမယ် မာမား'

'အေး . . . အေး'

* * *



နောက်နှစ်နာရီလည်း ကြာရော အားရှန်း ပြန်ရောက်လာပါသည်။

ကားရပ်သံကြားတာနှင့် မာမားနှင့်ယယတို့ ခြေသံကို ဖွနင်းကာ လှေခါးအကွယ်မှာရပ်ပြီး နားစွင့်နေကြသည်။

အောင်အောင်တို့နှစ်ယောက်ကကျတော့ ပါပါးတို့ အခန်းနံဘေးနံရံမှာကပ်ပြီး စပ်စုနေသည်။

လက်လွန် ခြေလွန် ဖြစ်လျှင် ဝင်ဆွဲဖို့ သတိအနေအထားဖြင့် နားစိုက်ကာ ထောင်နေကြသည်။ မောင်မောင်ကျင်ပိုးက ဘာပြောတယ် မှတ်သလဲ။

'တွမ်ကိုး . . သင်းသင်း နိုင်နေရင် မသိချင်ယောင်ဆောင်နေနော်. . ဟိုကောင် အနိုင်ကျင့်ရင်တော့ ဝင်ပြီး တွယ်ရအောင်'



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြလား..ဝင်ခွဲပြီး ဖျန်ဖြေပေးမယ့်သူတွေတဲ့..မျှမျှ တတရှိကြတယ်နော်...

အသံဗလံတွေ တိတ်ဆိတ်နေသည်။

တစ်အိမ်လုံးမှာ ဦးကျင်ပိုးရဲ့ဟောက်သံကလွဲလို့ ဘာသံမှ ကို မကြားရတာ..

ကားရပ်ပြီးနောက် အားရှန်း ဆင်းလာပြီး တံခါးပြန်ပိတ်သံ ကြားရပါသည်။

ဒီအချိန်ထိ ဘာမှမထူးခြားသေးပါ။

အားရှန်း အိမ်ထဲလည်း လှမ်းဝင်ရော မရွှေသင်းရဲ့အသံကို စပြီး ကြားရတော့တာပါပဲ..။

ဝုန်းဒိုင်းကြဲတဲ့လေသံမဟုတ်ဘူးနော်၊...

ညားခါစ ဟန်းနီးမွန်း ထွက်တဲ့အခါမျိုးတွေမှာ ကြားရတတ် တဲ့လေသံမျိုး..

တရော်ကင် ပွန်းသံလား..တယောထိုးသံလား...ဘာ သံမှန်းကို မသိပါ။

'မောင်..နောက်ကျလိုက်တာကွယ်..သင်းက စိတ်ပူလို့ သေတော့မယ်..မောင် ထမင်းရော စားပြီးပြီလားဟင်..ဘယ်တွေ သွားနေတာလဲ မောင်ရယ်၊ သင်းဖြင့် စိတ်ပူလို့ ထမင်းတောင် မစား





နိုင်ဘူး..မောင်ကတော့ သင်းကို သတိမရဘူး မဟုတ်လား..သင်း မှာတော့ မောင့်ကိုချစ်လိုက်ရတာ သိလားလို့'

သူတို့ရန်ဖြစ်နေကြတာတဲ့ အရပ်ကတို့ရေ..

'ဗိုက်ဆာရင် စားနှင့်တာ မဟုတ်ဘူး သင်းရယ်၊ အလကား လေအောင့်ခံလို့..မောင့်ကို အဲသလောက်တောင် ချစ်လား မိန်းမ ရယ်...'

အောင်မယ်လေး အားရှန်းကြီးကလေ...

ယောက်ျားတန်မဲ့ ချွဲနေလိုက်တာများ ကြက်သီးတောင် ထ ချင်တယ် အဟုတ်..

'ချစ်တာပေါ့ မောင်ရဲ့..လာ..ထမင်းစားကြရအောင်'

'ဟာ..မစားချင်ဘူး..မိန်းမပဲ ချစ်ချင်တာ'

ဒေါ်ရှုတီက သူ့သမီးသမုဒယရဲ့မျက်လုံးတွေကို သူမလက် ဖြင့် မကြည့်နဲ့ဆိုပြီး လှမ်း၍ပိတ်လိုက်ပါသည်။

ကဲနေလိုက်ကြတာ..အပျိုကလေးမြင်လို့ မသင့်တော် ဘူးလေ...

အားရှန်းက သူ့မိန်းမကို လာထား အာဘွားတွေရော.. အကြွင်နာတွေပါ တရစပ်ပေးနေလိုက်တာ..

ချောင်းနေတဲ့လူတွေမှ အားမနာ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မ . . ပြောတော့ဖြင့် ဆင်ဖမ်းမယ် ကျားဖမ်းမယ် ဆိုပဲ . .

အောင်အောင်ကျော်ပိုးက သူ့ညီကို မျက်စပစ်ပြသည်။

'အလကား . . ငါတို့မှာ အိပ်ရေးပျက်တယ်၊ လင်ရှေ့ရောက်ရင် တစ်မျိုး၊ ကွယ်ရာကျ တစ်မျိုး၊ စိတ်ကိုက မူမမှန်ချင်ဘူး . . လာ သွားအိပ်မယ်'

* * *

ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



## ဂွန်စောရဲ့ စာသင်ခုံရှီးအစ

သမုဒယက ဂွန်စောလက်ကိုဆွဲပြီး လဝန်းရိပ်ငြိမ်ခြံထဲသို့ လှမ်းဝင်လာပါသည်။

သူငယ်တန်းသင်မည့် တာဝန်ကျဆရာမလေးက ပြုံးရွှင်စွာ ဆီးကြိုရှာသည်။

'လာ . . လာ . . သားလေးနာမည် ဘယ်သူလဲ'

ဂွန်စောက ဘာမပြော ညာမပြောဖြင့် သူ့အိတ်ကပ်ထဲက ပိုးဟပ်အရုပ်ကိုထုတ်ပြီး ဆရာမရှေ့သို့ လှမ်း၍ပစ်လိုက်သည်။

ပိုးဟပ်နှင့်စစ်ဖြစ်ထားသော ဆရာမမှာ . . တကယ့်ပိုးဟပ်



www.burmeseclassic.com

www.burmeseclassic.com



အစစ် ထင်ပြီး လက်နှစ်ဖက်ဖြင့် ထဘီကိုမ,ကာ ပတ်ပတ်ပြီး ပြေးနေတော့သည်။

'ပိုး. . . ပိုးဟပ်ကြီး ဆရာရေ. . . ကယ်ပါဦး ဟိုမှာ ပိုးဟပ်ကြီး'

ဝက်ဝက်ကွဲအော်သံ အဆုံးမှာ လမင်းသူရ ပြေးထွက်လာသည်။

အခြေအနေက ဇရှုတ်သုတ်ခကို ဖြစ်လို့. . .

ဒီနေ့မှ ကျူရှင်လာတက်သော ဂျွန်စောက သူ့ဆရာမကို ကြည့်ပြီး ခွက်ထိုးခွက်လန်ကို ရယ်နေတာ. . အမယ် အမေလုပ်သူကလည်း ကိုယ့်သားကိုယ်မဆုံးမဘဲ သူပါ ရောပြီး ရယ်နေသေးတာ. . . .

'ဟာ. . ဟော့. . ဟော့. . မလုပ်နဲ့လေ၊ သူက ပိုးဟပ်ဆိုရင် အသေကြောက်တာ ပြန်ယူလိုက် မြန်မြန်'

'အမယ်လေး အရှုပ်ပါရှင့်. . အဖြစ်က သည်းနေလိုက်တာ ဆရာမက ဒီလောက်ကြောက်ပြနေမှတော့ ကလေးကို ဘယ်လိုလုပ်ပြီး စာသင်မှာလဲ'

သမုဒယရဲ့အပြစ်တင်သံက မကျေမနပ်ဖြင့် ထွက်ပေါ်လာပါသည်။





'ဒီမှာက စည်းနဲ့ကမ်းနဲ့နေမှ ဖြစ်မှာ. . ကျွန်တော်တို့စည်းကမ်းလိုက်နာနိုင်မှလက်ခံတယ်. . ပြောဆိုဆုံးမလို့မရရင်တော့ ကြိမ်လုံးက size စုံ ရှိတယ်ခင်ဗျ. . ကြိုက်ရာရွေးပဲ'

'ရိုက်ဖို့မပြောနဲ့ ရွယ်ရုံတင် ရွယ်ကြည့်စမ်းပါ. . သမုဒယလက်ကြောတင်းတာ သိသွားစေရမယ်. . . နှစ်ကူးရင် ဂျုံနယ်နေကျလက်နော်. . လက်ဆက ကျွမ်းပြီးသားပဲ'

'ခင်ဗျား ဆရာတစ်ယောက်ရဲ့ ကျင့်ဝတ်ကို ဘယ်လောက်နားလည်လို့လဲ. . တပည့်ကို မချစ်လို့ရှိရင် ပစ်ထားလိုက်မှာပေါ့. . ခုလိုမျိုး အမုန်းခံနေမှာမဟုတ်ဘူး၊ ကျွန်တော်က မျက်နှာမရွေးဘူး အတန်းမရွေးဘူး. . ဆယ်တန်းလည်း ကျွန်တော် ရိုက်ချင်ရိုက်တာပဲ၊ ခင်ဗျားလည်း ကိုယ့်သားကိုယ်ချစ်တယ်ဆိုရင် အခုကတည်းက ဆုံးမထား၊ နို့မို့ကြီးလာမှဆိုရင် နားရွက်အကိုက်ခံနေရမှာ. . ခင်ဗျားတို့လင်မယားကြည့်ရတာ ကလေးကို တော်တော်အလိုလိုက်မယ့်ပုံပဲ'

သမုဒယက ရှက်ကိုးရှက်ကန်း မလုံမလဲတွေ ဖြစ်လာရင်း မျက်နှာပါ ရှုံ့မဲ့လာသည်။

ရှင် ဘာစကားပြောတာလဲ. . ကျွန်မက အပျိုရှင့်. . အပျိုဘာယောက်ျား ဘာကလေးမှ မရှိဘူး. . ရှင် စကားကို ဆင်ဆင်ခြင်ခြင် ပြောသင့်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'မသိပါဘူးဗျာ ကျွန်တော်က ခင်ဗျားကို ကိုအားရှန်းမိန်းမ ထင်လို့'

'ဒီလောက်ပြောနေတဲ့ကြားထဲက ပြောပြန်ပြီ. . ကိုအားရှန်းက ကျွန်မအစ်မ သင်းသင်းရဲ့ယောကျ်ားရှင့် မသိဘဲ ရမ်းသမ်းပြော မနေနဲ့'

ဘာလို့မသိရမှာလဲ၊ သမုဒယ ဆိုတဲ့နာမည်ကြားကတည်းက အောင်အောင်ကျင်ပိုးရဲ့ ညီမဆိုတာ သိပြီးပြီ။ သင်းသင်းနာမည် ပါလာတော့ ပိုပြီး သေချာသွားသည်။

တမင် စ,ချင်လို့ကို ပေမရှည် ရှည်အောင် စ,နေခြင်း ဖြစ်ပါသည်။

'မင်း. . အောင်အောင်ကျင်ပိုးရဲ့ညီမ မဟုတ်လား. . ဘဲမလေးလေ. . ဟား. . ဟား. . ခုကျတော့လည်း ဘဲမကြီး ဖြစ်လာပြီပဲ'

သမုဒယက မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း စဉ်းစားနေပုံရလေသည်။

'ဘာတွေ စဉ်းစားနေတာလဲကွ၊ အစ်ကိုက လမင်းသူရလေ မင်းတို့အိမ်မှာ လာ လာဆော့နေတာ မမှတ်မိဘူးလား'

'ရှင်. . ရှင်က တကယ်ပဲ ကိုကိုလမင်းလား'

'ဒါပေါ့'





'ဒါဖြင့် ရှင်ဟိုဘက်လှည့်. . ပုဆိုးကလေး လှန်လိုက်'

'ဘာလဲ. . ဘာလုပ်မလို့လဲ'

'ရှင်သာ ကိုကိုလမင်းဆိုရင် ခြေသလုံးမှာ ခွေးကိုက်ရာတွေ ရှိရမှာပေါ့. . တွမ်ကိုးက ဒီကျူရှင် ကိုကိုလမင်းဟာဆိုတာ ဘာလို့ မပြောတာလဲ မသိဘူး. . ခုတော့ အားနာစရာတွေဖြစ်ကုန်ပြီ'

'နေစမ်းပါဦး. . ကိုယ့်ကို ခွေးတွေဝိုင်းကိုက်တာ မင်းမှတ်မိတယ်ပေါ့. . ခုထိမမေ့သေးဘူးလား ယယ'

'မမေ့ပါဘူး ယယကြောင့်ဖြစ်ရတာပဲဟာ. . ပြန်တွေးလိုက်တိုင်းကြောက်နေတုန်းပဲ. . အဲဒီတုန်းက ကိုကိုလမင်းသာ ဝင်မကယ်ရင် ယယတော့ ကြောက်တာနဲ့မေ့လဲနေမှာ. . တကယ်တော့ ကိုကိုလမင်းကျေးဇူးတွေက ယယအပေါ်မှာ အများကြီးပဲ'

အတိတ်စာမျက်နှာမှာ ခွေးက ငါးကောင်၊ ကောင်မလေးက တစ်ယောက်။

လူမယဉ်တဲ့ ခွေးတွေက သမုဒယ. . ဆိုတဲ့ကောင်မလေး နောက်ကို အငြိုးတကြီးနဲ့လိုက်ပြီး ခုပဲ ကိုက်မယ့်ဖြတ်မယ့်ပုံစံတွေ။

အဲဒီနေ့က လမင်းသူရဆိုတဲ့ကောင်လေးဟာ မားခုတ်ရာ လက်ဝင်လျှိုတာမဟုတ် ခွေးကိုက်ရာခြေဝင်လျှိုသလို ဖြစ်ပြီး ခွေးငါးကောင်ရဲ့ ဝိုင်းသမခြင်းကို ပယ်ပယ်နယ်နယ်ခံလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကလေးတွေ ပြူးကျယ်ပြီး သွေးမရှိသလို ဖြူဖပ်ဖြူရော်ဖြစ်နေတဲ့ သမုဒ္ဒယကို ပွေ့ချီပြီး ထွက်အပြေးမှာ သူ့ခြေသလုံးတစ်ဖက် ခွေးကိုက်ခြင်းခံလိုက်ရပါသည်။ အရိုးတခြားအသားတခြားဖြစ်ဖို့ မိနစ်ပိုင်းအလိုမှာ လူကြီးတွေရောက်လာလို့သာ တော်တော့သည်။

သမုဒ္ဒယက ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်လောက်. . . ကလေးအရွယ်မှာ လမင်းသူရက တစ်ဆယ့်ငါးနှစ် လူပျိုပေါက် မြီးကောင်ထီးကလေးပေါ့. . .။

အဲဒီအကြောင်း ပြန်ကိုမတွေးချင်ဘူး. . ရင်နာလွန်းလို့. . သမုဒ္ဒယကောင်းမှုကြောင့် ချက် ပတ်ပတ်လည်မှာ ဆေးဆယ့်လေးလုံး အထိုးခံလိုက်ရတာ ဘဝမှာ တစ်သက်မမေ့စရာပါ။

ဒီထက်ပိုဆိုးတာက လူကို ခွေးရူးပြန်မပြန် ပြူးတူးပြူတဲနဲ့ စောင့်ကြည့်ကြတဲ့ အဖေနဲ့အမေကြောင့်ပဲ. . .။

ရေသောက်နည်းရင်လည်း

'ဒါကြောင့် ငါမပြောဘူးလား. . ခွေးရူးပြန်ရင် ရေကြောက်ပါတယ်ဆိုမှ'. . အဲဒီလိုက တစ်မျိုး။

နေစူးလို့ အရိပ်ကွယ်တဲ့ဘက် ရွှေ့ထိုင်ပြန်တော့လည်း. .

'ခွေးရူးပြန်လို့ အမှောင်ထဲမှာနေချင်တာ'ဆိုတာက တစ်ဖုံ





အိုး. . အဲဒီကာလလောက် ဘဝမှာ စိတ်ကျဉ်းကျပ်တာမျိုး မရှိခဲ့ဘူး။

အဲဒီအချိန်ကစပြီး အမေက သမုဒ္ဒယဆို တစ်သက် ကြည့်လို့မရတော့ဘူးတဲ့. . သူ့ကြောင့် ငါ့သားလေး ခံရတာဆိုပြီး အထင်တွေစောင်း၊ အမြင်တွေစောင်းသွားလိုက်တာ လမင်းတို့အိမ်မပြောင်းခင်အထိမဲ။

'ကိုကိုလမင်း. . ဘာတွေ တွေးနေတာလဲ. . အန်တီရောနေကောင်းလားဟင်. . . အိမ်ပြောင်းသွားပြီးကတည်းက ယယတို့မတွေ့ရတော့တာနော်'

'ဟုတ်တယ် အောင်အောင်နဲ့တောင် ပြီးခဲ့တဲ့နှစ်က လက်ဖက်ရည်ဆိုင်မှာ ပြန်တွေ့ကြတာ'

လမင်းသူရတို့ နေတဲ့. . အခွေဆိုင် အိမ်ကြီးကို ရောင်းပြီး ဘောက်ထော်ဘက်မှာ ခြံဝယ်ပြီး ပြောင်းနေကတည်းက မတွေ့ရတော့တာ ဖြစ်သည်။

'တွေ့မှာပေါ့. . အခု ယယတို့ ဘောက်ထော်ကိုပြောင်းလာပြီလေ'

စကားတွေ ကောင်းနေလိုက်ကြတာ အမှောင်မပြတ်နိုင်တော့ ဂျွန်စောက မျက်နှာကလေး စူပုပ်ပြီး သူ့အဒေါ်ကိုခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အီ. . အိ'

'ဩော်. . သားက အီအီးပါချင်လို့လား. . အိမ်နောက်ဖေးမှာ ရှိတယ်. . မြန်မြန်သွား၊ ကလေးထွက်ကျတော့မယ် ထင်တယ်၊ မျက်နှာကြီး ရှုံ့မဲ့နေပြီ'

'အီအိရေ. . အိမ်ပြန်မယ်'

'အိမ်ပြန်ပြီး ပါမလို့ထင်တယ်'

'သူက အဒေါ်ကို တရုတ်လို အီအိလို့ခေါ်တာ အီအီးပြောတာ မဟုတ်ဘူး'

'ဒီလိုလား. . သား အိမ်ပြန်လို့မရသေးဘူးနော်. . စာသင်ရဦးမယ်. . ဆရာမရေ. . ကလေး လာခေါ်တော့'

ဆရာမခမျာ ခုနက ပိုးဟပ်အရှိန်ကြောင့် အကြောက်မပြေသေးဘဲ သတိအနေအထားဖြင့် ဂျွန်စောအနား ကပ်လာသည်။

'သူ့ကို ထားခဲ့တော့ ယယ. . နောက် နှစ်နာရီလောက်နေမှ လာပြန်ကြိုပေါ့'

'အီအိရေ. . သား ပြန်လိုက်မယ် စာမသင်ဘူး. . အီး. .'

အာပြဲကြီးနှင့် ငိုတတ်အော်နေသော ဂျွန်စောကို အတင်းဆွဲထားရသည်။ ဟိုမယ်မင်းကြီးမက သွားပါဆိုမှ မျက်ရည်လေးတစမ်းစမ်းနှင့် အလွမ်းသယ်နေသေးသည်။





'သား. . လာ. . ဆရာမတို့ ဟိုမှာ ရွှေငါးလေးတွေ သွားကြည့်ကြမယ်'

ဆရာမတင်လေးဝေက ဂျွန်စောကို အာရုံပြောင်းလိုက်လေသည်။

အလှမွေးထားသောငါးလေးတွေ မှန်ပုံးထဲမှာ ကူးခတ်နေတာတွေ့တော့ ကလေးက သူ့အဒေါ်ကို မေ့သွားပုံရသည်။ ကြည့်ရတာ ဒီကောင် စာကလွဲရင် အကုန်စိတ်ဝင်စားမည့်ပုံပဲ။

'အမယ်လေး. . တော်ပါသေးရဲ့၊ ကိုကိုလမင်းရေ. . ယယ သွားပြီနော်'

လှုပ်လီလှုပ်လဲ့ကလေး လျှောက်လှမ်းသွားသော သမုဒယရဲ့နောက်ပိုင်းအလှကို ကြည့်ရတာ ရင်တဖိုဖိုရှိလှသည်။ မကြည့်ဘဲလည်း မနေနိုင်။

ကိုယ်တိုင် ကားမောင်းပြီးထွက်သွားသော သမုဒယနှင့် သူ့ကြားမှာ တစ်ခုခုလွဲချော်နေသည်။

မျက်နှာချင်းဆိုင် စကားတွေပြောနေတုန်းမှာ Heart Rate က Normal ပဲ. . အေးအေးဆေးဆေးနှင့် ဣန္ဒြေရသလောက်. . နောက်ပိုင်းအလှကို မြင်မှ တစ်ဆတိုးပြီး မြန်ကုန်တာ ဘာကြောင့်မှန်းကို မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဂွန်စောက ငါးတွေကိုကြည့်ပြီး ပျော်နေပြီဖြစ်သည်။

ထိုစဉ် ဒေါ်လမင်း ဈေးမှပြန်လာလေသည်။

'ပူလိုက်တာမှ ခြစ်ခြစ်တောက်ပဲ သားရေ့. . ဒီနေလုံးကြီးက ငါ့နောက် တကောက်ကောက်လိုက်နေသလိုပဲ'

လမင်းသူရသည် သူ့အမေလက်ထဲမှဈေးခြင်းကို ယူဆွဲပေးပြီး. . .

'အမေကလည်းလေ. . ပေါက်ကရတွေ ပြောတော့မယ်'

'ဟယ်. . ဟိုကလေးလေး ရောက်နေပြီလား. . . ချစ်စရာလေးကွယ်. . သားရေ. . ဘွားဘွားဆီ လာပါဦးကွယ့်'

'ဘာလို့လာရမှာလဲ. . မလာချင်ပါဘူး'

'ဟယ်. . ကြည့်စမ်း. . ကြည့်စမ်း. . လူကြီးကို၊ ဒါနဲ့ ဟိုနေ့က မင်းပြောတော့ လူယဉ်ကျေးကလေးဆို'

'ရွဲ့ပြောတာ အမေရေ. . ရွဲ့ပြောတာ၊ သူ့ကိုပြုပြင်ဖို့ အမေ တာဝန်ယူရမယ်နော်'

'ငါ့ကိုယုံတယ်ပေါ့. . ငါပြုပြင်ပေးရင် မင်းတပည့်တွေ ထိန်းမနိုင်သိမ်းမရဖြစ်တယ်ဆို'

'အမေကလဲ. . အငေါ်တူးနေပြန်ပြီ'

ဂွန်စောက ပေါ်ကလေး. . ။





သူ့အဒေါ် ပြန်သွားသည်နှင့် အချိုးတစ်မျိုး ပြောင်းသွားလေသည်။ ဖတ်ဆို သူ့ဆရာအနား ပြေးကပ်လာပြီး

'ဆရာ. . အဲဒီအဘွားကြီးကို ကြိမ်လုံးနဲ့ရိုက်လေ. . စကားပြောရင် နင်တွေငါတွေနဲ့ပြောနေတယ်'

'ဘုရားရေ့. . . မင်းက ငါတို့ သားအမိကို ရန်တိုက်ပေးနေတယ်ပေါ့'

ဂွန်စောက တဟီးဟီးရယ်ပြီး ခေါင်းညိတ်ပြသည်။

'အမေ အတာပ်ဟောလိုက်မယ် သား. . ဒီကလေးက မင်းရဲ့ ဆယ်တန်းတပည့်တွေထက် ဆယ်ဆပိုကဲလိမ့်မယ်'

'တဖြည်းဖြည်းပြင်ယူရမှာပေါ့ အမေရယ်. . နောက်ပြီး သူက တခြားသူမှမဟုတ်တာ. . အောင်အောင့်တူလေးလေ'

'အောင်အောင်ဆိုတာ ဘယ်သူတုန်း'

တော်ပါသေးရဲ့. . အမေ မမှတ်မိတော့လို့။ အရင်လိုစိတ်မျိုးနဲ့သာဆို သူ့သားကို ခွေးကိုက်ခံရအောင် လုပ်တယ်ဆိုပြီး အိမ်ရိပ်တောင် အနင်းခံမည်မဟုတ်။

'သားသူငယ်ချင်းတစ်ယောက်ပါ အမေရဲ့'

'အေးကွယ်. . ဒါဆိုလည်း အမေတို့မှာ တာဝန်ရှိတာပေါ့၊ မြေးလေးနာမည် ဘယ်လိုခေါ်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဂျွန်စော'

'သားက လိမ္မာသားပဲ . . တင်လေးဝေရေ . . အန်တီ့ကို ကြောင်အိမ်ပေါ်က သကြားလုံးဘူးနဲ့ဘီစကစ်ဘူး ယူပေးစမ်းကွယ်'

ဒါမျိုးဆို ဂျွန်စောတို့က မခေါ်ရပါဘဲနှင့် ဒေါ်လမင်းအနားကို အော်တိုရောက်သွားသည်။

'ဘွားဘွား . . အဲဒါ သားကိုကျွေးမှာလားဟင်'

'ဒါပေါ့ . . သားလိမ္မာရင် နေ့တိုင်းကျွေးမှာ'

ဒေါ်လမင်းက ဂျွန်စောကို lecture တွေ စပြီး ရိုက်သွင်းပါတော့သည်။

'သားလေး . . လူကြီးတွေခေါ်ရင် ဗျာ . . လို့ ထူးရမယ်နော် ကြားလား . . ပြန်ပြောပါဦး . . ဘယ်လိုထူးရလဲ'

'ဗျာ'

'တော်လိုက်တဲ့ ကလေးကွယ် . . ရော့ သကြားလုံးစား'

အပေးအယူ အတိုင်အဖောက်တွေ ညီနေကြပြီ။

ဒေါ်လမင်းက နောက်တစ်ဆင့်တက်ပြီး

'လောကမှာ လူတိုင်းလူတိုင်းမှာ ရုပ်ရယ်၊ နာမ်ရယ်ပဲ ရှိတာ သားမှတ်ထားနော်၊ ရုပ်ဆိုတာက အမြဲဖောက်ပြန်နေတာ . . အဲဒီဖောက်ပြန်နေတဲ့သဘောတရားကိုလိုက်ပြီး ခံစားနေတာက နာမ်တဲ့၊





ရုပ်နဲ့နာမ်နဲ့တွဲမှ အလုပ်ဖြစ်တာ . . ပြန်ပြောပါဦး သား . . ဘာနဲ့ဘာတွဲရမလဲ'

'ရုပ်နဲ့နာမ်'

ဘယ်ဆိုးလို့လဲ . . အမေတို့များ သကြားလုံးတန်ခိုးနဲ့အလုပ်ကိုဖြစ်လို့ . .

'အမေ . . ဒီကလေးက ဆယ်တန်းကလေး မဟုတ်ဘူးလေ၊ အမေ့ဒိုင်တွေက နည်းနည်းမြင့်နေသလားလို့ ပြန်လျှော့လိုက်ဦး'

'ဟေ ဟုတ်လား၊အေး . . အေး ဘုရားဟောတဲ့တရားတော်တွေဇာတ်နိပါတ်တော်လေးတွေ နောက်မှပြောပြရမယ် ခုတော့ သားစာသွားရေးလိုက်ဦးနော် . . ဟိုမှာသူငယ်ချင်းတွေ စောင့်နေပြီ'

'ဟုတ်ကဲ့ . . ဘွားဘွား'

ဒေါ်လမင်းက ကလေးကိုပြန်ပြီး စမ်းသပ်လိုသဖြင့်

'ဂျွန်စော'

'ဝေး . .'

'ဟယ် . . ဒီကလေး . . ဗျာလို့ထူးပါဆို'

'ဗျာထူးရင် သကြားလုံးပေး'

လမင်းသူရဲက မိခင်နှင့်သူ့တပည့်လေး ဖြစ်ပျက်နေတာကို ကြည့်ပြီး ကျိတ်ရယ်နေရသည်။ *



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

လမ်းသူရသည် ဂျွန်စော၏လက်ကလေးကို ကိုင်ပြီး လက်ထပ်သင်ပေးနေသည်။

'စလုံး. . သား လိုက်ဆိုစမ်း. . စလုံး'

'ဆလိမ်. . ဆလိမ်'

စလုံး ဆိုနိုင်းတာ ဆလိမ်တဲ့. . .

'ဂျွန်စော. . ဆရာစိတ်ဆိုးရင် ဘာလုပ်သလဲသိတယ်နော်'

'စိတ်ဆိုးရင် အပြတ်ပိုးပစ်လိုက်ပေါ့'

'ဟော့ကောင်. . မင်းအသက် ငါးနှစ်ပဲ ရှိသေးတာနော်. . . ဆယ့်ငါးနှစ်မဟုတ်ဘူး. . ဧကန္တ ဒါ သူ့ဦးလေးတွေလက်ချက်ပဲ ဖြစ်ရမယ်'

ဂျွန်စောက ဟုတ်ကြောင်းမှန်ရာ ထောက်ခံပါသည်။





'ဟုတ်တယ် ဆရာ၊ ကူကူက ပြောတယ် ဘေဘီလေးတွေ အရမ်းမိုက်တယ်တဲ့. . အလန်းဇယား တဲ့. . ပြီးတော့လေ. . ဆရာ သိလား'

သူ့ဆရာနားနား ကပ်ပြီး ဂျွန်စောက တိုးတိုးကလေး ပြောသည်။

'ကောင်မလေးတွေက အသက်ရှည်ဆေးတဲ့'

ဘုရား. . ဘုရား. . ကြားရတာ နားဝမှာ မချမ်းသာလိုက်တာ. . .

'မဟုတ်ဘူး သား. . အဲဒါ လုံးဝမှားတယ်. . သူတို့ပြောတာတွေ လိုက်နားမထောင်နဲ့ ကြားလား၊ နောက်တစ်ခါ အဲလို မဟုတ်တာတွေ သင်လာရင် ဆရာစိတ်ဆိုးမှာနော်'

'ဟုတ်ကဲ့'

စာရေးကလည်း ပျင်း၊ စာကျက်ရမှာ ပိုတောင် ပျင်းတဲ့. . ဂျွန်စောကို သူ့အဒေါ်ရဲ့စိန်ခေါ် စကားကြောင့် အသေဖိပြီး သင်နေရသည်။

ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းမှုပြုဖို့ကျတော့ အင်မတန်မှစိတ်ဝင်စားလေသည်။

လူက စာသာရေးနေတာ နားက ဘယ်သူဘာပြောသလဲဆို



www.burmeseclassic.com

www.burmeseclassic.com



တာကို စွဲထားပြီးသား။ ပထမဆုံး ကံစမ်းမဲပေါက်သွားသူက ဦးသူရ ဖြစ်သည်။

ဒေါ်လမင်းက ဦးသူရကိုပြောဆိုသမျှ အကုန်သူလိုက်မှတ်ထားသည်။

'ကိုကိုရေ. . အားလူးကက်သလိတ် စားချင်တယ်. . . လုပ်ကျွေးပါဦး'

'ကိုကိုရေ. . ဟိုကောင်မက ဘာပြီတီတီလာလုပ်တာလဲ'

'ကိုကို. . ဒီနေ့ ဒန့်သလွန်သီးချဉ်ရည်ဟင်း ချက်ထားတယ်'

'ကိုကို. . ဇက်ကြောတွေ တက်နေလို့ ဆွဲပေးပါဦး'

'ကိုကို. . ဈေးဘက်ရောက်ရင် နှင်းဆီပန်းဝယ်ခဲ့ပေးပါ'

စသဖြင့်. . စသဖြင့်ပေါ့လေ. . သူ့အာရုံထဲမှာ သူ့ခေါင်းထဲမှာ ဦးသူရဆိုတဲ့ အဘိုးကြီးကို 'ကိုကို'ဟုသာ မှတ်ပြီးသားဖြစ်နေသည်။

တစ်နေ့ အိမ်စာတွေ မရေးလာလို့ ဒဏ်ပေးခံထားရသော ဂျွန်စောတစ်ယောက် လက်ပိုက်ပြီးရပ်နေရာမှ ဗိုက်က နာလာလေသည်။

စားလာတာကလည်း တနင့်တပိုးဆိုတော့ ပြန်ထုတ်ချင်ပုံရသည်။



BURMESE CLASSIC .com



တခြားအတန်းတွေကို စာပြပေးနေသော ဆရာကိုလည်း ကြောက်ရသေးသည်။

နောက်ဆုံး အန္တရာယ်ကိုမလွှဲနိုင်သည့်အဆုံးမှာ သတင်းစာထိုင်ဖတ်နေသော ဦးသူရကို လှမ်းခေါ်သည်။

'ကိုကိုရေ. . အီအီးပါချင်လို့'

ဟိုကလည်း သူ့ကို ခေါ်မှန်း မသိတော့. . သတင်းစာက အဖတ်မပျက်။

ဂျွန်စောအသံက ပိုကျယ်လာသည်။

'ဟေ့လူကြီး သတင်းစာဖတ်နေတဲ့ ကိုကိုရေ. . သားသားကို အီးလိုက်ကုံးပေး'

ဦးသူရခမျာ အဲဒီအချိန်ကျမှပဲ သူ့ကိုခေါ်မှန်းသိတော့၏။

ဂျွန်စောက သူ့ဖင် သူပိတ်ပြီး ခုန်ဆွခုန်ဆွ ဂနာမငြိမ်ဖြစ်နေပြီ။

ဦးသူရလည်း မနေသာတော့ဘဲ မျက်မှန်ကိုချွတ်၊ သတင်းစာကိုချပြီး ဂျွန်စောကို အိမ်သာလိုက်ပို့ပေးရသည်။

မီးဖိုချောင်မှာ ချက်ပြုတ်နေသော ဒေါ်လမင်းက

'သားလေး. . အီးပါမလို့လား. . ပြီးရင် ဘွားဘွားကုံးပေးမယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း. . ဟင့်အင်း. ကိုကို ကုံးပေးမှာ'

'ဟဲ့. ဘယ်က ကိုကိုလဲ'

'ဘွားဘွားကြီးကိုကိုလေ'

ဦးသူရကို လက်ညှိုးထိုးပြီးပြသောအခါ ဦးသူရက

'အဲဒါ မင်းကြောင့်. . ကလေးတွေရှေ့မှာ မဆင်မခြင်ခေါ်ဦး'

'တစ်သက်လုံးခေါ်လာတာပဲ ကိုကိုရယ်. . ဘယ်သူမှလိုက်မခေါ်ပါဘူးရှင်၊ ဒီကလေးကျမှပဲ. . .'

'ကိုကို ပြီးပြီ'

'ငှါသားတပည့်တွေထဲမှာ ဒီကလေးတော့ ငါလက်မြှောက်တယ်ကွာ. . ကိုင်း. . ကိုကို လာပြီ. . အဲလေ. . ဘိုးဘိုးကြီးလာပြီ'

ဦးသူရက ရေဖြင့် သေသေချာချာ အကျအန ဆေးပေးပါသည်။

အဲဒါကိုမှ ဂျွန်စောက ထပ်ပြီး အတွန့်တက်သေးသည်။

'ဆပ်ပြာနဲ့ကုံးပေး'

'ပေါင်ဒါလိမ်းပေး'

သူ့အလိုကျတွေချည်း လုပ်ပေးနေရသည်။

တော်တော် အသန့်အပြန့်ကြိုက်သည့်ကောင်။





ဖင်တောင်မှ ပေါင်ဒါလိမ်းပေးရဦးမတဲ့။

ဦးသူရတို့ ခံလိုက်ရပါသည်။ ပယ်ပယ်နှယ်နှယ်ကြီးကို ခံလိုက်ရသည်။

တစ်သက်နှင့်တစ်ကိုယ် ရပ်ကွက်လူကြီးလုပ်လာတာ. . ဘယ်သူမှကိုယ့်ကို ခိုင်းဖူးတာမဟုတ်. . ဒီကလေးနှင့်ကျမှ. . .

* * *

မုပိုင်နှင်းဆီကို Facebook ပေါ်တွင်လည်း အားပေးနိုင်ပါသည်။

Find "Mu Paing Rose"on Facebook and become a fan



www.burmeseclassic.com

www.burmeseclassic.com

## ရွှေငါးကလေးတွေ ဘယ်ကိုရောက်

ငါးကလေးတွေကို အစာကျွေးနေသော မြဝင်းက ရွှေငါး တစ်ကောင်လျော့နေကြောင်း သတင်းပို့လာသည်။

တစ်နေ့ကတင် ရှိနေသေးတာ. . မှန်ပုံးထဲက ငါးက ဘယ်လိုလုပ်ထွက်နိုင်မှာမို့လဲ. . . ထူးဆန်းနေပါသည်။

ပိုပြီးထူးဆန်းတာက နောက်တစ်နေ့မှာ နောက်တစ်ကောင် ထပ်လျော့သွားပြန်သည်။

ဒါ သွေးရိုးသားရိုး မဟုတ်တော့. . .

တစ်အိမ်လုံးကိုမှာထားရသည်။ ဒီငါးပုံးကို သေသေချာချာ စောင့်ကြည့်ဖို့. . .





သမုဒ္ဒယကျင်ပိုးက ဂွ‌န်စောကို လာကြိုပါသည်။ မျက်နှာက ခါတိုင်းနှင့်မတူ. . . ပြုံးချိုရွှင်ပျနေသည်။

'ကိုကိုလမင်း. . . ဘာတွေ ပွစိပွစိဖြစ်နေတာလဲ'

'ဘာဖြစ်ရမှာလဲ. . . မှန်ပုံးထဲက ရွှေငါးတွေ ပျောက်ကုန်လို့လေ'

'ဟင်. . . ဟုတ်လို့လား'

သမုဒ္ဒယမျက်လုံးထဲတွင် အရိုးပဲ ကျန်တော့သော ရွှေငါးလေးနှစ်ကောင်ကို ပြေးပြီး မြင်ယောင်လာသည်။

မနက်ကတင် ဂွန်စောလက်ထဲမှာ တွေ့တာ. . . မေးကြည့်တော့ သူကိုယ်တိုင် ကင်စားထားတာ တဲ့. . . တော်တော် ချိုတယ်ဆိုပဲ။ ဘယ်က ရလာတာလဲလို့ မေးတော့ ကိုယ်တော်ချောက မဖြေပါ။

အခုမှပဲ အဖြေကို တိတိကျကျ သိရတော့တာ ဖြစ်သည်။

ခက်တာက ဒါ ကျွန်မတူကလေး ယူသွားပြီး ကင်စားလိုက်တာလို့ ဘယ်လိုပြောရမှာလဲ. . .

'သူတို့မိဘတွေက ငါး ဝယ်မကျွေးဘူးနဲ့ တူတယ်. . . ငါး မစားဖူးလို့ မှန်ပုံးထဲက ငါးမှ ယူသွားရတယ်လို့. . တွေ့လို့ကတော့ နာပြီသာ မှတ်'



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူမျက်နှာ ဆင်မည်း မကြည့်ဖူးတဲ့. . .

'သားရေ. . . လာ. . ပြန်ရအောင်'

သမုဒယက ဂွန်စောကို ချော့ခေါ်ပြီး ပျာပျာသလဲ ဆင်းချသွားသည်။

ခါတိုင်းဆို 'ကိုကိုလမင်းရေ. . . 'ဘာညာ ဆိုပြီး နှုတ်ဆက်ဖော်ရသေးသည်။ ဒီနေ့ကျမှ ထူးဆန်းနေသော သမုဒယကို လမင်းသူရက အံ့ဩသလိုကြည့်ပြီး ကျန်နေခဲ့သည်။

* * *



သမုဒယမှာ ကားသာမောင်းနေရသည်။ တစ်လမ်းလုံး ဂွန်စောကို ဘယ်လိုဖျောင်းဖျပြီး နားဝင်အောင် ဆုံးမရမလဲဆိုတာ စဉ်းစားလေ စဉ်းစားရကျပ်လေပင် ဖြစ်သည်။

ဆူပူမာန်မဲဖို့လည်း မလုပ်ရက်သလို ခုလိုမျိုး သူများ မွေးထားတဲ့ငါးကို ယူပြီး ကင်စားပစ်တာကိုလည်း လက်သင့်မခံနိုင်ချေ။ ပြီးတော့ ဒီကလေးက ကြွမ်းကြွမ်းကိုင်ပြီး တဲ့တဲ့ပြောရင် ပိုပြီး ရွဲ့တတ်သည်မို့ အနုနည်းဖြင့် သွယ်ဝိုက်ပြီး ပြောမှသာ တော်ကာကျပေမည်။

'သားလေး. . . သားကို အီအိပြောစရာရှိတယ်. . သေသေချာချာ နားထောင်နော်. . . အီအိ နိုင်ငံခြားသတင်းတစ်ပုဒ် ဖတ်ဖူးတယ် သိလား. . . ငါးဆိုတာ ဟိုးပင်လယ်ကြီးထဲက ငါးမှ စားလို့ရတာတဲ့. . . အဲဒါမှ ပါဝါရိမ်းဂျားလို၊ Ben 10 လို လူစွမ်းကောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပေါ့. . . သားဆရာအိမ်က မုန့်ပုံးသေးသေးလေးထဲကငါး စားလို့ ဘာမှဖြစ်မလာဘူး. . နောက်တစ်ခါမစားနဲ့နော်သား. . သားစားချင်ရင် အီအိ ပင်လယ်ငါးတွေအများကြီးဝယ်ပြီး ကင်ကျွေးမယ်လေ'

စိတ်လိုလက်ရရှိပြီး သဘောကောင်းနေသော ဂျွန်စောက နောက်တစ်ခါ ယူမစားတော့ပါဘူးဟု ကတိပေးရှာသည်။

တူလေးဆိုးတာ အပြစ်မယူရက်ပါဘူးလေ. . ချစ်လွန်းအားကြီးလို့ အလိုလိုက်မိတာကိုက သူ့အပြစ်ဖြစ်နေသည်။

အဲဒီနေ့ကစပြီး သမုဒယမှာ လမင်းတို့အိမ်ကို မျက်နှာပူကာ ကျူရှင်အကြိုအပို့ကို အောင်အောင်ကျင်ပိုးအား ဂျူတီလွှဲပေးလိုက်လေသည်။

* * *



တစ်ပတ်မှာ နှစ်ရက်တွေ့နေကျ အဆစ်အပေါက်လေးနှင့် ကိုကိုလမင်းဟု ခေါ်တတ်သော ချိုအီယစ်မူးစဖွယ်အသံပိုင်ရှင်လေးကို မတွေ့ရသောအခါ တစ်ခုခု လိုနေသလို ခံစားရသည်။ မျက်နှာလိုက်တယ်ပဲ ပြောပြော. . . သူမမျက်နှာလေးကိုတော့ သိပ်မလွမ်းမိတာ ဝန်ခံပါသည်။

သမုဒယရဲ့ body structure လေးကို စွဲတာပါလို့ ပြောရင် ယောကျ်ားကလေးတွေက နားလည်ပေးနိုင်ပေမယ့် မိန်းကလေးတွေက နှာခေါင်းရှုံ့ကာ ကဲ့ရဲ့တော့မှာဖြစ်သည်။

သမုဒယကို မတွေ့ရသောအခါ သူမရဲ့အသည်းကျော်တူတော်မောင်လေးကို စေတနာတွေပိုပြီး စာတွေ နင်းကန်ဖိသင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဂျွန်စော. . . နောက်တစ်ခေါက် ထပ်ဆိုကြည့်စမ်း'

'ရာသီဥတု ပူသည်။

ထီးယူလာသလား။

ဦးဦးလာ၏။

အနားယူပါ'

လမင်းက ကလေး နားစွဲအောင် အဲထပ်ထပ် သင်ပေးပြီး စာလုံးလည်း ပေါင်းပြပြီးသင်သည်။

Home work သုံးခေါက်ရေးခဲ့ဖို့လည်း မှာရသည်။

ဒီလောက် သင်နေတာတောင်မှ ဂျွန်စောက တန်ကာ မကျချင်ပါ။

ကျောင်းမှာ အဆင့်ရေရင် သူက ဘိတ်ချေး။

လူခြောက်ဆယ်မှာ အဆင့်ခြောက်ဆယ်ရတဲ့ တပည့်။ သူ့နောက်မှာ လူမရှိတော့ပါ။ ကြာတော့ ဆရာ နာမည်ပျက်ရပါသည်။ မျက်နှာပူလို့ ကျူရှင်လခတောင်မယူဘဲ FOC သင်ပေးနေရက်နဲ့ တိုးတက်မလာတာ ဖြစ်သည်။

'ဂျွန်စောရေ. . . ပြီးပြီလား'

အောင်အောင်ကျင်ပိုးက သူ့တူကို မေးရင်းမှ လမင်းကို အဖော်ခေါ်ပါသည်။





'လမင်းရေ. . . မင်း အားရင် ငါနဲ့လိုက်ခဲ့ပေးပါလားကွာ'

'ဘယ်သွားမလို့လဲ'

'ဒီမှာလေကွာ. . . ငါ့ဟမ်းဆက် မောင်မောင် ကလိလိုက်တာ ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး. . . ဟမ်းဆက်သွားလဲမလားလို့'

'ဒီကောင် ခုထိ ဒီအကျင့် မပျောက်သေးဘူးလားကွ၊ ငယ်ငယ်ကတည်းက မင်းပစ္စည်းတွေ ယူယူ ကလိပြီး ပျက်သွားမှ တွမ်ကိုးဟာကြီးရော့. . . ဆိုပြီး ပြန်လာပေးတာ ငါမှတ်မိသေးတယ်'

'ဟုတ်တယ် လမင်းရေ. . . ဒီကောင့်အကျင့်က ခုထိ ဒီအတိုင်းပဲ. . . တလောကတောင် ငါ့ကွန်ပျူတာကို ကလိလိုက်တာ တော်တော်ကုန်သွားတယ်. . . ဘာကောင်မှန်းကို မသိတာ'

'အေး. . . အဲဒီ ဘာကောင်မှန်းမသိတာကိုဘဲ သတိထားအောင်အောင်. . . တော်ကြာ မိန်းမယူပြီး သူကလိပြီးမှ တွမ်ကိုးဟာကြီးဆိုပြီး လာထိုးပေးနေဦးမယ်. . . ဟား. . ဟား'

'A $H_1N_1$ နဲ့တိုးမယ့်ကောင်. . . ငါ့ကို ဖွဲ့ဖို့ချောင်းနေတယ်ပေါ့ ဟုတ်လား. . . မင်းကို အားနာပါးနာနဲ့မေးရဦးမယ်. . . ငါ့ညီမလေး ဘယ်လိုနေ့လဲ. . . မိုက်တယ်မဟုတ်လား. . . ငါ့မှာတော့ မင်းကို ယောက်ဖတော်ဖို့အထိတောင် စဉ်းစားထားတာ. . . ငါ့ညီမ ဒီမလာရဲအောင် မင်းဘာလုပ်လိုက်သလဲ. . . မှန်မှန်ပြောစမ်း'



www.burmeseclassic.com

www.burmeseclassic.com



အပြောအဆို ပွင့်လင်းလှသော. . . အောင်အောင့်စကားကြောင့် သူ့မျက်နှာတစ်ပြင်လုံး ရဲရဲတွတ်လာသည်။ ခုချိန်ထိ ဘယ်မိန်းမကိုမှ မပြစ်မှားခဲ့သော အူရိုင်းကလေးမို့ အချစ်အကြောင်းကြားရင် မူးချင်လာသည်။

'ဘာမှမလုပ်ရပါဘူးကွာ. . . ပြီးတော့ မင်း ဘယ်လိုပြောပြော မင်းညီမရဲ့နှပ်ချေးတွဲလောင်းရုပ်က ငါ့မျက်စိထဲက မထွက်သေးဘူး. . . ရှင်းလား'

ဒီလိုပဲ ပြောရမှာပေါ့. . . အစ်ကိုတစ်ယောက်လုံး ရှေ့မှာ မင်းညီမကို ငါ စိတ်ဝင်စားနေတယ်လို့ ပြောလို့မှ မသင့်တော်တာ။

ဟိုကောင် ငပြောင်က ဘယ်နေရာကို စိတ်ဝင်စားတာလဲလို့ မေးရင် ပိုပြီးဖြေရခက်ဦးမည်။

ယောက်ျားလေးဆိုတော့လည်း မတ်ပဲကလေးစားပြီး အိုဗာတင်းဖျော်သောက်ရဦးမှာပေါ့လေ. . .

'ဟေ့ကောင်လမင်း. . . အချိန်ရှိတုန်း ကြိုးစားကွာ. . . ငါက ငါ့ညီမမို့ ပြောတာ မဟုတ်ဘူး. . . တစ်အိမ်လုံးကို သူ ထိန်းနိုင်တယ်ကွ. . . စီးပွားရေးကြည့်မလား. . . စာရင်းကိုင် သိပ်တော်တာနော်. . . သူ့စာရင်းထဲမှာ ဘယ်တော့မှအနုတ်မပြစေရဘူး၊ အိမ်မှုကိစ္စဆိုလည်း လှည့်ကြည့်စရာကို မလိုဘူး'





'ဘာလဲ. . . သူကိုယ်တိုင် ချက်ပြုတ်တာလား'

လမင်းက တကယ်သိချင်လို့ ဝင်မေးပါသည်။

အောင်အောင်ကျင်ပိုးက

'မချက်ဘူးလေ. . . နော်ထူးကို ခိုင်းတာပေါ့၊ သူက management ကျွမ်းတယ် ဆရာ. . . နေရာစုံ ဒေါ်စွေအောင်ကို ခိုင်းတာ. . . ဒါမျိုးအိမ်ရှင်မ မင်းဘယ်မှာသွားရှာမလဲ ပြော'

'တော်ပါပြီကွာ. . . ငါတော့ သူခိုင်းမယ့်စာရင်းထဲ မပါ ပါရစေနဲ့. . . သေရာပါမယ့် ဒဏ်ရာလေး ခြေသလုံးမှာ ရှိသေးတယ်နော်'

အောင်အောင်ကျင်ပိုးက စပ်ဖြဲဖြဲရယ်ရင်း

'အချိန်က စကားပြောမှာပါကွာ. . ငါ စောင့်ကြည့်နေမယ် သိလား. . . သေချာတာက ငါ့ယောက်ဖနေရာမှာ ဂဏန်းငြိမ်တာက မင်းပဲ'

ယယသာ သိရင် ဒီလိုအစ်ကိုမျိုးရှိတဲ့အတွက် ရင်ထုမနာဖြစ်မလား မပြောတတ်ပါ။ နဂိုကမှ ဂဏန်းမငြိမ်ဖြစ်နေတဲ့ ရင်ထဲကို သေချာပေါက် ဂဏန်းတစ်ခု လာထိုးထည့်ပေးနေမှတော့. . .

* * *



www.burmeseclassic.com

www.burmeseclassic.com

'ကျူရှင်သွား. . . ကျူရှင်ပြန်. . . လွယ်အိတ်ချ. . တီဗီကြည့်'တဲ့ ဂျွန်စောတစ်ယောက် အိမ်စာပါလာတာကို မသိချင်ယောင်ဆောင်နေသည်။

သမုဒယက သူ့လွယ်အိတ်ကို ယူကြည့်တော့မှ သိရသောအခါ

'သားလေးရေ. . . အိမ်စာလုပ်မယ် လာ'

ဟု လှမ်းခေါ်သည်။

'သားရေးရ ပျင်းတယ်. . . အီအီ ရေးပေး'

'ဩော်. . . သားရယ်၊ ကိုယ်တိုင်ရေးမှ တတ်မှာပေါ့၊ ပညာမတတ်ရင် မျက်နှာ ငယ်မယ်. . သူများကို အီးကုံးပေးရမယ်. . . သိလား'





'ဟုတ်ပါဘူး အီအီ ညာပြောနေတာ၊ ပညာတတ်မှ သူများအီးကုံးပေးရတာ. . သိလည်း သိဘဲနဲ့. . ဆရာတို့အိမ်က ကိုကိုလေ. . ပညာတတ်တယ်. . ပြီးတော့ သားကို အီးကုံးပေးရတယ်'

'ပေါက်ပေါက်ရှာရှာဟယ်. . ဒါနဲ့ ကိုကိုဆိုတာ ဘယ်သူတုံး'

'ဆရာတို့အဖေလေ'

'ဘာ. . သားက လူကြီးကို ခိုင်းစရာလား. . မျက်နှာပျက်စရာတွေ ဖြစ်ကုန်ပါပြီ'

နဂိုကမှ လမင်းသူရရဲ့ ရင်အုပ်ကားကားကြီးကို ရင်ဖိုနေသော သမုဒယမှာ တူဖြစ်သူကြောင့် အလိုလိုနေရင်း မျက်နှာတွေ ပူပြီးရင်း ပူနေရသည်။

ယောက်ျားက ကြိုက်မကြိုက် မသိရတော့ မျှော်လား မမျှော်လား မသိပေမယ့် မိန်းမကြိုက်တော့ ဆိုက်ဆိုက် သွားရဦးမည်။

သူ့မိဘတွေနဲ့ တည့်အောင် ပေါင်းရဦးမည်။

'အီအီရေ. . နောက်နေ့ သားကို အီအီပဲ လိုက်ပို့ပေးနော်၊ ဟိုလူကြီးနဲ့ မသွားချင်ပါဘူး'

ဂျွန်စောတို့က တွေ့တဲ့လူကို ဖမ်းချုပ်လိုက်တာပဲ. .

'ဒါဆို စာလာရေးလေ'

ဂျွန်စောက အသာတကြည်ပင် ထ,လာပြီး လာရေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကလည်း စာလုံးတွေပေါင်းပြီး ဆိုသေးသည်။

'ရကောက် ရေးချ ရာ. .
သရေး လုံးကြီးတင်ဆန်ခတ် သီ. .
အက္ခရာ ဉ. .
တဝမ်းပူ တစ်ချောင်းငင် တု. .
ရာသီဉတု ပူသည်
လ. . ရေး လုံးကြီးတင် ဆန်ခတ် ထီ. .
ဝစ္စနှစ်လုံးပေါက် ထီး. .'

အယ်. . . ဒီကလေး ဘယ်လိုတွေ ဆိုနေပါလိမ့်။

သမုဒ္ဒယအသံတွေ ဆက်ထွက်မလာတော့ဘဲ ရပ်သွား၏။ ဒီကလေးကို ဘယ်လိုပြောရပါမည်နည်း။

အမှားကို အမှန်ပြင်ဖို့ခက်တယ်ဆိုတာ ဒါမျိုးနဲ့တူပါရဲ့. .

'ဘာမှ ထပ်ရှည်မနေနဲ့. . အဒေါ်က ထဆင်ထူးနဲ့ ထီးဆို. . ထဆင်ထူး ရေးလိုက်ပေါ့. . နင်က အကြီးလား. . ငါက အကြီးလား'

'သားသားကို လာမဆူနဲ့. . အာရုံတွေ နောက်လာပြီနော် ဟွန်း. .'

'ကြည့်စမ်း. . ကြည့်စမ်း. . အတန်းထဲမှာ အဆင့်ခြောက်





ဆယ်ရတာလည်း မပြောနဲ့လေ. . စာလုံးပေါင်းတော့လည်း တလွဲတွေ. . ပေါက်ကရတွေ. . စာမေးပွဲမှာသာ အဲလိုဖြေခဲ့ရင် ပြဿနာပဲ. . နင့်ဆရာမက အပျိုကြီးဆို ပိုဆိုးဦးမယ်. . . အမြင်ကတ်ပုဒ်မနဲ့ ကြက်ခြေခတ်အကြီးကြီးပေးလိမ့်မယ် သိလား'

အမယ်လေး. . ကိုကိုလမင်းရေ ရှင့်တပည့်ကို လာကြည့်ပါဦး. . ဘာတွေ လာပေါင်းပြနေသလဲ မသိပါဘူး။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဂျွန်စောကို လာကြိုပြီး ပြန်သွားသော သမုဒယကို လမင်း၏တပည့်အလိမ္မာကလေးတွေက ယောကျ်ားပီပီ ပယ်ပယ်နှယ်နှယ် အတင်းတုပ်နေကြသည်။

'အဲဒီအန်တီကြီးကကွာ မျက်နှာသာ မလှတာ . . body က တော့ ရှယ်ပဲ . . Girl Aloud က ကုလားရှာရွတ်ခန်စကားနဲ့ပြောရရင် ဌာန်၊ ကရိုဏ်းအကျပဲ ဟော့ကောင်'

ကြားရတာ နားဝမှာ မချမ်းသာလိုက်တာ။ သမုဒယလှတာ အားလုံးက သိနေကြပြီလား။

'ကိုယ့်စာ ကိုယ်ကျက်ကြလေ . . ကောင်းဇော် မင်းကို ငါ သင်္ချာတွက်ခိုင်းထားတာ ပြီးပလား'

'ပြီးတော့မယ် ဆရာ'





ဒေါ်လမင်းက သူ့သားကို ခန်းဆီးနောက်ကွယ်မှ အသာလက်ယပ်ပြီး ခေါ်လေသည်။

လမင်းသူရက အမေ ဘာလဲဟု မေးသောအခါ

'ခုနက ကလေးအမေလေးက သဘော သိပ်ကောင်းတာတော့၊ ဝယ်လာပေးတာတွေက မနည်းဘူး သားရဲ့ . . ဘဲကင်၊ ခေါက်ဆွဲကြော်၊ ဖက်ထုပ်ချိုချဉ်၊ ကဏန်းကော်ရည် . . အစုံပဲကွယ် . . သားစာသင်ပြီးမှ စားကြရအောင်နော် . . သူ့ခမျာ သနားစရာပါပဲဟယ် . . စိတ်ကလေးက ဖြူပါရက်နဲ့ ရုပ်က ပုံမလာရှာဘူး သားရယ်'

'အမေရယ် . . သူများသားသမီးကို မှိုချိုး မျှစ်ချိုး မပြောရဘူးလေ . . ပြီးတော့ . . သူက အပျိုအမေရဲ့၊ ဂျွန်စောလေးက သူ့တူလေးလေ'

'အပျို ဟုတ်လား . . ဒါဆိုရင်တော့ သတိ ရှေဆင်းမချိုးရဲ

အမေ့ရဲ့စကားက နည်းနည်းဆန်းနေသည်မို့ သူက . .

'ဘာဆိုင်လို့ ရှေမချိုးရမှာလဲ'

'အန္တရာယ်ရှိလို့ ပြောတာ သဘောပေါက်လား . . . မင်းကို ငါပြောထားတယ်နော် . . ချွေးမဆို ရုပ်ချောချောပဲ လိုချင်တယ်လို့ . . . အဲဒါတော့ ငါ လုံးဝ လုံးဝကို မမေ့ဘူး . . သူ့ဟာသူ ကိုယ်လုံးဘယ်လောက်လှလှ . . . ပြုတ်စားလို့ ရတာမဟုတ်ဘူး . . ဟော . .



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလေး လှမှ. . . ဒါ ကျွန်မချွေးမကလေး ဆိုပြီး. . ညွှန်ပြလှမှာပေါ့'

လမင်းသူရ နားတွေအူလာသည်။ထမင်းစားခန်းထဲမှာ ထိုင်နေသောဦးသူရက ဒေါ်လမင်းစကားကို ဝင်ပြီးကန့်ကွက်လေသည်။

'လှတာ မက်ရင် ညစာ ခက်တယ် တဲ့. . မင်း မကြားဖူးဘူးလား. . တကယ်တမ်းကျတော့ မိန်းမတွေအားလုံး အတူတူပါပဲကွာ'

သား မနိုင်. . အဖေ မဲပြီး. . ဒေါ်လမင်းက သူ့ရဲ့ငယ်နိုင်ယောက်ျားကို

'ရှင်ကပါ သားကို မြှောက်ပေးနေတာကိုး. . . မိန်းမတွေက အတူတူပဲ ပြောရအောင် ရှင်က မိန်းမဘယ်နှယောက် ယူဖူးလို့လဲဟင်'

'တစ်ယောက်နဲ့တင် နားတွေ အူနေပါပြီကွာ'

'ရှင် ဘာမှ ဝင်မပြောနဲ့. . ရှင့်ပါးစပ် ပိတ်ထား'

'ဒါဆို ဂျွန်စောအဒေါ် ပေးသွားတဲ့ စားစရာတွေ မင်း စားဦးမှာလား'

'စားဖို့လာပေးတာ စားမှာပေါ့. . ဘာဖြစ်လို့လဲ'

'မသိဘူးလေ. . ဟိုက စားစရာလေးလာပေးတာနဲ့ပဲ ကိုယ့်သားနဲ့မတူသလိုလို မတန်သလိုလို'





'ပိုးကြေးပန်းကြေးဖြစ်နေမှာစိုးလို့ ပြောတာရှင့်'

'သြော်. . လက်စသတ်တော့ မိန်းကလေးက ပိုးကြေးပန်းကြေး ပေးရတာကိုး. . . ဟားဟားဟား'

အကျယ်ကြီး အော်ရယ်နေသော ဦးသူရ၏ ဗိုက်ခေါက်ကို ဒေါ်လမင်းက ဆွဲပြီးလိမ်ပါတော့သည်။

လမင်းသူရက အခွင့်အရေးရတုန်း အသာလေး လစ်ထွက်လာခဲ့ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

လမင်းသူ့ရဲ့က အတန်းကြီးတွေကိုသာ ကိုင်ရပေမယ့် ဂျွန်စောလို သူငယ်တန်းချာတိတ်လေးကို ဆရာမတွေက လက်လန်နေသောကြောင့် ကိုယ်တိုင်ဝင်ပြီး သင်နေရခြင်းဖြစ်သည်။

'ကိုင်း . . ကိုယ်တော်လေး စာအုပ်ထုတ် . . မနေ့က ဆရာကျက်ခိုင်းလိုက်တာ ရပြီလား'

ဂျွန်စောက မျက်နှာကလေး ငယ်ရင်း ခေါင်းကလေး ရမ်းပြသည်။

'သားကို သေချာ မှာလိုက်တယ်လေ . . ရအောင် ကျက်ခဲ့ မရရင် ရိုက်မယ်လို့ ဆရာ မပြောလိုက်ဘူးလား'

'ပြောလိုက်ပါတယ်'

'ဒါဖြင့် ဘာလို့ မကျက်ခဲ့တာလဲ'





'ရုပ်နဲ့နာမ်နဲ့ စစ်တိုက်နေလို့ပါ ဆရာ'

'မင်း စာကျက်တာနဲ့ . . ဘာကိစ္စ ရုပ်တွေနာမ်တွေကို ဆွဲထည့်နေတာတုန်း'

'ရုပ်က စာကျက်မယ်လို့ပြောတာ နာမ်က လိုက်မကျက်ဘူး နာမ်က စာကျက်ချင်ပြန်တော့ ရုပ်က အိပ်ငိုက်နေတယ် ဆရာ . . အဲဒါကြောင့် သား စာမရတာ သူတို့နှစ်ကောင် မတည့်လို့'

'ဟေ'

လမင်းရဲ့အာမေဋိတ်သံက နည်းနည်း ကျယ်သွားပါသည်။

ဆရာမတွေက ကြိတ်ပြီး ရယ်နေကြသည်။ အမေ လက်ချာအပေးကောင်းလို့။ ကလေးနဲ့မတန်မရာ ရုပ်တွေ နာမ်တွေ သွားတရားပြတာကိုး။

ဟော . . အခု ကလေးက ကိုယ့်ကိုကောင်းကောင်းဆင်ခြေတွေ ပေးနေပြီ။

တော်တော်လည်း ပြောတတ်တဲ့အကောင်၊ ကြီးလာရင် ဓမ္မကထိကများ လုပ်ဦးမလား မသိပါ။ လမင်းက ရယ်ချင်စိတ်ကို ထိန်းထားပြီး

'ဒါဖြင့် အခု ရုပ်က မကျက်ချင်တာလား . . နာမ်က မကျက်ချင်တာလား'



www.burmeseclassic.com

www.burmeseclassic.com



'ရုပ်က'

'အေး. . ကောင်းပြီ စာမကျက်ချင်တဲ့ ဟောဒီရုပ်ကို ဆရာ ကြိမ်လုံးသေးသေးလေးနဲ့ ဆော်ပေးမယ်. . ဒါမှ စာကျက်ချင်လာမှာ ကဲ. . ဟိုဘက်လှည့်စမ်း စကားတောင်စားကလေး'

'မရိုက်ပါနဲ့ဆရာ သား အခုကျက်ပါ့မယ် ရုပ်ရောနာမ်ရော ကျက်ပါ့မယ် ဆရာ'

သူ့ကို ရိုက်မှာစိုးလို့ လက်အုပ်ကလေး ချီပြီး တောင်းပန်နေသော ဂျွန်စော။

'လာပြန်ပြီလား ဒီရုပ်နဲ့နာမ် နောက်တစ်ခါပြောရင် အရိုက်ခံရမယ် နားလည်လား'

'နားလည်ပါတယ် ဆရာ'

ဆရာ ထိုင်စောင့်နေမှန်းသိ၍ စာကျက်ရင်း ခိုးခိုးပြီး ကြည့်ရသေးသည်။

'ဘာလို့ ငါ့မျက်နှာပဲ ကြည့်နေတာလဲ'

'သားသား အီအိက ပြောတယ် ဆရာက အရမ်းချောတာ ပဲတဲ့. . အဲဒါကြောင့် ကြည့်တာ'

မထင်မှတ်သော စကားကြောင့် ရင်တွေဘာတွေ ခုန်သွားသေးသည်။





ဒီကောင်လေး လာနောက်နေတာများလား။

တကယ်တမ်းဆန်းစစ်ရင် ကိုယ်က ချောတယ်ဆိုတာ ဟုတ်နေသားပဲ။ ယောကျ်ားပီပီသသချောသလို သူ့အဒေါ် သမုဒ်ယထက်လည်း ပိုချောတာပဲ။

မဟုတ်က ဟုတ်ကတွေ လျှောက်ပြောပြီး ဆရာကို ဖားပြီး သကာလ စာကို ပြန်ကျက်ရသေးသည်။

'ဆရာ. . အခု သား စာကျက်တာ ရုပ်က ရသွားပြီ ခဏနေရင် နာမ်ပါ ရတော့မှာ ခဏလေးစောင့်နော်'

ဒီကလေးက တော်တော်ကြီးကို ပါးနပ်သည့်အဆင့်မှာ ရှိသည်။

သနားပေမယ့် တင်းထားရသည်။

နို့မို့ဆို သူ့အိမ်က အလိုလိုက်ပုံနှင့် ဒီကလေးပြင်လို့ပါတော့မည်မဟုတ်။

စာသင်ချိန် နှစ်နာရီပြည့်တော့ သူ့တူလေး ပြန်ကြိုဖို့ သမုဒယရဲ့ကားလေး ထိုးရပ်လာခဲ့သည်။

ခြံထဲမှာရေလောင်းနေသောဒေါ်လမင်းက သမုဒယကို ခြေဆုံးခေါင်းဆုံး လှမ်းကြည့်နေသည်။

'အန်တီ ဘာလုပ်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရေလောင်းနေတာလေ မတွေ့ဘူးလား'

'ဩော်. . ဟုတ်သားပဲ ရေလောင်းနေတာကိုး. . မနေ့က သမီးဝယ်လာပေးတဲ့ ဟင်းတွေ စားကောင်းရဲ့လား အန်တီ'

ဝယ်လာပြီးကျွေးတာ တစ်ရက်ရှိပြီဆိုတော့ ဒေါ်လမင်းက သိပ်မမှတ်မိတော့ပါ။

စားပြီး နားမလည်ဆိုတာ ဒါမျိုးပေါ့။

'ဘာဟင်းတွေလဲ. . ဘာမှလည်း လာမကျွေးဘဲနဲ့'

သမုဒယမှာ အံ့သြပြီး ဘာပြန်ပြောရမှန်းပင် မသိတော့ပါ။

'အန်တီ မစားရသေးဘူးဆိုရင် အခု သမီး ပေါက်စီနဲ့လက်ဖက်ရည်ဝယ်လာတယ်. . ပူပူလေး စားလိုက်ဦးနော်'

'အားနာစရာကွယ် ဘာလို့အများကြီးဝယ်လာရတာလဲ'

'စားပါ အန်တီရဲ့၊ သမီးက အားလုံးစားစေချင်လို့ ဝယ်လာတာ'

'သားလေး လမင်းက ပေါက်စီ မကြိုက်လို့ စားမှာ မဟုတ်ဘူးကွဲ့. . အန်တီတို့ပဲ စားလိုက်ပါ့မယ်'

ကိုကိုလမင်း စားစေချင်လို့ ဝယ်လာတဲ့ဥစ္စာ. . သမုဒယက ဒေါ်လမင်းလက်ထဲမှ ပေါက်စီအထုပ်ကို ပြန်လုချင်စိတ် ပေါက်လာသည်။ ယောက္ခမတော်ချင်လို့သာ ဖားနေရတာ အဘွားကြီးက ဘာ





ကြီးမှန်းကို မသိပါ။ စားပြီးသောက်ပြီးရင် အားမနာပါးမနာ မစားရသေးဘူး ပြောချင်ပြောနေတာ။

သမုဒယရဲ့ ထွက်ငွေတွေထဲမှာ 'လမင်း Family' အတွက် ရင်းနှီးထားရတာ ဒီနေ့ပါဆို နှစ်သောင်းတစ်ထောင့်နှစ်ရာ ရှိနေပြီ။

သေသေချာချာကို မှတ်ထားတာ. . . သမုဒယရဲ့ ရာဇဝင်မှာ လူတစ်ယောက်ကို အလကားကျွေးမွေးရိုးထုံးစံမှမရှိတာ။

သမုဒယက အိမ်ထဲကို လှမ်းအကြည့်၊ ကိုကိုလမင်း သူမကို စိုက်ကြည့်နေတာ ဖမ်းမိသွားသည်။

ဆန့်ကျင်ဘက်တွေမှာ ဆွဲအားရှိတယ် ဆိုတာ သေချာမှာပါ။

ကျေနပ်စိတ်တွေက နှလုံးအိမ်ကို ပူနွေးသွားစေသည်။

ကိုကိုလမင်းက ယယလို ဘဲမကလေးကို စိတ်ဝင်စားနေပြီလား။ လမင်းသူရမှာ သူနိုးလူမိသွားသဖြင့်ရှက်သွားပေမယ့် ဒီကောင်မလေး မျက်လုံးတော်တော်လှတာတော့ သူ ဝန်ခံရပါမည်။

ကိုယ့်ရင်ထဲက အချစ်ဆိုတာကို ပြန်ပြီး မေးခွန်းထုတ်ရလိမ့်မည်။ ယယကို နောက်ဆုံးထွက်သက်အထိ ချစ်နေနိုင်ပြီလား. . ချစ်နေခွင့်ကိုရော တစ်သက်လုံးအပိုင်လိုချင်နေပြီလား။ သေချာရေရာပြီဆိုရင် ဖွင့်ဟပြောဆိုဖို့ သတ္တိရော ရှိပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



လားပေါင်းများစွာနှင့် မေးခွန်းများရဲ့ အဖြေကို အတိအကျ ထုတ်ပေးဖို့ လိုနေပြီဖြစ်သည်။

'ဂျွန်စော ဒီနေ့ လိမ္မာရဲ့လား‥ ကိုကိုလမင်း'

'အဖြေထုတ်ဖို့ လိုနေပြီ'

အတွေးတွေလွန်နေတဲ့ လမင်းက ယောင်ပြီး စကားသံတွေ အပြင်ပြူထွက်လာသည်။

'ရှင်‥ သင်္ချာတွက်တာ အဖြေမထိုးဘူး ဟုတ်လား'

'အင်‥ ဟုတ်‥ ဟုတ်တယ် အဲဒါပြောတာ'

ဂျွန်စောက ခေါင်းကုတ်ပြီး စိတ်ညစ်လာပုံရသည်။

'ဘာသင်္ချာမှ မတွက်ဘဲနဲ့ အဖြေထိုးခိုင်းနေတယ်‥ ဆရာလည်း သွားပြီ'

တဲ့လေ။

သူ ပွစိပွစိပြောနေတာ

'ယယ ကျေးဇူးတင်တယ်နော်'

'ဘာကိုလဲ'

'ပေါက်စီဝယ်လာလို့လေ ကိုကို့အကြိုက်မို့လို့'

'ဟင်‥ ကိုကိုလမင်းအမေက ပြောတော့ ပေါက်စီမကြိုက်ဘူးဆို'





'အလကား လျှောက်ပြောနေတာ‥ ကိုယ်က ယယ ဝယ်လာကျွေးတာဆို အကုန်ကြိုက်ပြီးသား'

အဲဒီပါးစပ်ကြီးက ဘာအထာနဲ့ ဒီလိုစကားတွေ ထွက်လာတာပါလိမ့်။

အမေ့ကို ဆန့်ကျင်ပြီး ပြောဖူးတာ ဒီတစ်ခါတည်းပါ။ 'မ'နဲ့ တွေ့တော့ 'မိုက်'ဘက် ပါချင်နေပြီလား။ ဒါပေမယ့် အမေ မကြားလောက်ပါဘူးလေ။

'ပြီးရော‥ နောက်နေ့တွေ ဝယ်လာကျွေးရင်လည်း‥ စားနော်'

'ယယ‥ ကိုယ့်ကို တကယ်စေတနာရှိတာလား'

အငိုက်မှာ အမေးခံလိုက်ရတော့ ရှက်ပြီး ပါးစပ်ထဲ ရှိရာ ဖြေလိုက်မိသည်။

'ကိုကိုလမင်းက ယယကျေးဇူးရှင်ကိုး'

မြင့်မားသောသူ့အရပ်ကြီးနှင့် ခေါင်းလေးစောင်းကာ မျက်လုံးချင်းဆုံအောင် ကြည့်တတ်သော ကိုကိုလမင်းရှေ့မှာ သူမ ကြာကြာမနေရဲပါ။

'ယယ သွားတော့မယ်နော်'

'ယယ နေဦး‥ လွယ်အိတ်ကျန်ခဲ့ပြီ'



www.burmeseclassic.com

www.burmeseclassic.com



လွှယ်အိတ်ပေးရင်း လမင်းသူရက ယယလက်ကလေးကို သိသိသာသာကြီးကို ဆွဲထားလိုက်သည်။

လက်ဖဝါးနှစ်ဖက် ပူးသွားတယ်ဆိုရင်ပဲ သူ့ရင်တွေ တုန်ခါလာသည်။

ဒါ. . ယောက်ျားလေး အချစ်လား. . မချစ်တတ်သေးတဲ့ အချစ်တစ်ခုကို မင်းအနိုင်ရသွားပြီ ယယရယ်. . ကြည့်ဖန်များတော့ လှလာပါသည်။ ရှမ်းကြိုက်ရင် နွားချောသတဲ့။

တစ်ချိန်က ဘဲမလေးကို သူချစ်နေပြီပဲ. . သူ့လက်ထဲက လက်လေးတစ်ဖက်ကိုဆွဲနှုတ်ပြီး ထွက်ပြေးသွားသော သူမရဲ့နောက်ပိုင်းအလှလေးကို မြင်ပြီး စွဲလမ်းစိတ်နှင့်အတူ ရင်တွေ ပူရပြန်သည်။

* * *



လူတွေက ကျွန်မကို သိပ်ပြီးနှလျှော့တွက်တာကိုး. . ရုပ်ကလေး သိပ်မလှပေမယ့် ကျွန်မမှာ ကိုယ်လုံးအလှရှိသေးတာပဲ။ တော်ရုံလူ ယှဉ်လို့မရတဲ့အလှလေ. . ကဲ. . အခု အဲဒီအလှတွေနဲ့ ကိုကိုလမင်းဆိုတဲ့ ဟိုမရောက်ဒီမရောက်လူပျိုအလတ်စားလေးကို သိမ်းသွင်းနိုင်ခဲ့ပြီလေ. .

ဏ္ဍြေတွေ၊ သိက္ခာတွေ၊ ဆရာဆိုတဲ့ ဂုဏ်တွေကို ပိုက်ဆံမပေးရတိုင်း ယူပြီးသုံးနေတဲ့လူကြီးက ဖွင့်မပြောသေးတာကလွဲရင် လူအလစ်မှာ လက်ကိုင်တတ်နေပြီလေ။

အခွင့်အရေးတွေ ဖွင့်ပေးထားပေမယ့်. . ဘယ်ထိတောင် စောင့်ရဦးမှာလဲ မသိဘူး. . တော်ကြာ ကျွန်မ အဘွားကြီးဖြစ်နေဦးမယ်. . ခုတောင်မှ ရုပ်ကလေးက ရင့်နေပြီတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးအချစ်ပါရှင်. . . နားလည်ပေးပါ ကိုကိုလမင်း ရယ်. . ဘယ်သူက ပေးထားတဲ့တာဝန်လဲတော့ ကျွန်မ မသိပါဘူး။ မူရမယ့်တာဝန် ကျွန်မမှာရှိနေလို့ပါ. . အဲဒါက သတ်သတ်၊ ရှင့်ကို မရရအောင် ညှို့ယူရမှာက သတ်သတ်ပဲ။

ကိုကို့အပြုံးနဲ့စကားသံလေးတွေက ကျွန်မကို အချိန်တိုင်း စိုးမိုးနေတာ ဘယ်လိုလုပ်ရမလဲ. . အမြဲတမ်းပဲ စွဲလမ်းနေခဲ့တယ်။ သေချာတယ်. . ကျွန်မ ကိုကို့ကို သိပ်ချစ်တယ်. . မပြောင်းလဲတဲ့ အချစ်တွေနဲ့ ကိုကို့တစ်ယောက်တည်းကိုပဲ ချစ်သွားမယ်။

ပြောင်းလဲခြင်းမဲ့အချစ်များစွာနဲ့ ကိုကို့လက်ကိုဆွဲပြီး ဘဝ ကဗျာလေးတစ်ပုဒ်ကို ရေးချင်နေပြီရှင်။

* * *



ဒေါ်ရှို့တီနှင့် ဦးကျင်ပိုးက ထိုင်ဝမ်မှပြန်လာသော သူတို့ သူငယ်ချင်း ဒေါ်မြင့်နွယ်တို့သားအမိကို လိုလေသေးမရှိ ဧည့်ခံနေ သည်။

ဒေါ်မြင့်နွယ်ထက် သူမ၏သား ဗလကို ပိုပြီး ဂရုစိုက်သည်။

'ဗလ. . ဝက်သားပေါင်း ထည့်စားဦးလေ၊ အဲဒါ သမီးကိုယ် တိုင် ပေါင်းထားတာ'

အရိုးဂေါက်ဂက်နှင့် ဗလဆိုတဲ့ကောင်က သင်းသင်းကို စား မတတ် ဝါးမတတ် စိုက်ကြည့်နေလေသည်။ ဖြစ်ချင်တော့ အဲဒီနေ့က ထမင်းဝိုင်းမှာ အားရှန်းရှိမနေပါ။

ဗလ သိထားသည်က အိမ်ထောင်သည်တစ်ယောက်၊ အပျို လေးတစ်ယောက် ရှိသတဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်သည် ကလေးတစ်ယောက်အမေဆိုတာ ရပ်က ရင့်သတဲ့. . အသိသာကြီးပဲ ဥစ္စာ. .

ပိုင်ရှင်မရှိတဲ့ အပျိုလေးက မျက်နှာကလေး ပိုးစိုးပက်စက် လုပ်နေတော့ သူ့ရဲ့လူပျိုအကြည့်တွေကို ဗိုဒ့်အားပြင်းပြင်းနဲ့ လွှတ်နေ ရတာ. . .

ယောက်ျားချင်း ခြေမြင်သော အောင်အောင်ကျော်ပိုးက သူ့ အမေကို တံတောင်ဖြင့်တွတ်ပြီး သတိပေးသည်။

'မာမားရေ. . လွဲနေတယ်နော်. . လွဲနေပြီ. . သေချာ ပြော ပြထားဦး'

သူ့အာရုံနှင့်သူမို့ စကားကောင်းနေသောဒေါ်ရှို့တီက ဘာ မှန်းကို မသိလိုက်ပါ။

ဗလက မပြောမဆို သင်းသင်း၏ပန်းကန်ထဲကို ပုစွန်တစ် ကောင် ခပ်ထည့်ပေးလိုက်သည်။ သူ့စိတ်ထဲမှာ သမုဒယကို အိမ် ထောင်ရှင်လို့ သတ်မှတ်ထားတော့ မျက်စောင်းလေးတောင်မှ လှည့် ပြီး မထိုးပါ။

မရွှေသင်းဆိုတဲ့ တော့ံမက ဘယ်လိုထင်သလဲဆိုတော့ ဒီ ကောင် ယယကို မျက်စိကျပြီး အစ်မကို လာဖားနေတယ်ပဲ ထင်တာ။ သမုဒယက ဗလကို ကြည့်ပြီး ရယ်ချင်နေသည်။ လက်မောင်းက





ကိုကိုလမင်းရဲ့လက်မောင်းတစ်ဝက်တောင် မရှိပါ။ ပိန်လိုက်တာမှ ညှောင်နေတာပဲ. . သူဝတ်တဲ့အင်္ကျီဆို ဂျွန်စော ဝတ်တဲ့ size ထက် နည်းနည်းပဲ ပိုကြီးမှာပါ။

မာမားတို့က အဲဒီလူကို ဘာလို့များ အရေးပေးနေသလဲ. . မသိပါဘူး။

တကယ်ဆို ကိုကိုလမင်းကို ထမင်းခေါ် ကျွေးရမှာ။

သင်းသင်းတို့လင်မယားကလည်း ကပ်စေးတွေ၊ သူတို့သား ကို အလကား စာသင်ပေးနေတဲ့ဥစ္စာ. . . မသိချင်ယောင်ဆောင်ပြီး နှုတ်ခမ်းပါးနားသုတ်ပြီး နေနေကြတယ်။

အချိန်ကြာလာသည်နှင့်အမျှ လူကြီးတွေ ဦးတည်ရာလိုရင်း သို့ မရောက်ဘဲ ဘေးတွေချော်ပြီးရင်း ချော်. . လွဲပြီးရင်း လွဲနေတော့ သည်။

ဗလပုံစံက အခု အိမ်ပြန်ရင် သင်းသင်းကို တစ်ပါတည်း ခေါ်သွားတော့မယ့်ဒီဇိုင်း ဖြစ်နေသည်။ သူ့လည်း အပြစ်မဆိုသာပါ။ သင်းသင်းပြင်ဆင်ထားပုံက အပျိုရှုံးနေတာကိုး. . ဒူးဖုံးရုံတစ်ဆက် တည်းဂါဝန်လေး ဝတ်ထားပြီး အခုခေတ်စားနေတဲ့ အီမိုကေလေးနဲ့ ဆိုတော့ လန်းနေတာပေါ့။

အောင်အောင်ကျော်ပိုးက စားနေတာကို လက်စသတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကာတွန်းကားကြည့်နေသော ဂျွန်စောကို သွားခေါ်ဖို့ ထ,လာလေသည်။ ဒီကောင့်ကို သူ့အမေဆီ သွားခိုင်းမှ ဒီကိစ္စအေးမှာ. .

ဂျွန်စောက ကာတွန်းကား ကြည့်နေရာမှ သူ့ကို မြင်တော့ လှမ်းခေါ်သည်။

'ကူကူ. . သား နားမလည်လို့ ဘာသာပြန်ပေးပါ'

'ဟော့ကောင် ဟိုမှာ မင်းအမေ ပါတော့မယ် နားလည်လား၊ အားအားရှိ ဒီကာတွန်းကားပဲ ကြည့်နေ'

'ပါ,ပါပေါ့. . သူ့ဟာသူ ပါတာပဲ၊ ဟိုမှာ ထွက်လာပြီ အဲဒါ ဘယ်သူလဲ ကူကူ'

အောင်အောင်ကျော်ပိုး မျက်စိတွေ လည်သွားသည်။ မြန်မာပြည်က ခိုးကူးတွေ translate လုပ်တာ တော်ချက်က နောင်ရေးအတွက် စိတ်မအေးစရာပင်။ President ထွက်လာပြီကို ဘာသာပြန်လိုက်ပုံက အာနိုးထွက်လာပြီတဲ့။ သမ္မတနှင့်အာနိုး အကွာကြီး မဟုတ်လား။

ဂျွန်စောလို ကလေးမို့လို့ပေါ့၊ စာဖတ်တတ်တဲ့ ကလေးသာဆို President ကို အာနိုးလို့ အမှတ်မှားကုန်တော့မည်။

'သမ္မတ ထွက်လာတာ. . ကဲပါ သားက လိမ္မာတယ်နော်၊ နောက်မှဆက်ကြည့်. . အခု မာမားဆီ ခဏသွားလိုက်ဦး'





အောင်အောင်က ဂျွန်စောကို စစ်ကူလွှတ်လိုက်ခါမှ ပို့ဆိုးသွားတော့သည်။

ဂျွန်စောက သူ့အမေဆီ မသွားဘဲ သမုဒယ အနားပြေးကပ်လိုက်သည်။ ဒေါ်မြင့်နွယ်က ဂျွန်စောကိုမြင်တော့

'အဲဒါလေးလား. . ဂျွန်စောဆိုတာ'

'ဟုတ်တယ်'

'အမေတူလေးကိုး'

ဟု မှတ်ချက်ချပါသည်။ သမုဒယနှင့်သွားတူနေတာမို့ သူတို့ထင်တာကို ပြောခြင်းဖြစ်ပါသည်။

ဟိုကောင်ဗလက ပို့ပြီး အတင့်ရဲလာပါသည်။ သင်းသင်းကိုပဲ တစ်ချိန်လုံး ဇီးကွက်မျက်လုံးတွေနဲ့စိုက်ကြည့်နေတာ။

အဲဒီအချိန်မှာ အားရှန်း အပြင်က ပြန်လာပါသည်။ ဧည့်ခန်းထဲမှာ ဧည့်သည်တွေ တွေ့တော့ သူ့မိန်းမ သူလှမ်းခေါ်ပါသည်။

'မိန်းမရေ. . ခဏလာဦး'

ဗလက ကြည့်နေတုန်းမှာပဲ သင်းသင်းက ဖျတ်ကနဲ. . ထ, ထွက်သွားပါသည်။ ပြီးတော့ အားရှန်းလက်မောင်းကိုတွဲကာ

'မောင်. . ထမင်းစားပြီးပြီလား'

ဟု တယုတယမေးနေသံ ကြားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗလ ဖြစ်ပျက်နေပုံကို ကြည့်ပြီး အောင်အောင်ကျင်ပိုးက ခွက်ထိုးခွက်လန် ရယ်မိသည်။

ဗလက သူ့အမေကို အိမ်ပြန်ဖို့ပဲ လက်တို့နေတော့တာ. .

ကလေးအမေကို အပျိုလို့ထင်မိတာ သူ့အမှားလား၊ ဒါမှမဟုတ် အပျိုကပဲ ကလေးအမေရုပ်ပေါက်နေလို့လား. . .

စာရင်းပိတ်လိုက်တော့ ဒီနေ့ အနှုတ်ပြပါသည်။ ပွဲပျက်သွားတာကိုး။

အလကား. . . ထမင်းကျွေးရတာသာ အဖတ်တင်သည်။

အမှန်က သမုဒယနှင့်ရည်ရွယ်ထားတယ်ဆိုရင် သင်းသင်းကို ရှိမနေစေနှင့်ပေါ့. . .

ယောက်ျားဆိုတာမျိုးက လှတဲ့သူကိုပဲ အရင်မြင်မှာပေါ့. . အဲဒါ သူတို့အမှား. . .။

* * *



အရင်တုန်းက သူ့ခေါင်းထဲမှာ တပည့်တွေအကြောင်းပဲ တွေးစရာရှိတာ. . ခုကျတော့ သမုဒယဆိုတာလေးက ရှေ့ဆုံးမှ ပါလာလေသည်။

သူ့အကြောင်းလေးတွေးနေရရင်ပဲ သရဲကား ကြည့်ရသလို ရင်တွေ လှိုက်လှိုက်ပြီး ဖိုလာသည်။

အခြေအနေတွေက ကောင်းနေရက်သားနှင့် သူ ဘာကို သွေးကြောင်နေတာလဲ၊ အောင်အောင့်ကိုယ်၌က မင်းနဲ့ဆို ယောက်ဖ နေရာမှာ ဂဏန်းငြိမ်ပြီးသားလို့ ဖွင့်ပြောထားပြီးသား။

သမုဒယရဲ့မီးပွိုင့်ကလည်း မီးနီ မီးဝါ မရှိ. . တစ်ချိန်လုံး မီးစိမ်းပြနေပြီးသား. . .

သူ သတ္တိရှိဖို့လိုနေပြီ. . .



www.burmeseclassic.com

www.burmeseclassic.com



သမုဒယ body မိုက်ကြောင်း တခြားကောင်တွေပြောရင် သူသဝန်တိုတတ်နေပြီပဲ. . .

ခြံထဲက သစ်ပင်အရိပ်အောက်မှာ အေးအေးလူလူထိုင်ပြီး အတွေးသမားလုပ်နေတဲ့ လမင်းမှာ ဆုံးခန်းတိုင်အောင် မတွေးလိုက်ရပါ။

'ဆရာ. . ဆရာလမင်းရေ. . လုပ်ပါဦး. . သမီး. . သမီးလေး မရှိတော့ဘူး'

နီလာခင်တို့အမေ ဒိုကြီးချက်မဖြင့် သူ့ထံ ရောက်လာပါသည်။ ဒီကောင်မလေး ကျူရှင် မှန်မှန်မတက်တာ တစ်လလောက်ရှိပြီ။ ပျက်တစ်ရက် တက်တစ်ရက်မို့ မကြာခဏ မာန်မဲနေရသည်။

'ဘယ်သွားလို့လဲ'

'ဒီမှာဆရာ. . သူ့လွယ်အိတ်ထဲက ရည်းစားစာ ဖမ်းမိလို့ ကျွန်မ ဆူလိုက်တာ. . ဒီနေ့ အိပ်ရာထတော့ သူ မရှိတော့ဘူး. . ' ကျွန်မအထင်တော့ ဒီကောင့်နောက် လိုက်သွားပြီထင်တယ်'

'ဒီကောင်ဆိုတာ ဘယ်သူလဲ. . ကျွန်တော့်ကို ရှင်းရှင်းပြောမှပေါ့'

'ရှေးဟောင်းပစ္စည်းတွေ လိုက်စုဆောင်းနေတဲ့ ရဲမြင့်ဆိုတဲ့ကောင်ပေါ့'





'အိုရဲမြင့်ကို ပြောတာလား အန်တီ'

Antique တွေ စုဆောင်းလွန်းလို့ အရှေ့မှာ 'အို'ဘွဲ့အတပ်ခံထားရတဲ့ကောင်. . 'ရဲမြင့်'ကနေ 'အိုရဲမြင့်'ဖြစ်သွားတာကိုပဲ သူ့မှာ ဂုဏ်တွေ ယူပြီး မာန်တွေ တက်လို့ 'အိုဘားမား'လောက်နီးနီး ကြီးကျယ်မြင့်မြတ်သူလို့ သွေးနားထင်ရောက်နေသူဖြစ်သည်။

'ဟုတ်တယ်. . . ဟုတ်တယ်. . မျက်ခွက်ကိုက ကြာကူလီဝင်းမြင့်ရုပ်. . ပြောတော့ ရှေးဟောင်းပစ္စည်းတွေ စုတယ်တဲ့၊ ခုတော့ ငါ့သမီးအသစ်စက်စက်ကလေးကို မ,ပြေးသွားပြီ'

ဆယ်တန်းဖြေမည့် ကလေးမလေးက ဘယ်လိုမှ အသက်ပြည့်ဦးမည် မဟုတ်ပါ. . ဒီအရွယ်က မိဘ၏အုပ်ထိန်းမှုအောက်မှာပဲ ရှိရမည့်အရွယ်။

ကိုယ့်တပည့် ဆိုတော့လည်း အကြွေစောမှာကို နှမြောမိပါသည်။

တပည့်မမှာတော့ ဆယ့်ငါးနှစ်နှင့် လင်ရမှာ ဂုဏ်တွေယူပြီး လင်နောက်လိုက်ပြေးသွားပြီ။

'စဉ်းစားမနေပါနဲ့ ဆရာရယ်. . သမီးကို ပြန်လိုက်ခေါ်ပေးပါနော်. . သူ့အဖေမသိသေးခင် မြန်မြန်ပြန်သိမ်းမှ. . နို့မို့ သူ့အဖေ ဒေါသအိုးနဲ့ အားလုံး အိုးစားကွဲကုန်လိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရှာတာက ဟုတ်ပါပြီ. . ဘယ်နေရာသွားမယ်ဆိုတာ သိလို့လား'

'ဒီကောင့်မှာ အဆံမရှိပါဘူးကွယ်. . ဒီတော့ Hotel လည်း သွားနိုင်မယ် မထင်ပါဘူး၊ သူ့မိဘတွေ ကျောက်တန်းမှာရှိတယ်လို့ ကြားတာပဲ. . အဲဒီကို သွားတာနေမှာပေါ့'

'ဒါဆိုလည်း လိပ်စာပေး. . ခုတော်င တော်တော် နောက်ကျနေပြီ. . အရေးထဲ အိမ်က ကားက ဝပ်ရှော့ပို့ထားရသေးတယ်'

Everybodyရဲ့အပူက ကျွန်တော့်အပူဖြစ်နေပါသည်။ သူတို့အပြော၊ သူတို့အပောတွေကြည့်ရင်း ကျွန်တော့်မှာ မျောပါနေရသည်။

နေ့မကူးခင် ပြန်ခေါ်မှ အဖတ်ဆယ်နိုင်မည်။ နေ့တွေ. . ညတွေ ဖြတ်ပြီးရင် ဘာလုပ်လို့ရဦးမှာလဲ. . .

သူမျှား ပစ်,ပစ်ပြီး ပေးတဲ့ အရှုပ်ထုပ်တွေကို ပုတ်မထုတ်ရက်တော့ နီလာခင်တို့အမေ ပေးလိုက်တဲ့ အပူထုပ်ကို ခေါင်းပေါ်ရွက်ပြီး သူ ထွက်လာခဲ့သည်။

ရည်ရွယ်တာကတော့ Taxi ငှားပြီး သွားမလို့ပါပဲ. . . သူ့သမီး ပြန်ပါလာ,မလာတော့ မသိပါ။ လောလောဆယ်တော့ အိတ်ထဲက ထောင်တန်တွေ အထပ်လိုက်ထွက်ဦးမည်။





လမ်းထိပ်ရောက်တော့ သမုဒယရဲ့ကားလေး သူ့အနားသို့ ထိုးရပ်လာသည်။

ဂျွန်စောလေး ပါမလာပါ။ ဒီနေ့ ကျူရှင်မှမရှိတာ။

'ကိုကိုလမင်း. . ဘယ်သွားမလို့လဲ'

'ယယရော. . ဘယ်ကိုလာတာလဲ'

'ဒီနေ့ အိမ်မှာ အုန်းနို့ခေါက်ဆွဲချက်စားလို့ လာပို့တာလေ၊ ကားမပါဘူးလား'

'Taxi နဲ့သွားမလို့'

'မသွားရပါဘူး. . ယယမှာ ကားပါသားပဲ. . လိုက်ပို့ပေးမှာပေါ့'

'ဟာ. . နေပါစေ. . ကိုယ်က ကျောက်တန်းအထိသွားမှာ၊ တပည့်မတစ်ယောက်လေ. . ယောကျ်ားနောက် လိုက်သွားလို့ ပြန်လိုက်ခေါ်မလို့'

သမုဒယက သဘောမကျပုံဖြင့် ကန့်ကွက်ပါသည်။

'အဲဒါ သူ့မိဘကိစ္စ မဟုတ်လား. . ကိုကိုလမင်းက အနေသာကြီးပဲ. . ပြီးတော့ သူသဘောတူလို့ လိုက်သွားတာပဲ. . သူမျှားချစ်ခြင်းကို မခွဲပါနဲ့'

'ယယ ပြောတာ မှန်ပါတယ်. . ဒါပေမယ့် ဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



အသက် မပြည့်သေးဘူး. . ဆယ်တန်းတောင် မအောင်သေးဘဲနဲ့ ဘဝရပ်တည်ဖို့ ခက်မယ် ယယ. . ကိုယ် အဲဒါပဲ စိတ်ပူတာ. . သူ့ ကောင်ကလည်း အလုပ်အကိုင် မယ်မယ်ရရ ရှိတာ မဟုတ်ဘူး. . ဆရာတစ်ယောက်အနေနဲ့ ရသလောက်တော့ ပံ့ပြင်ကြည့်ချင်သေးတယ်'

'ဒါဖြင့် လာ. . ယယ လိုက်ပို့ပေးမယ်'

မိန်းကလေးတစ်ယောက်က အတန်တန်ခေါ်နေတာ ငြင်းဖို့ အားနာလာသည်။

နှစ်ယောက်တည်း သွားရမည့်ခရီးကလည်း ရင်ခုန်စရာကောင်းနေပါသည်။

လမင်းသူရသည် သိပ်မစဉ်းစားတော့ဘဲ ယယ ကားပေါ် တက်ထိုင်လိုက်ပါသည်။

ယယသည် ကားလေးကို ကျင်လည်စွာ မောင်းထွက်လိုက်သည်။

ကံကြမ္မာကိုကျေးဇူးတင်ပါသည်။ ကိုကိုလမင်းနှင့် အတူရှိနေခွင့်ပေးသည့်အတွက်ပေါ့။

အချစ်စိတ်က လျှင်မြန်လာသည်။ ပိုပြီးတော့ ရှင်သန်လာသည်. . ရှင့်စိတ်ထဲကိုလည်း မြင်နေပါသည်. . . ဟန်ဆောင်နေတာ





လေ. . . မမုန်းဘူးဆိုရင် ဖွင့်ပြောလိုက်ပါတော့လား. . စောင့်မျှော်နေရတာ မောလှပါပြီ။

ဒီနေ့ ဖွင့်ပြောရင်ပြောတော့ပဲ ကိုကိုလမင်းရေ၊ ရှင် ကျွန်မခွင်ထဲ ဝင်လာပြီနော် သတိသာထားတော့. . .

ယယတစ်ယောက် အူတွေမြူးနေသည်။

မိန်းကလေးအချစ်မို့ ခမ်းနားပြီး ဆန်းပြားသလို စွန့်လွှတ်ဖို့တော့ စိတ်ကူးမထားပါဘူး။

သစ္စာဆိုပြီး တိုင်တည်ရဲတာကတော့ ကိုကို့ကို အလေးအနက်ထားပြီး ချစ်တယ်ဆိုတာပဲ. . .

ကိုကိုက အထာလေးနဲ့. . တစ်ခါတလေဆို လူကို ရုပ်တည်ကြီးနဲ့ ကြည့်တတ်သေးတာ. . . ယယဘက်ကတော့ အသည်းတွေကြွေမတတ်ချစ်နေရတာ. . လက်ပြပြီး နှုတ်ဆက်ဖို့မဟုတ်ဘူးနော်။

'ယယကို အားနာလိုက်တာကွာ'

'အားနာရအောင် ကိုကိုနဲ့ယယက သူစိမ်းတွေမို့လို့လား'

လမင်းသူရမှာ မသောက်ဘဲ မူးချင်လာသည်။

သူနှင့်ယယက သူစိမ်းတွေ မဟုတ်လို့ ဘာလဲ။

ယယဘက်က အထာတွေပေးနေတာလား. .

ဒါဆိုလဲ ယယရယ် 'ဆင်ဝှေ့ရန်ရှောင်'ပြောနေမယ့်အစား



www.burmeseclassic.com

www.burmeseclassic.com



'တုတ်ထိုး အိုးပေါက်'. . တဲ့တိုးသာ ပြောလိုက်ပါတော့လား. . ဒီကကောင်က ယောကျ်ားကလေးဆိုတော့. . . ပြောရမှာ နည်းနည်းခက်တယ်။

'ချစ်တယ်'ဆိုတာ ပြောတော့သာ နှစ်ခွန်းတည်း. . . အဲဒီလို ပြောထွက်ဖို့ကို သတ္တိတွေ ဘယ်လောက်ထိ မွေးရတယ်ဆိုတာ ယောကျ်ားလေး တော်တော်များများ သိကြပါတယ်။

အခုလည်း လမင်းသူရက သမုဒယ ဖောက်ပေးထားတဲ့ ကားလမ်းရှည်ကြီးကို လှမ်းပြီး မြင်နေပြီမို့ သတ္တိတွေ မွေးကာ မြန်မာလို မပြောရဲလို့ တရုတ်လို ဖွင့်ပြောလိုက်ပါသည်။

တရုတ်မလေးကို တရုတ်လို ရည်းစားစကားပြောတာ ပိုပြီး သဘာဝမကျဘူးလား. . .

'ယယ. . ဝေါ်အိုက်နီ(ချစ်တယ်)'

'ကိုကိုက အလာကြီးပဲတော့'

'လာရမယ်လေ. . အဲဒါ. . ဟိုကောင် ရှာရွှတ်ခန် သင်ပေးထားတာ'

'ဟင်း. . ဟင်း. . အရမ်းရယ်ရတဲ့ ကိုကို၊ တရုတ်မကို ရည်းစားစကားပြောဖို့များ ကုလားဆီက သင်ထားရတယ်လို့'

'ဒီလိုပဲ. . ကိုကိုက. လူမျိုးရေး မခွဲခြားဘူးလေ'





ကိုယ့်ချစ်သူဖြစ်ပြီ ဆိုမှတော့. . လက်ကလေးတစ်ဖက်က ယယပခုံးလေးကိုသိုင်းပြီး ဖက်ပစ်လိုက်သည်။

မိုးနဲ့သင်းနေတဲ့လေအေးအေးလေးတွေက သူ့ကို လှောင်ရယ်နေမလားပဲ. . .

'လူမျိုးရေးမခွဲခြားဘူးဆိုတော့ ကပ္ပလီမလေးတွေ့ရင်ကော ချစ်မှာပဲလား ကိုကို'

'ကြည့်စမ်း. . ဘလိုင်းကြီး လာဖွဲ့နေတယ်၊ ကပ္ပလီမတော့ မသိဘူး. . ခုလောလောဆယ် ဟောဒီတရုတ်မလေးကို အသေစွဲနေပြီကွ'

သမုဒယကျင်ပိုးက သွားတွေ အအေးပတ်မတတ် ရယ်ပါလေသည်။ အလိုက်ကမ်းဆိုးမသိသော ကားက ကျောက်တန်းသို့ ရောက်သွားလေသည်။

လမင်းလည်း အဲဒီတော့မှ တပည့်မကို လာရှာတာ သတိရတော့သည်။

နီလာခင်တို့အမေကို စုံထောက်လုပ်ခိုင်းဖို့ ကောင်းသည်။

ကိုယ်တိုင်သာ လာမရှာတာ ဒီနေရာမှာရှိမယ်လို့ပြောလိုက်တာ ကျိန်းသေပေါက်ရှိနေလို့ လမင်းပင် အံ့သြယူရသည်။

အိုရဲမြင့်နှင့်နီလာခင်တို့ ကြားလေသွေးမခံဘဲ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စကား တစ်ယောက်နားမှာ မခါးရအောင် ချိုချိုသာသာလေးတွေ ပြောနေကြတာ အတိုင်းသားတွေ့နေရသည်။

ဒီအချိန်မှာ ကိုယ်က ဝင်သွားရင် လူကြမ်းဖြစ်ရင်ဖြစ်၊ မဖြစ်ရင်တော့ ဗီလိန် ဖြစ်သွားနိုင်ပါသည်။

လာမိပြီးမှတော့ မထူးတော့ပါဘူးလေ . .

'နီလာခင် . . နီလာခင်'

နီလာခင်တို့နှစ်ယောက် နည်းနည်းလေး ခွာသွားကြသည်။ ဆရာကို ကြည့်သည့် အကြည့်က နည်းနည်း မဟုတ် . . များများကို ထန်ပါသည်။

'ဆရာ . . ဘာလာလုပ်တာလဲ'

မေးတဲ့အသံကိုက ခပ်ရင့်ရင့်မို့ သူ့ဒေါသတွေကို အချိန်မီ ပြန်ထိန်းလိုက်ရသည်။

အိမ်မှာဆို ကြိမ်လုံးစာမိနေလောက်ပြီ။

'မင်းအမေ လွှတ်လိုက်လို့ လာတာ . .'

အိုရဲမြင့်ဆိုတဲ့ကောင်ကလည်း ခေသူမဟုတ်ပါ။

'သူ့အမေကို ပြောလိုက်ပါ ဆရာ . . လူကို မတူသလိုမတန်သလို မနိုမ်ချင်ပါနဲ့လို့၊ အလုပ်မရှိအကိုင်မရှိတဲ့ ၁၀၉၊ ၁၁၀ မဟုတ်ဘူးနော် . . ကျွန်တော်တို့က အလုပ်လုပ်ရင် ဟိုးတဆုံးထိ တွေးပြီးမှ





လုပ်တာ . . သားစဉ်မြေးဆက် စားလို့ မကုန်အောင် ဒေါ်လာတွေ သန်းချီပြီးရအောင် လုပ်နေတာ'

တော်ကီကတော့ လန်ထွက်နေတာပဲ။

ဒါကြောင့်ပဲ မိနီလာတို့ အိမ်ပေါ်က ဒိုင်ဗင်ထိုးပြီး ဆင်းလာတယ် ထင်ရဲ့။

'ကဲ အချိန်လည်း မရှိတော့ဘူး နီလာခင် မင်းပြန်လိုက်ခဲ့တော့'

'မလိုက်ဘူး ဆရာ . . မလိုက်ဘူး၊ သူများချစ်ခြင်းကို မခွဲပါနဲ့ . . ဆရာနဲ့ဘာဆိုင်လို့ ဝင်ပါနေတာလဲ'

'ဟုတ်တယ် . . ခင်ဗျားမှာ မိန်းမကြီးငုတ်တုတ်နဲ့ကိုယ်ချင်းစာစိတ် နည်းနည်းမှမရှိဘူးလား'

သမုဒယက သူ့လက်ကို ကုတ်လိုက် ဆွဲလိုက်ဖြင့် . . ပြန်ဖို့ အချက်ပေးနေပြီ။

မပါ ပါအောင်ခေါ်မည်ဟု ဆုံးဖြတ်ထားတော့ သူက ပေတေပြီးနေသည်။

'လာပါတော့ ကိုကိုရယ် . . ပြန်ကြရအောင် . . သူမှမလိုက်ချင်တာ . . အတင်းပြန်ခေါ်လည်း အပိုပါပဲ . . . နောက်တစ်ခါ ထပ်လိုက်ပြေးရင် နှစ်ခါ အရှက်ကွဲမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်. . ဟုတ်တယ်. . မမပြောတာ မှန်တယ်၊ သမီးက ဆယ်ခါခွဲလည်း ဆယ်ခါပြန်လိုက်မှာပဲ၊ ဦးရဲ့နဲ့မှမခွဲနိုင်တာ'

'နင့်မိဘတွေတော့ ခွဲနိုင်တယ်ပေါ့ ဟုတ်လား'

နီလာခင်က ခေါင်းကို သွက်သွက်ကလေး ညိတ်ပြသည်။

'ဟင်. . တော်တော် မွေးရကျိုးနပ်တဲ့ သမီး. . ဝမ်းရေစပ်ကျိုးနပ်တဲ့ သမီး'

'သူက မင်းဆရာလား. . မင်းအမေလား. . . သူ မွေးထားတာ ကျနေတာပဲ၊ ဝမ်းရေ လာစပ်ပြနေတယ်'

သမုဒ္ဒယက ဆက်ပြီး သည်းမခံနိုင်တော့သဖြင့် လမင်းသူရ၏ လက်ကို ဆွဲပြီး ခေါ်လာခဲ့သည်။

'ကိုကို့ကို ယယရှေ့မှာ စော်ကားနေတာ သည်းမခံနိုင်တော့ဘူး. . လာ. . ပြန်မယ်'

* * *



နေ့လယ်ကတည်းက ညိုနေသောမိုးက ရုတ်ချည်းပင် ဖြိုဆင်းလာခဲ့သည်။

အချိန်က ညနေစောင်းနေပြီ ဖြစ်သည်။ ခုချိန်ထိ ထမင်းမစားရသေးပါ။

သမုဒ္ဒယက ကျောက်တန်းရေလယ်ဘုရားကို ဒီဘက်ကမ်းမှဖူးသွားမည် ဆိုပြီး ကားကို မြန်မာထမင်းဆိုင်ရှေ့မှာ ရပ်ကာ ရေလယ်ဘုရားကို ဦးညွှတ်၍ ရှိသေစွာ ကန်တော့သည်။

'ကိုကို. . ကန်တော့လေ'

ချစ်သူတွေဖြစ်သွားပြီဆိုတော့ Lady First ဆိုသည့်ဝါဒအတိုင်း ယယကို သူ အလိုလိုက်ချင်ပါသည်။

နှစ်ယောက်အတူ ရေလယ်ဘုရားကို ရည်စူးပြီး ကန်တော့



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဘယ်ဘဝက ရေစက်ကြောင့်များ ဘော်ဒီ အသက်အစိတ်၊ မျက်နှာက အသက်လေးဆယ်လောက်ရှိသည့် မိန်းမနှင့် ချစ်သူဖြစ်သွားသလဲ မဆိုနိုင်ပါ။

လူတွေကလည်း ကျွန်တော်တို့နှစ်ယောက်ကို ကွက်ကြည့် ကွက်ကြည့်. . ။

ကြည့်လည်း ကြည့်ချင်စရာပဲလေ. . . မိုးရွာကြီးထဲမှာ ထီးမပါ ဘာမပါနဲ့ ရှပ်ရှင်ရိုက်သလိုလိုဘာလိုလိုနဲ့ တောင်းဆုတွေ ချွေနေကြတာကိုး. .

'ယယ. . သူများတွေ ကြည့်ကုန်ပြီ. . ပြန်ကြရအောင်နော်'

'မျက်လုံးလေးတွေပါလို့ ကြည့်တာပဲ ဥစ္စာ. . ကြည့်ပစေပေါ့. . ဘယ်လောက်ပျော်ဖို့ကောင်းလဲ. . ဒီလိုအပျော်မျိုးက ပိုက်ဆံပေးပြီး ဝယ်လို့ရတာမဟုတ်ဘူး ကိုကိုရဲ့'

ယယမျက်နှာက မိုးရေတွေကြားထဲမှာ ကဗျာဆန်ဆန် လှမနေပါ။

မိုးစိုလို့ ဖွာနေတဲ့ ဆံပင်တွေ ပြားကပ်ကုန်ပြီး တစ်ချောင်းစီ ထွက်နေတဲ့ ပုံစံက ကြက်ပေါက်ကလေး ရေထဲလိမ့်ကျလို့ စိုကပ်နေသလိုမျိုး. . တကယ်ပဲ ကြည့်ရဆိုးလှပါသည်။

ချစ်သူ စ,ဖြစ်တဲ့နေ့မှာ ကိုယ့်ချစ်ချစ်ရဲ့မျက်နှာကိုကြည့်ပြီး





စိတ်ပျက်လက်ပျက်ဖြစ်ရတဲ့ ယောကျ်ားဆိုလို့ ကျွန်တော်တစ်ယောက်ပဲ ရှိမယ်နဲ့တူပါတယ်။

သူ့မျက်နှာကိုဆက်မကြည့်ရဲလို့ မျက်လုံးလေးတွေ အောက်စိုက်လိုက်တယ်ဆိုရင်ပဲ ရင်ထဲမှာ ဘလောင်ဆူပြီး သံစုံတီးဝိုင်းလှည့်နေသလို ခံစားရသည်။

ရေစိုနေတဲ့ ယယရဲ့body က ပစ္စည်းကလေးတွေ သူ့နေရာနဲ့ သူ ရှိုက်ကြီးဖိုငယ်အသွယ်သွယ်နဲ့ ဆွဲဆောင်မှု အပြည့်ရှိနေတာကိုး။

အထက်အောက် မညီမျှတဲ့ မိန်းမတစ်ယောက်ကို ချစ်သူတော်ခွင့်ရတာ ကျွန်တော် ကံဆိုးတာလား. . ဒါမှမဟုတ် ကံကောင်းတာလား။

ဒီကိုယ်လုံးကြောင့်၊ ဒီ body ကြောင့်ပေါ့. . နို့မို့ဆို ကျွန်တော်တစ်ယောက်တည်း အေးဆေး. . လူပျိုကြီးလုပ်မလို့ဥစ္စာ. .

ယယ မောင်းလာသောကားလေးက ကျောက်တန်းမြို့ကအထွက်မှာ တုံ့ခနဲထိုးရပ်သွားသည်။

ခာတ်ဆီကုန် မကုန်သာ ကြည့်တတ်သော ကျွန်တော်တို့နှစ်ယောက်မှာ မျက်စိသူငယ် နားသူငယ်နဲ့ ဘော့နပ်အဖုံးကိုဖွင့်ပြီး ဟိုဟာလေး ကလိလိုက်၊ ဒီဟာလေး ကလိလိုက်နှင့် အချိန်တွေသာ



www.burmeseclassic.com

www.burmeseclassic.com



ကုန်သွားသည်။ ဘာမှ ထူးခြားမလာပါ။ ခါတ်ဆီ မကုန်တာတော့ သေချာပါသည်။

မိုးကလည်း သဲသဲမဲမဲရွာတုန်း။

နာရီကို ကြည့်တော့ ငါးနာရီထိုးဖို့ ဆယ့်ငါးမိနစ်သာ လိုတော့သည်။

'ယယ. . ဒီကားကို ထားခဲ့လိုက်တော့. . နောက်နေ့မှ လာပြန်ယူရအောင်. . ကိုယ်တို့ Taxi နဲ့ လိမ့်မှဖြစ်မယ်၊ အရမ်းနောက်ကျနေပြီ'

ဒီလိုဆိုတော့လည်း ကိုကိုက သိတတ်သားပဲ။ ယယတို့အိမ်က စိတ်ပူနေမှာစိုးလို့ စဉ်းစားပေးတာပဲ ဖြစ်မည်။

သို့သော် လမင်းသူရ ဆက်ပြောလိုက်သောစကားကြောင့် အထင်နှင့်အမြင် တက်တက်စင် လွဲကာ ဒေါသတွေ အလိပ်လိုက်ထွက်လာရသည်။

'အမေ စိတ်ပူနေလိမ့်မယ် ယယ. . ကိုယ့်အိမ်ပြန်ချိန်က နောက်အကျဆုံး ညနေငါးနာရီပဲ'

'ငါးနာရီ ကျော်တော့ ဘာဖြစ်မှာမို့လို့လဲ. . . ယောက်ျားလေးဖြစ်ပြီး လာသဲပြနေတယ်'

'မဟုတ်ဘူးလေ. . အမေက ကိုယ် ငယ်ငယ်လေးကတည်း





က သတ်မှတ်ပေးထားတာ. . အဲဒါစည်းကမ်းပဲ. . မလိုက်နာလို့ မရဘူး'

'သွားသေလိုက်'ဟု ယယက အသံတိတ်ပြောမိသည်အထိ စိတ်က တိုလာရသည်။ သူ့မှာပဲ အမေရှိတာကျနေတာပဲ. . ယယအမေလည်း စိတ်ပူနေမှာပေါ့. . မနက်ကတည်းက အုန်းနို့ခေါက်ဆွဲပို့ခိုင်းလိုက်တာ ချိုင့်ရော လူပါ ပြန်မရောက်လာတော့ စိတ်ပူမှာပေါ့။

ချိုင့်က ငါးဆင့်ချိုင့်. . Zebra တံဆိပ်ဆိုတော့ မာမားက တော်တော်ကြီးကို နှမြောနေမှာ. .

သမီး ပြန်မလာတာလောက်တော့ ဒေါ်ရှို့တီက စာဖွဲ့နေမည်မဟုတ်ပါ။ မသကာ လင်ရရှုံပဲ ရှိမှာပေါ့။

'ကားတော့ မထားခဲ့နိုင်ပါဘူး၊ ရှင့်ဟာရှင် ပြန်ချင်ပြန်၊ မပြန်ချင်နေ'

ယယက အငေါ်တူးတော့လည်း သူ မနေနိုင်ပါ။

'ယယရာ မိုးချုပ်နေပြီကွ. . မင်းတစ်ယောက်တည်း ဘယ်လောက်အန္တရာယ်များလဲ'

'ဒါဆို ရှင်လည်း ကျွန်မနဲ့ အတူနေပေးပေါ့. . ပြောတော့ ကျွန်မကို ချစ်တယ်ဆို'

'မင်းမေးလို့ ဖြေရတာလေ'



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်စမ်း . . ကြည့်စမ်း . . အမှန်တရားတွေ လက်လွတ်စပယ် သိပ်ပြောတတ်တဲ့သူပဲ . .

'ကောင်းပြီလေ . . ဒါဆို ထပ်မေးလိုက်ဦးမယ် . . ရှင့်အမေနဲ့ကျွန်မ ဘယ်သူ့ကိုပိုချစ်သလဲ'

၅၂၈နှင့် ၁၅၀၀ကို ခွဲခွဲခြားခြားမသိသော လမင်းသူရဆိုတဲ့ လူက ဘယ်လိုပြန်ဖြေတယ် ထင်သလဲ . . .

'အမေ့ကို ငါချစ်လာတာ အနှစ်သုံးဆယ်ကျော်နေပြီ၊ မင်းကို ချစ်တာက ဒီနေ့တစ်နေ့တည်းပဲ ရှိသေးတယ်'

ထပ်ပြောပြန်ပြီ . . အဲဒီပါးစပ်က

'ဒါဆို ညီမျှသွားအောင် ဒီနေ့ကစပြီး ရှင့်အမေကို မချစ်နဲ့တော့ . . ယယကို နောက်ထပ် . . အနှစ်သုံးဆယ်လောက် ချစ်ကြည့်လိုက်ပေ့ါ ကိုကို . . ဟင် . . ဘယ်လိုလဲ'

သူ့ပခုံးပေါ် လက်လေးနှစ်ဖက်တင်ရင်း ခပ်ညို့ညို့ကလေး မေးပုံက အသည်းယားစရာကောင်းပါသည်။

'ကဲပါ . . ငါးနာရီလည်း ကျော်နေပြီ . . အိမ်ပြန်မနေနဲ့တော့ မှတ်ပုံတင်ပါလား ကိုကို'

သူလည်း ယောင်ရမ်းပြီး ခေါင်းညိတ်ပြမိသည်။

'လာ . . သွားမယ်'





စိတ်ဓာတ်ပြတ်သားသော သမုဒယက လမင်းရဲ့လက်ကိုဆွဲပြီးခေါ်သွားပါသည်။ ဘယ်နေရာသွားသလဲဆိုတာ သူတို့နှစ်ယောက်သာ သိပါလိမ့်မည်။

ဒီနေ့ဒီရက်မှာပဲ ကျွန်တော့်ဘဝလေး ပန်းကောင်းအညွန့်ကျိုးခဲ့ရပါသည်။ တပည့်မကို ပြန်လာခေါ်တဲ့ ကျွန်တော့် အဖြစ်က တပည့်လင်ရသလို ဆရာလည်း မိန်းမရခဲ့ပါသည်။

အသက်နှင့်ခန္ဓာ မြဲနေသရွေ့ ယယ ကျွန်တော့်ကို ခိုးပြေးတယ်ဆိုတာ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ဖွင့်ပြောမှာမဟုတ်ဘူး၊ သတ်ချင်သတ်ပစ်လိုက် . . ခံလိုက်မယ် . . ဟဲ . . ဟဲ . .

* * *

ဒေါ်လမင်းမှာ သားပြန်မလာသဖြင့် လည်ပင်းညောင်ရေအိုးဖြစ်နေပြီ။

'ကိုသူရ ရှင့်သား ခုထိ ပြန်မလာသေးဘူး . . ဘာများဖြစ်နေပြီလဲ မသိဘူး . . . နီလာခင် လင်နောက်လိုက်လို့ ပြန်လိုက်ခေါ်တာတဲ့ . . သူပါ ရောပြီး ယောက်ျားရနေပြီလား မသိဘူး'

'ကိစ္စရှိလို့ တစ်ခါတလေနောက်ကျတာများ မင်းမှာ ပွစိပွစိနဲ့ . . သူ့မှာ ကျောက်တန်းအထိသွားရတာ ကားအဆင်မပြေလို့ဖြစ်မှာပေ့ါ'



www.burmeseclassic.com

www.burmeseclassic.com



'နောက်ကျမယ်ဆိုလည်း ဖုန်းတော့ဆက်သင့်တယ် မဟုတ်လား. . ရှင့်ဗိုက်ပူပြီး မွေးထားတာမဟုတ်တော့ ရှင်က ဘယ်ပူမလဲလေ'

ဦးသူရမှာ နားညီးမခံနိုင်သောကြောင့် 5 movies ထဲကိုသာ များများအာရုံပို့ထားရသည်။

ငါးနာရီကျော်လို့မှ အိမ်ပြန်မလာရင် ဘယ်တော့မှပြန်မလာနဲ့ဆိုတဲ့ အမေ့စကားကိုနားထောင်ပြီး လမင်းသူရမှာ အိမ်မပြန်ရဲသဖြင့် သမုဒယ ခေါ်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားပြီဆိုတာ ဒေါ်လမင်းသာ သိလျှင် ရူးထွက်မတတ် အော်ငိုမှာ သေချာပါသည်။

ဒီလိုရုပ်ဆိုးဆိုးချွေးမမျိုး၊ ညှော်ပြမလှတဲ့ ချွေးမမျိုး မလိုချင်ပါဘူးလို့ အတန်တန်ပြောထားရက်နဲ့ ယောက်မ မြင်းစီးထွက်သွားပြီဟု ပြောပါလိမ့်မည်။

ဒီကောင်မ ငါ့သားကို ကိုယ်လုံးလေး ပြပြီး မြူဆွယ်သွားတာဆိုပြီး ဒေါ်သတကြီး ဘီလူးဆိုင်းတီးပါလိမ့်မည်။

* * *



ဒေါ်ရှို့တီမှာတော့ ဒေါ်လမင်းနှင့်ဆန့်ကျင်ဘက်ပင်. . ။

သမီး ပြန်မလာတာကို စိတ်ထဲပင် မထည့်. . ။အချိန်တန်လျှင် သူ့သမီး ပြန်မယ်ဆိုတာ သိပြီးသားမို့ အိပ်ရေးပျက်ခံပြီး စောင့်မနေပါ။

ခေါင်းချလိုက်တာနှင့် အိပ်ပျော်ပြီး တရှူးရှူး . တခေါခေါဖြင့် ဟောက်များပင် နေသေးသည်။

သမီးရှင်ဆိုတော့လေ. . စိတ်တွေပူနေတာ အအိပ်တောင်မပျက်ဘူး။

နောက်နေ့မနက်ကျတော့ သမုဒယဆီမှ ဖုန်းလာပါသည်။

သူ ယောက်ျားရသွားပြီတဲ့. . ဘယ်သူနဲ့လဲဆိုတော့ လမင်းသူရ. . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလိုက်တာလေ. . ဒီကောင်လေးနဲ့ပဲ ဖြစ်စေချင်နေတာ မဟုတ်လား. .

ဒေါ်ရှို့တီက အောင်အောင်ကျင်ပိုးကို ပြေးနှိုးပြီး သတင်းပို့လေသည်။

'အောင်အောင်ရေ. . ထ. . ထ. . နင့်ညီမ ယောက်ျားရ သွားပြီတဲ့'

အောင်အောင်က အိပ်မှုန်စုန်မွှားဖြင့် လှမ်းမေးသည်။

'ဘယ်သူနဲ့လဲ'

'နင့်သူငယ်ချင်းလေ. . လမင်းသူရတဲ့. . ဒီကောင်က ငါတို့ သဘောတူမှန်းမသိလို့ ခိုးပြေးတာလား'

'ကျွန်တော်ထင်တယ်နော်. . ကျွန်တော် သိနေတယ်. . သူ ခိုးပြေးတာ မဖြစ်နိုင်ဘူးနော်. . မာမား'

'ဟင်. . ဒါဆို ငွါသမီးက ခိုးပြေးတာလား'

'ဒါပေါ့. . ဒါပဲ ဖြစ်မှာပဲ'

'သေနာကောင်. . ကိုယ့်ညီမ ကိုယ်ပြောစရာလား'

ခေါင်းကို ဒေါက်ခနဲမြည်အောင် အခေါက်ခံလိုက်ရသဖြင့် အောင်အောင်က အာပြဲကြီးဖြင့် အော်ပါတော့သည်။

'မာမားက လက်သံပြောင်တယ်ဗျ'





'ထ. . မျက်နှာသစ်ပြီး သူ့အိမ်ကိုသွားပြော၊ တစ်ပတ်ပြည့်ရင် ငွါသမီး လာပြန်အပ်လို့၊ ကြီးကြီးကျယ်ကျယ်ကို မင်္ဂလာဆောင်ပေးရမယ်'

'သူ့အမေ မေးရင် ဘာပြောလိုက်ရမလဲ မာမား'

'နင့်မှာ ဒီလောက်တောင် ဦးနှောက်မရှိဘူးလား. . သူ့သားက ငွါသမီးကို ခိုးပြေးတယ်လို့ပြော၊ ပြောင်းပြန်ပြောလာလို့ကတော့ နင်နဲ့ငါ အတွေ့ပဲ. . ဟင်း. '

လောကမှာ အမှန်တရားက ပန်းကန်ပြားလိုပဲ မှောက်လိုက် လှန်လိုက်လုပ်လို့ရသေးတာကိုး. . ။

ယောက်ျားလေးဆို တစ်မျိုး၊ မိန်းကလေးဆို တစ်မျိုး. . ရှုပ်ကိုရှုပ်လွန်းသည်။ အားလုံးထဲမှာ Nကိုင်ရာက အရိုးသားဆုံး. . ချစ်စရာအကောင်းဆုံးဟု သူထင်သည်။

N ကိုင်ရာက 'အရှိကို အရှိအတိုင်းသာ ဖွင့်ပြောမည်'တဲ့။ ကဲ. . ဘယ်လောက် ရိုးသားသလဲ. . ဒါကြောင့် ပြောတာပေါ့. . သူပဲ ချစ်ဖို့ကောင်းတယ်လို့. . .

* * *



www.burmeseclassic.com

www.burmeseclassic.com

## ဗရုတ်သုတ်ခ မင်္ဂလာပွဲ

'Chatrium Hotel' ၌ ကျင်းပသော လမင်းသူရနှင့် သမုဒယကျင်ပိုးတို့၏မင်္ဂလာဧည့်ခံပွဲသည် ထင်ထားတာထက် ပိုပြီးစည်ကားလေသည်။

ဖိတ်ထားတာထက်လည်း လူပိုလာပါသည်။ စားပွဲဝိုင်းတွေပြည့်ကုန်လို့ reserve ဝိုင်း ငါးဝိုင်းထပ်တိုးလိုက်ရသည်။

အရင်းရှုံးပြီဆိုပြီး သမုဒယမျက်နှာ မသာတော့ပါ။

သတို့သမီးမျက်နှာ မသာသလို သတို့သားရဲ့အမေလည်း ပုပ်သိုးနေသည်။ မျက်နှာပြောတာပါ။ မတော်ချင်ဘဲ တော်ထားရတဲ့ ချွေးမ. . မဟုတ်လား. . ဧည့်ပြမှ မလှတာ။





ဆရာလမင်းရဲ့မင်္ဂလာပွဲကို တပည့်အလိမ္မာလေးတွေ တစ်ယောက်မကျန် လာကြသည်။

ဖိတ်လည်း မဖိတ်ဘဲနဲ့ မျက်နှာပြောင်တိုက်ပြီး လာတာ. . တချို့ဆို မိဘတွေတောင် ခေါ်လာသေးတာ. . . ဝိုင်းတွေ တိုးရတာလည်း မပြောနဲ့လေ. . အပီဆွဲမယ့် ဒီဖိုင်းတွေနဲ့ ဆရာ့အတင်းကို ပယ်ပယ်နယ်နယ်တုပ်နေကြသည်။

'ဟေ့ကောင်. . ဇာတ်မင်းသား၊ ဆင်းဒ်ဝစ်ချ် ငါ နှစ်ခုစားမယ်နော်. . မင်းကိုတာ ငှါကိုကျွေး'

သူတို့က ဖိုးချစ်ကို ဇာတ်မင်းသားဟု တင်စားပြီး ခေါ်ကြသည်။

'ရတယ်လေ. . ဟိုချော့ကလက်ကိတ်ကျတော့ ငါနှစ်ခုစားမယ်နော်. . . မင်းဟာပါ ပိုစားလိုက်မှာ'

အောင်ကြီးနှင့်ဖိုးချစ်က မုန့်ကို ခွဲတမ်းတွေချနေကြသည်။ ချမ်းအေးတို့ တာရာတို့ကျတော့ လေသမားတွေမို့ .

'ဆရာက နီလာခင်ကို အားကျလို့ထင်တယ်နော်. . နီလာခင် ယောကျ်ားနောက်လိုက်တဲ့နေ့မှာပဲ တို့ဆရာလည်း မိန်းမခိုးသွားတာဆို'

'ဘာပဲပြောပြောကွာ. . ငါတော့ တို့ဆရာ ကံဆိုးတယ်ထင်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ. . ဟိုမိန်းမက ဆရာ့ထက် အသက်ပိုကြီးမှာ သေချာတယ်ကွ၊ ကြည့်ပါလား. . ကလေးမုန့်ပေးပြီး ကြိုက်ထားလားမှမသိတာ. . ရှေ့သွားနောက်လိုက် နည်းနည်းမှမညီဘူး'

သူများမင်္ဂလာဆောင် လာပြီး လက်ဖွဲ့မပါ ဘာမှပါ အလကားမတ်တင်း ဝင်စားမယ့် တပည့်တွေက ချီးမြှောက်နေတဲ့စကားတွေတဲ့. .

သမုဒယအနေနှင့်ကျတော့ တစ်သက်မှာ တစ်မင်္ဂလာတဲ့ သူများတွေ ဘာပဲ ပြောနေ ပြောနေ. . မင်္ဂလာဆောင်တယ် ဆိုကတည်းက ယောကျ်ားတစ်ယောက်တော့ ကိုယ်ယူနိုင်သေးတယ် ဆိုတာ လူရှေ့သူရှေ့ ထုတ်ကြွားတာပဲ မဟုတ်လား. .

ဖိတ်စာရိုက်တော့လည်း ကိုယ့်နာမည်၊ သူ့နာမည် နောက်မှာ မရှိရှိတဲ့ အမြီးတွေ အကုန်ထည့်တပ်ပြီး ရိုက်ထားရတာ။

လမင်းသူရ နောက်မှာ(MD လမင်းရိပ်ငြိမ်စာသင်ဝိုင်း) လို့ထည့်ပြီး သမုဒယကျင်ပိုးရဲ့နောက်မှာ (MD ကျင်ပိုးပွဲရုံ)လို့ ထည့်ပစ်လိုက်တာပေါ့ ဘာရမလဲ။

ဘယ်သူခန့်ခန့် မခန့်ခန့် ကိုယ့်အဖေပွဲရုံမှာ MD ရာထူးက တစ်ပြားမှ မလျော့ဘူး။ ကိုယ့်ဟာကိုယ် ခန့်ထားတာ ဟုတ်ဟုတ် မဟုတ်ဟုတ် လူအထင်ကြီးဖို့ အဓိကမဟုတ်လား။





ဦးကျင်ပိုးနှင့် ဒေါ်ရှို့တီက တရုတ်ဆိုတော့. . . တရုတ်ဘုံကျောင်းက ဟိုမျိုးနွယ် ဒီမျိုးနွယ် တရုတ်တွေ လာလိုက်ကြတာ စားပွဲသုံးဝိုင်းစာ။

သူတို့ကို အားကျမခံ ဦးသူရတို့ ဒေါ်လမင်းတို့ဆွေမျိုးတွေ ဧရာဝတီတိုင်းတစ်ခွင် ပြုပြုစင်အောင် ရှိတာဆိုတော့ အကုန်လာကြတာ နည်းနည်းနောနောမှမဟုတ်ဘဲ. . .

သတ်မှတ်ချိန် နှစ်နာရီအတွင်းမှာ မင်္ဂလာပွဲက စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နှင့်ပြီးဆုံးသွားပါသည်။

အခုနာမည်ကြီးနေတဲ့ လေးလုံးဓာတ်ပုံဆရာ(နာမည်လေးလုံးကို ပြောတာ. တော်ကြာ AIDS နဲ့မှားနေဦးမယ်)က ကင်မရာလေးချိန်ပြီး ဓာတ်ပုံရိုက်ဖို့ အဆင်သင့်စောင့်နေတာပေါ့. . .

အမျိုးတွေကလည်း သူအရင်ရိုက်မယ်. . ငါအရင်ရိုက်မယ်ဆိုပြီး နေရာတွေလုနေကြတာ။ ဟိုမရောက်ဒီမရောက် အမျိုးမဟုတ်တဲ့ဟာတွေလည်း ပါသေး. .

ဓာတ်ပုံဆရာလည်း တော်တော်ကြီးကို စိတ်ညစ်နေပြီဖြစ်သည်။

ဟောဒီတစ်ယောက်ကို ရိုက်မယ်လို့ချိန်ထားလိုက်၊ နောက်တစ်ယောက်က ဝင်လာပြီး ရိုက်လိုက်. . .



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ ဒီအုပ်စုကိုချိန်ထားလိုက် ရိုက်တော့မယ်ဆိုမှ နောက် တစ်အုပ်စုက ဝင်ရိုက်လိုက်နှင့် ရှုပ်ယှက်ခတ်နေအောင်ကို မျက်စိ နောက်ရပါသည်။

ခုချိန်ထိ သတို့သားသတို့သမီးစုံတွဲပုံတွေ. . အလှပုံတွေ ကောင်းကောင်းမရိုက်ရသေးပါ။

သတို့သမီးရဲ့အစ်ကိုတွေကလည်း ဓာတ်ပုံဆရာကို တိုးတိုး တိတ်တိတ်မှာသည်။ မှာပုံလည်း ကြည့်ဦးလေ. .

'ကျွန်တော့်ညီမကို ရိုက်ရင် အောက်ပိုင်း အသားပေးရိုက် နော်. . သူက အဲဒီနေရာမှာ အလှတွေစုနေတာ'

'သတို့သားက ပိုချောနေလို့ သူ့ကို သိပ်မရိုက်နဲ့သိလား. . သတို့သမီးတစ်ယောက်တည်းပဲ ရိုက်နော်. . နှစ်ယောက်တွဲပုံမရိုက် နဲ့. . .'

မင်္ဂလာဆောင်ပါတယ်ဆိုမှ နှစ်ယောက်တွဲပုံ မရိုက်ရဘူးဆို ပဲ. . သူတို့မင်္ဂလာဆောင်မှာ မသောက်ဘဲနဲ့မူးသွားတာ နာမည်ကြီး ဓာတ်ပုံဆရာပေါ့. . .

* * *



# ROMANTIC လက်ဖွဲ့

အကောင်းစားမပါတဲ့ လက်ဖွဲ့တွေ အများကြီးထဲမှာ ထူး ထူးခြားခြားပါလာတဲ့လက်ဖွဲ့က ပုဂံညောင်ဦးသို့ အသွားအပြန်လေ ယာဉ်လက်မှတ်နှစ်စောင် ဖြစ်သည်။

ဘယ်သူလက်ဖွဲ့မှန်းလည်း မသိပေမယ့် စိတ်လှုပ်ရှားဖို့. . တော်တော်ကောင်းပါသည်။ ကိုယ့်ဟာကိုယ်သွားဖို့ စိတ်ကူးမရှိပါ။ ပိုက်ဆံကုန်မှာ စိုးလို့လေ. . .

အခု လက်မှတ်က အလကားရတာဆိုတော့ သမုဒယမှာ ဝမ်းသာလွန်းလို့ ဆွေ့ဆွေ့ခုန်နေလေသည်။

'ကိုကို. . သွားမယ်နော်. . ယယ ပုဂံက ဘုရားတွေ မဖူးရ



www.burmeseclassic.com

www.burmeseclassic.com



တာ ကြာပြီ. . သူတို့ကလည်းလေ. . ပေးမယ့်ပေး hotel ကောင်း ကောင်းက အခန်းတစ်ခန်းပါ ပေးတာ မဟုတ်ဘူး'

'သွားတာက ကိစ္စမရှိဘူး ယယရဲ့. . ကိုယ့်တပည့်တွေကို ဘယ်လို ထားခဲ့ရမလဲ. . ဂျွန်စောလေးကိုရော စာဘယ်သူသင်ပေး မလဲ'

လမင်းသုံ့ရသည် မင်္ဂလာဆောင်ပြီးနောက် စာသင်ချိန်ပြီး လျှင် သမုဒယတို့အိမ်မှာ လိုက်အိပ်ရပါသည်။

ယောင်နောက်ဆံထုံး မပါဘဲ ဆံထုံးနောက် ယောင်ပါခဲ့ရ သည်။ ခွေးမနှင့်ယောက္ခမမှာ မျက်နှာကြောက သိပ်မတည့်ပါ။

'ဟန်းနီးမွန်းဆိုတာ တစ်သက်မှာ တစ်ခါပဲ ထွက်ရတာ. . ကိုကို ဘာလဲ မသွားချင်ဘူးလား'

စိတ်တော်က ကောက်တော်မူပြီ ဆိုတာ. . . တစ်လက်မ လောက် စူထွက်လာသည့်နှုတ်ခမ်းကိုကြည့်ပြီး သိသာပါသည်။ ဘယ် သူပေးခဲ့တဲ့ တာဝန်မှန်းလည်း မသိ. . . ချော့ရမှာက ယောက်ျားတို့ တာဝန်ဆိုပဲ. .

'ယယ. . စိတ်ကောက်နေတာလား. . ဒီဘက် လှည့်ပါဦး ကွာ'

'ကောက်တယ်ရှင့် ကောက်တယ်၊ လက်မှတ် အလကားရ





တာတောင် ဟန်းနီးမွန်းမထွက်ချင်တာ ရှင့်တစ်ယောက်ပဲ တွေ့ဖူး သေးတယ်'

သမုဒယစိတ်ကောက်လျှင် အင်မတန်မှ အရုပ်ဆိုးပါသည်။ အမှန်အတိုင်းပြောပြန်လျှင်လည်း စိတ်တော်က ပိုပြီးကောက်တော်မူ ဦးမည်။

'ကိုယ်က မသွားဘူးလို့ပြောနေတာမှမဟုတ်တာ. . ပုဂံက သီရိပစ္စယာဟော်တယ်ကို try ကြည့်မယ်လေ. . ရရင် သွားကြတာ ပေါ့. . ယယ အဝတ်အစားတွေ သိမ်းထားတော့လေ'

သမုဒယရဲ့မျက်စောင်းလေးတစ်ချက်က လှပစွာကျရောက် လာပါသည်။ မိန်းမတွေများ ခက်မှခက်ပဲ။ အလကားနေရင်း မျက် စောင်းပဲ ထိုးနေတာ. . အလိုကျသွားတာတောင်မှ မျက်စောင်းက ထိုးရသေး. . .

အဲဒီမျက်စောင်းလေးတစ်ချက်ပဲ သေရာပါမယ့်အချစ်တွေ ဖြစ်ကုန်သလား မဆိုနိုင်ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဟန်နီးမွန်းကာလက ချိုမြိန်တယ်လို့ ပြောတဲ့သူတွေကို မှားတယ်လို့ ထောက်ပြချင်တယ်ဗျာ. .

သူ ကဂျိုကျောင်ကျသမျှ ကြိတ်မှိတ်ခံရတယ်ဗျာ။ ထွက်ပြေးလို့လည်း မရတော့ဘူး . အတူနေတဲ့ရက်တွေ ကြာလာတာနဲ့ အမျှ သူ့လုပ်ရပ်နဲ့ စိတ်ခာတ်တွေကို အတွင်းကျကျသိလာရတာ. . နောက်ထပ် မိန်းမတစ်ယောက် ထပ်မလိုချင်တော့တဲ့အထိကို စိတ်ဓာတ်က ကျသွားတာ. . .

ထမင်းစားဖို့ စားသောက်ဆိုင်ရောက်တယ်ဆိုရင်ပဲ Menu ကို သူပဲ ကြည့်ပြီး မှာတော့တာ. . သူ့အကြိုက် သူမှာတယ်ပဲ ထင်နေတာ. . ဘယ်ဟုတ်ပါ့မလဲ. . မချောက Menu ကြည့်ပြီး ပေါ်ပေါ်လောလောဟင်းတွေပဲ မှာကျွေးတာဗျ။





'ယယ. . ကိုယ် ဝက်စတူးစားချင်တယ်ကွာ'

နည်းနည်းလောက်အတွန့်တက်ကြည့်မိရင် ဘာပြောတယ်ထင်သလဲ. .

'ဒီနယ်မြေက နတ်ကြီးတယ်ရှင့်. . ဝက်သားမစားနဲ့'တဲ့။

နေ့တိုင်းနီးပါး ပုန်းရည်ကြီးနဲ့ပဲ နှစ်ပါးသွားနေရတာ ဘယ်သူက သည်းခံနိုင်မှာတုန်း။ ပုဂံမှာ ပုန်းရည်ကြီးက ပေါပေါပဲပဲ ရတာကိုး။

ဒီထက်ဆိုးတာ ရှိသေးတယ်. . စားမကုန်လို့ ကျန်နေတဲ့ ဟင်းလေးနှစ်ဖတ်သုံးဖတ်ကအစ ပါဆယ်ထုတ်ခိုင်းတာ။

ကျွန်တော့်အလိုကတော့ စားချင်တဲ့သူတွေ စားပစေပေ့ါ။ အလှူပဲဟာ. . မရဘူးလေ. . အဲသလောက်အထိစေးတာ လွန်လွန်းတယ်. . ပြီးတော့ သူစားတာလည်း မဟုတ်ဘူး။ နောက်နေ့ကျ ဟင်းက သိုးသွားရင် မပစ်ချင်ပစ်ချင်နဲ့ ပစ်ရရော. . .

ပြောစရာရှိရင် ဆက်ပြောရဦးမယ်. . . ဒီထက် ဆိုးတဲ့. . အကြောင်းအရာရှိသေးတယ်။ အဲဒီနေ့က ရန်ကုန်ပြန်ရမယ့်နေ့ပေါ့။

လေယာဉ်က ညောင်ဦးလေဆိပ်မှာ သွားစီးရမှာ။ ပစ္စည်းတွေ အကုန်သိမ်းပြီးပြီဆိုတော့ ကျွန်တော်က ကားငှားဖို့ပြင်ပြီပေါ့။ ကျွန်တော့်ကို အတင်းတားတယ်လေ. .



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုကလဲ. . လောလိုက်တာ၊ ခဏနေဦးလေ. . breakfast စားသွားဦးမယ်'

ကျွန်တော်က တွက်ပြီးသား. . ခုချိန်သွားမှ လေယာဉ်မီမှာ၊ အဲဒါကို ဒင်းက breakfast မကျွေးသေးလို့ ထိုင်စောင့်နေတာတဲ့။

'ယယ မမီနိုင်ဘူးနော်၊ စောင့်မနေနဲ့တော့ သွားရအောင် အချိန်က ကပ်နေပြီကွ'

'ကိုကို. . ဈေးကြီးပေးပြီး တည်းထားရတာ. . breakfast လေးတော့ တန်အောင် စားသွားမှာပဲ'

တကယ်လည်း အဲဒီ ငတ်ကြီးကျမ. . ကျွန်တော့်မိန်းမက မကျွေးမချင်း ထိုင်ပြီးစောင့်နေတာ. .

နောက်ဆုံးရလဒ်က ညောင်ဦးရောက်တော့ လေယာဉ်ပျံကြီးကို ကောင်းကင်ပေါ်မှာတွေ့လိုက်ရတာပါပဲ။

လေယာဉ်က ထွက်သွားပြီလေ။ အဲဒါ ဒင်း ငတ်ကြီးကျလို့ ကျန်ခဲ့ရတာ. .

'သွားပြီ. . မမီတော့ဘူး၊ မင်းကို ငါပြောသားပဲ ငတ်ကြီးကျနေတာကိုး. . . ခုတော့ လေယာဉ်က ထွက်သွားပြီ'

'အဲဒီလေယာဉ်ကလဲ နောက်ထပ်ဆယ်မိနစ်လောက် ထပ်စောင့်လိုက်ရင် ဘာဖြစ်သွားမှာမို့လို့လဲ'





'ဟား. . ခုတော့ မင်းလုပ်တာနဲ့ပဲ နောက်တစ်ရက်ထပ်နေရဦးမယ်ကွာ. . အလကား နှစ်ခါ ကုန်တယ်၊ အခန်းခရော. . လေယာဉ်လက်မှတ်ပါ ထပ်ကုန်ဦးမယ် ယယ. . မင်းတော့ကွာ. . သေးသေးမွှားမွှားလေးကအစ လိုက်ပြီး ကုတ်ကတ်နေတာပဲ'

သူ့အပြစ်နှင့်သူမို့ ငြိမ်နေတာ. . ဘယ်သူ့ကိုပဲ ပြန်ပြောပြ ပြောပြ သူ့လုပ်ရပ်က ရယ်စရာကြီးမဟုတ်လား. .

ဒီမိန်းမကို ကျွန်တော် ဟန်းနီးမွန်းနဲ့တင် စိတ်ကုန်နေပြီဗျာ ရှေ့ဆက် ဘယ်လိုလုပ်ပြီး ပေါင်းရမလဲ မသိတော့ဘူး။

* * *



www.burmeseclassic.com

www.burmeseclassic.com

ယယရဲ့အကျင့်ဆိုးဆိုးလေးတွေကို စိတ်ပျက်ရင်း စိတ်ညစ်ရင်းကပဲ သူ့ရဲ့အလှမှာ(body)မျောပါနေမိပြန်တယ်။

ဒီမိန်းမဖို့ လမ်းလျှောက်ပြီးသွားရင် အနောက်က လိုက်တဲ့ကောင်တွေ ဟားပြီး ကျန် ကျန်ခဲ့တာ ကျွန်တော် သဝန်တိုတယ်ခင်ဗျ. . ကိုယ့်မိန်းမ ဆိုပေမယ့် ကိုယ့်မှာတော့ သူ မသိအောင် ခိုးပြီးရှိုးရတာ. .

ပုဂံက ပြန်လာပြီးကတည်းက ကျွန်တော့်ကို သူကောက်နေတာလေ. . လုံးဝကို စကားမပြောတာ၊ မခေါ်တာ သုံးရက်ရှိပြီ. . . ကျွန်တော်လည်း ဒီတစ်ခါတော့ အလျှော့ပေးဖို့ လုံးဝစိတ်ကူးမရှိဘူး။ ဒါကြောင့် မချော့ဘဲ ပစ်ထားတာ. .

တင်းမာနေတဲ့အခြေအနေတစ်ခုပေါ့ဗျာ၊ နောက်ဆုံးတော့





လည်း ထုံးစံအတိုင်း ယောကျ်ားကပဲ ချော့ရတာပေါ့. . သူက အခန်းခွဲပြီး အိပ်နေတာကိုး. .

အကြောင်းမဲ့ စိတ်ပျက်သွားတာမှ မဟုတ်တာ၊ ယယဘက်က ပြုပြင်ပြောင်းလဲရေးလုပ်လာဖို့ တိတ်တခိုးမျှော်လင့်ထားတာ။

လူပျိုဘဝကိုစွန့်ပြီးကတည်းက တစ်ယောက်တည်း အိပ်ရမှာ ပျင်းတယ်ဗျ. .

အာရုံတွေ နောက်လာရင် ချမ်းအေးဝင်း ပြောသလို Listen to the radio လုပ်ကြည့်တာပဲ. . တစ်နေကုန်ထိုင်ပြီး အချိန်တွေဖြုန်းရတာ ငေါင်တောင်တောင်နဲ့ဗျ. . ဒီညတော့ ချော့မှကိုဖြစ်တော့မယ်. . စကားပြောဖို့ အဖော်လိုနေသလိုပဲ. . အထီးကျန်လွန်းလို့. . .

လမင်းသူရတစ်ယောက် သမုဒယအခန်းရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေတာကို အောင်အောင်ကျင်ပိုးက မြင်ပါသည်။

သူ ဟိုဘက်ကို ပြန်လျှောက်သွားချိန်မှာ အောင်အောင်က သမုဒယအခန်းထဲသို့ ဦးအောင် ဝင်လာပါသည်။

"ယယ. . ဟိုကောင် နင့်အခန်းရှေ့မှာ လျှောက်ပြန်သံပေးလုပ်နေတယ်. . ခဏနေ သူဝင်လာမယ်ထင်တယ်. . ထ. . . ထ. . နင်ခဏဖယ်စမ်း. . ဒီခုတင်ပေါ်မှာ ငါအိပ်နေမယ်. . ဟီး. . ဟီး. .



www.burmeseclassic.com

www.burmeseclassic.com



ဟိုစောင် ငါ့ကိုခြုံပေးထား ယယ. . နင် ခုတင်အောက်မှာ ပုန်းနေသိလား၊ ငါ့ညီမကို စိတ်ညစ်အောင်လုပ်တဲ့ကောင် ဒီတစ်ခါ ကောင်းကောင်း lesson ပေးရမယ်'

ပြောပြောဆိုဆိုပဲ အောင်အောင်ကျင်ပိုးက စောင်ခေါင်းမြီးခြုံပြီး ခုတင်ပေါ်မှာ အိပ်နေပြီဖြစ်သည်။ သမုဒယမှာ သူ့ကိုကြည့်ပြီး ရယ်ချင်လွန်း၍ ရင်ထဲမှာ ကျလိကျလိဖြစ်နေသည်။

ကိုကိုလာချော့တော့မှာဆိုတော့ ရင်တွေ ဘာတွေ ခုန်ချင်လာသည်။

အဲဒီ တွမ်ကိုးကလေ သူများလင်မယားကြားမှာ ခလုတ်ပဲ။ ဒီက အချော့ခံချင်နေတဲ့ဉစ္စာ. . .

တံခါးဖွင့်သံကြားတော့ ဘာမှစဉ်းစားမနေအားတော့. . . ခုတင်အောက်ဝင်ပြီး အသာဝင်ပုန်းနေလိုက်ရသည်။

လမင်း ရင်ခုန်နေသည်။ ဘာနဲ့တူသလဲဆိုတော့ မိဘမသိအောင် ရည်းစားနှင့်ခိုးတွေ့ရတဲ့အရသာနှင့် တူပါသည်။

ခြေသံကြားသည်နှင့် အောင်အောင်က စောင်ကို အတင်းခြုံထားပြီး တစ်ဖက်သို့စောင်းအိပ်လိုက်သည်။

ကောက်နေတာ. . ကောက်နေတာ. . လမင်းက တိုးတိုးကလေး စချော့သည်။





'ယယ. . .'

ပြန်မထူးပါ။

'ယယ. . ကိုကိုခေါ်နေတယ်၊ ထပါဦးကွာ'

လုံးဝပဲ. . တော်တော်ကောက်နေပုံရသည်။ ပါးစပ်နဲ့ချော့တာ မရတော့ လက်က ပါလာရပြီလေ. .

'ယယလေး ကိုကို တောင်းပန်နေတယ်လေ. . ခွင့်မလွှတ်ဘူးလား မလွှတ်ရင် အာဘွားပေးမှာနော်'

အောင်အောင်ကျင်ပိုးက စောင်ထဲမှာ ကြိတ်ပြီး ရယ်နေ၏။ သူက ရယ်လေ. . စောင်က လှုပ်လေပင်။

မျိုးတူချင်း အာဘွား ပေးရင် ဒီကောင်တော့ မာတ်လိုက်တော့မှာပဲ။

လမင်းသူရက သမုဒယရယ်နေပြီထင်ပြီး အားတွေ တက်လာကာ စောင်ခြုံထားသောနေရာမှ ပါးလေးကိုလှမ်းပြီး အာဘွားပေးလိုက်သည်။

အမယ် စောင်က ပိုတောင်လှုပ်လာသေး၊ ရယ်နေ. . ရယ်နေပါ. . သိပ်ယားတတ်တဲ့ မိန်းမကို ကလိထိုးပြီး lesson ပေးရဦးမယ်။ သမုဒယလည်း ပါးစပ်ပိတ်ပြီး ခုတင်အောက်မှာ ရယ်နေရသည်။ ကိုကိုဆိုတဲ့ ငတုံးကြီးဟာလေ. . ဒီလောက် ပဲလင်းမြွေသီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တူတဲ့ body ကိုများ ကိုယ့်မိန်းမနဲ့ မှားရတယ်လို့ . . ၂လိုကိုယ်လုံးလေးမှ အားမနာ . .

'ကဲ . . စိတ်ကောက်ဦးမလား ပြောလေ . . . ကောက်ဦးမလားဟင် . . ထပ်ကောက်ရင် ထပ်ထိုးဦးမှာနော်'

လမင်းသူရက အားရပါးရကို ကလိထိုးပါတော့သည်။

ဒီတစ်ခါတော့ အောင်အောင်ကျင်ပိုးတို့ မခံနိုင်တော့ပါ။ ကလိ ထိုးရင် အလွန်ယားတတ်သော အောင်အောင်တစ်ယောက် ထွန့်ထွန့်လူးအောင် အော်တော့သည်။

'ဟော့ကောင် . . တော်ပြီ မထိုးနဲ့တော့ . . ဟား . . ဟား . . . ယားတယ်ကွ . . အား . . ဟား . . ဟား . . ငါသေးထွက်တော့မယ် . . တော်တော့ဆို'

'ဟင် . . အောင်အောင် . . မင်း . . မင်း'

'ဘာလဲ . . ငါ့ညီမခုတင်မှာ ငါအိပ်တာ အထီးမှန်းအမမှန်း မခွဲနိုင်ရအောင် မင်းမှာ ဘာတွေ မှန်နေလို့တုန်း . . . ကဲ . . ခုတင်အောက်က မမရေ . . ဒီမှာ ချော့မယ့်သူ ရောက်နေပြီ . . . ထွက်ပြီး အချော့ခံဦးဟေ့ . . ငါတော့ ဒီမှာကြာကြာမနေရဲတော့ဘူး လစ်ပြီ'

သမုဒယက ခုတင်အောက်မှ လေးဘက်တွားပြီး ထွက်လာသည်။ လမင်းက





'ဟာ . . ကြည့်စမ်း . . ဘဲမလေးက ဘဝပြောင်းသွားပြီပဲ . . ခွေးမလေး ဖြစ်သွားပြီ . . အဲဒါ ကိုယ့်ရဲ့အိမ်ဦးနတ်ကို စော်ကားလို့ သိပြီလား'

'ဒါဆို ရှင်က ခွေးမလင် ခွေးထီး . . ဟား . . ဟား . . ခွေးထီးကြီး'

သူ အသည်းတွေယားလာပြီး လှလွန်းသောသမုဒယကိုယ်လုံးလေးကို ဆွဲပြီး မွှေ့ပစ်လိုက်သည်။

မချော့ချင်လို့သာ နေတာ : ယယကို ဘယ်လိုချော့ရမယ်ဆိုတာ သူ ကျွမ်းပြီးသား။

သူ့လက်တစ်ဖက်ကို ထိုးပေးလိုက်ရင်း

'ကဲ . . ရော့ . . ကိုက် . . စိတ်ကောက်မနေနဲ့'

ဘယ်အချိန်ကတည်းက ကိုက်ချင်နေလဲမသိသောသမုဒယက လမင်း၏လက်ကို အားရပါးရကြီးကို ကိုက်ချလိုက်ပါတော့သည်။

ခွေးမလို့ခေါ်တော့လည်း နာသေးတယ် . . ဒီလို ကိုက်တာဆိုလို့ ခွေးမျိုးပဲ ရှိတာ . .

လက်မှာ အကွင်းလိုက်နီရဲနေသည်။

အော်လည်း မအော်ရဲပါ။

ထပ်ကိုက်မှာ ကြောက်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုက်လို့ဝပြီဆိုတော့ သမုဒယက စိတ်ပြေသွားပြီတည်း။

မယုံမရှိနဲ့ ကိုယ့်ဘော်ဒါတို့ရေ. . ကိုယ်တွေ့နော်. . ကိုယ်တွေ့. .

ခင်ဗျားတို့မိန်းမတွေ စိတ်ကောက်နေရင် လက်တစ်ဖက်ကိုသာ ထိုးပေးလိုက်. . အကိုက်ခံလိုက်. . ဒါဆို OK သွားပြီ. . ဟဲ. . ဟဲ. .

* * *

မူပိုင်နှင်းဆီကို Facebook ပေါ်တွင်လည်း အားပေးနိုင်ပါသည်။

Find "Mu Paing Rose"on Facebook and become a fan



ဈေးမှပြန်လာသောဒေါ်လှမင်းတစ်ယောက် ဒေါသတွေပေါက်ကွဲနေသည်။

လမင်းသူရလို့ လှမ်းအော်ပြီးခေါ်သောအသံက သီတင်းကျွတ်ဖြောက်အိုးထက်ပင် ဆူညံနေသေးသည်။

'ကောင်းသေးရဲ့လား. : . လူကြားလို့မှ ကောင်းကြသေးရဲ့လား'

ဦးသူရက အေးအေးဆေးဆေးပင် ဝင်ပြောသည်။

'ကြားမကောင်းတဲ့ စကားဆိုရင်လည်း ပြောမနေပါနဲ့တော့ကွာ. .'

'ဘာလို့မပြောရမှာလဲ. . ပြောကို ပြောရမယ်. . ရှင့်ချွေးမ အလိမ္မာလေးကလေ ကျွန်မကို ပေါ့ပေါ့နေ ပေါ့ပေါ့စားလို့ပြောသတဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမဆိုတာ မိဘပဲ မဟုတ်လား. . ဘာလို့ မအေးမြင့်ကို ကျွန်မ အတင်းပြောရတာလဲ'

'ယယက ဒီလိုတော့ ပြောမယ်မထင်ပါဘူး အမေရယ်'

'ဩော်. . မင်းမိန်းမက မပြောဘူးဆိုတော့ ငါကပဲ ပိုပြောနေတယ်ပေါ့ ဟုတ်လား၊ မင်းတို့ယောကျ်ားတွေများ မယားဆို ရှေ့က ကာဆီးကာဆီးနဲ့ မအေဆို သိတတ်ဖော်မရဘူး. . အဲလိုမှန်းသိ မင်းကို ငါဗိုက်ထဲမှာပဲ ထားတယ်. . မွေးကိုမမွေးဘူး သိလား'

အမေဒေါ်ပွအောင် အတို့အထောင်လုပ်တဲ့သူက လုပ်လိုက်ပြန်ပြီ။ နဂိုကမှ ယယဆိုကြည့်လို့မရတဲ့ဉစ္စာ။

ဒီယောက္ခမနှင့် ဒီချွေးမကို ဘယ်လိုရင်ကြားစေ့ပေးရမှန်း မသိတော့ပါ။ ယယကလည်း အမေ့ကို အခဲမကျေဘူးဆိုပဲ။

'ရှင့်အမေက ဘာအချိုးချိုးတာလဲဟင်၊ ကျွန်မကိုများ ညှဲ့ပြမလှဘူးလေး ဘာလေးနဲ့ ပြီးတော့ မျက်နှာကလည်း အိုစာနေတာပဲတဲ့. . ခုချိန်မှာ ကျွန်မက သူ့ချွေးမ မဟုတ်လို့လား. . အားအားရှိ သူများကို ကျွန်မအကြောင်း လျှောက်ပြောမယ့်အစား၊ လမ်းဘေးက သုံးရာတန် ထွက်သမျှသီချင်းခွေတွေ ဝယ်ပြီး နားထောင်မယ့်အစား နောင်ဘဝပါအောင် တရားလေး ဘာလေးနာ. . တရားထိုင်ပေါ့'

သမုဒယ ပြောတာတွေ အကုန် မှန်နေတော့လည်း ကိုယ့်





ပါးစပ် ကိုယ်ပိတ်ထားရသည်။ အမေကလည်း အမေပဲ. . ဒီနေ့ ဘာထွက်သလဲ. . လမ်းဆုံ၊ ထွန်းအိန္ဒြာဗိုရဲ့ One Lady show၊ ဖြူဖြူကျော်သိန်း၊ City FM ဘယ်နှနှစ်ပြည့်အခွေ၊ အမယ်. . ကြက်ဖတို့၊ ဂျောက်ဂျက်တို့ ကျားပေါက်တို့လည်း နားထောင်တာပဲ. .

အဲဒီတော့ ချွေးမက ပြောတာလည်း မလွန်ပါဘူး။ သူ့မှာ ဘာworry မှမရှိဘဲ ပေါ့ပေါ့ကလေးနေတာကိုး။ သွေးတိုးရှိလို့ ဆားလျှော့စားတယ်ဆိုတော့လည်း ပေါ့ပေါ့စားပဲပေါ့. . .

'ပေါ့ပေါ့နေ ပေါ့ပေါ့စား' 'ဆိုတော့လည်း ဒေါသက ထွက်သေးတယ်။

'ဟဲ့တောင်. . မင်းမိန်းမကို မေးဖြစ်အောင် မေးခဲ့စမ်း၊ ဘာသဘောနဲ့ငါ့ကို ရန်စနေသလဲလို့'

* * *



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာမကြည်မသာဖြင့် အိမ်ပြန်ဖို့ထွက်လာလော လမင်းသူရကို ဦးသူရက လှမ်းခေါ်ပြီး မှာသည်။

'သား. . မင်းတို့ ကလေးမြန်မြန်ယူကြတော့၊ မင်းအမေကို မြေးပေးထိန်းထားလိုက်ရင် ပါးစပ် တစ်ခါတည်း ပိတ်သွားမှာ. . . အဖေပြောတာ ကြားလား'

စိတ်မကြည်မသာနဲ့ပဲ ခေါင်းညိတ်ပြလိုက်မိသည်။

ကြားသုံးကြားထက် ပိုဆိုးတာက ယောက္ခမနဲ့ချွေးမကြားပဲ. . တော်တော် နေရ စားရကျပ်တဲ့ဘဝ. . .

* * *





ကမ္ဘာမှာ အပူအကြီးဆုံးက မိန်းမတွေဆိုတာ ကျွန်တော် အကြွင်းမဲ့ထောက်ခံပါသည်။

သူများပူပူ မပူပူ အချိန်တန်လျှင် မိန်းမတွေပဲ ပူရသည်။

တခြားမကြည့်နဲ့. . အခု ကျွန်တော့်မိန်းမပဲ ကြည့်လေ. . .

မီးပုံးပျံကြီးလိုပဲ ဖောင်းလို့၊ ကားလို့၊ နေ့စဉ့်လစဉ့်ကိုယ်ဝန်ကြီးနဲ့လေ။

ကျွန်တော့်အမေကလည်း ချွေးမသာ ကြည့်လို့မရတာ. . . သူ့ချွေးမရဲ့ပူထွက်နေတဲ့ဗိုက်ကလေးကိုတော့ မျက်စောင်းတထိုးထိုးလုပ်နေတာ။

အဲဒီကလေးတော့ ထွက်လာတာနှင့်တင် အလုခံရမှာ မြင်ယောင်သေး။

သမုဒယဆိုတဲ့ ကျွန်တော့်မိန်းမကလေ. . ဟိုဘက်ဒီဘက် လုစရာမလိုအောင်ကို ဗိုက်ထဲမှာ ညီတူညီမျှထည့်ထားတာ. .

Ultrasound ရိုက်ကြည့်တော့ အမြွှာ တဲ့. . အထီးလေး တစ်ယောက် အမလေးတစ်ယောက်ဆိုပဲ. .

ဘယ်ရမလဲ လမင်းသူရ တဲ့. . လူဖြစ် မရှုံးဘူးနော်. . နှစ်ယောက်တောင်မှ အပြတ်ထွက်တာ။

ယယတို့က နာမည်ကျော်အင်ဂျလီနာဂျိုလီတို့ ဂျေလိုတို့ကို



www.burmeseclassic.com

www.burmeseclassic.com



အားကျပြီး အပြိုင်လိုက်ကဲ့မှာတဲ့. . သူတို့လည်း အမြွှာတွေပဲ မွေးထားတာကိုး။

ဟိုတစ်လောလေးက ယယတစ်ယောက် ဘာစိတ်ကူးတွေပေါက်သလဲ မသိဘူး. . ကျွန်တော့်ကို ဘာပြောတယ် မှတ်လဲ။

'ကိုကို. . ဒီက ဂျာနယ်တွေ လိုက်ဆက်သွယ်ကြည့်ပါလား ယယတို့ ကလေးအမြွှာနှစ်ယောက်ကို ဦးဦးဖျားဖျားဓာတ်ပုံရိုက်ခွင့်ပေးရင် ဘယ်လောက်ပေးမလဲလို့ သိချင်နေတာ. . . နိုင်ငံခြားမှာဆို ဒေါ်လာတွေ သိန်းချီပြီးရတာ'

'မိန်းမရယ်. . မင်းကိုယ်မင်း ဟောလီးဝုဒ်က မင်းသမီးများ မှတ်နေလို့လား. . ဒါမှမဟုတ်. . ဘောလုံးသမားတွေရဲ့ မိန်းမများအောက်မေ့နေသလားကွာ'

'သိဘူးရှင်၊ သူများကလေးတွေဆို ထွက်လာတာနဲ့ မိဘကို လုပ်ကျွေးနေပြီ'

ကဲ. . အဲဒါသာ ကြည့်တော့. . . ကလေး မွေးတာတောင် အမြတ်ထုတ်ချင်နေတဲ့ မိန်းမလေး. . ။

ဒါကြောင့် ပြောကြတာ. . လူအကြောင်း ပေါင်းမှသိတာတဲ့. . သမုဒယအကြောင်းတွေ ကုန်စင်အောင်ရေးရမယ်ဆိုရင် ဆယ့်ခြောက်ဖောင်နဲ့တောင် လောက်မှာမဟုတ်ဘူး။





ဒါပေမယ့် ဒီဘဝမှာ ကျွန်တော် ဂုဏ်ယူစရာတစ်ခုတော့ မှတ်မှတ်ရရကို ရှိတယ်ဗျာ. .

ဘယ်ယောကျ်ားမှ ကျွန်တော့်လို ဂုဏ်ယူရဲမှာမဟုတ်ဘူး။ သမုဒယက ကျွန်တော့်ကိုခိုးပြေးတာလေ. .

ခင်ဗျားတို့မိန်းမတွေ ခင်ဗျားတို့ကို ခိုးပြေးဖူးလို့လား. . . ခင်ဗျားတို့ပဲ ခိုးရတာ မဟုတ်လား။

* * *

မုပိုင်နှင်းဆီကို Facebook ပေါ်တွင်လည်း အားပေးနိုင်ပါသည်။

Find "Mu Paing Rose"on Facebook and become a fan



www.burmeseclassic.com

www.burmeseclassic.com

လမင်းမှာ ညတုန်းက ယောက္ခမချက်ကျွေးတဲ့ ဝက်စတူးတွေ အစားကောင်းလို့ အိပ်ချလိုက်တာနဲ့ တန်းပြီး ပေါက်တော့တာပဲ. .

သမုဒ္ဒယကျင်ပိုး၏ဗိုက်က အကျင့်မကောင်းစွာပင် ညကြီးအချိန်မတော် ထပြီး နာလေသည်။

သူမဘေးနားမှာ သိုးအောင် အိပ်နေသောထိုဗိုက်ပိုင်ရှင်ကမူ ဆင့်တက်နင်းတောင် အပြားခံမည့်သဘောမှာရှိသည်။ ပါးစပ်နှင့်နှိုးလည်း မထ. . ဆွဲရမ်းလှုပ်ခါပြီး နှိုးလည်း ပြန်လှည့်ပြီး အိပ်သွားသည်။ ဗိုက်နာတာက ပိုပြီး စိပ်လာသည်။

မခံမရပ်နိုင်ဖြစ်သည့်အဆုံး အစ်ကိုတွေ၏အခန်းကို တံခါးသွားထုသည်။





လက်သာ နာလာသည်. . တံခါးက ဖွင့်မလာပါ။ မိဘတွေအခန်းကို သွားထုတော့လည်း ထိုနည်းအတိုင်းပင်။

သင်းသင်းတို့မိသားစုကတော့. . ကျောင်းပိတ်ရက်ရှည်မှာ အားရှန်းမိဘတွေဆီမှာ တစ်လှည့်သွားနေနေသည်မို့ အိမ်မှာမရှိပါ။

သမုဒ္ဒယသည် တစ်ယောက်မှ နှိုးလို့မရသည့်အဆုံးမှာ နော်ထူးကို သတိရပြီး အောက်ထပ်သို့ ဗိုက်ကြီးတကားကားနှင့် သူ့ဗိုက်သူမ,ပြီး ဆင်းချလာသည်။

နော်ထူးဆိုတဲ့ မိန်းမကလည်း ကာလနဂါးက အစ်မခေါ်ရမည့်ပုံ. . သုံးလေးငါးခါခေါ်လည်း နိုးမလာတော့ သမုဒ္ဒယက ဒေါပွပြီး နော်ထူးကို ဘောလုံးလိုသဘောထားပြီး Corner kick တွေရော Free kick တွေပါ ကစ်ထည့်လိုက်သည်။

အိပ်ချင်မူးတူးနှင့် နော်ထူးက အော်သည်။

'ဘာကိစ္စ ငါ့ဖင် လာကန်နေတာလဲ'တဲ့

'ငါကန်တာပေါ့. . ငါကန်တာ. . ကန်ချင်လို့ ကန်တာ. . အမြင်ကပ်လို့ ကန်တာ၊ ဒီလောက် နှိုးနေတာတောင် မထသေးဘူးလား. . ဒီတစ်ခါဆို ငါ ပင်နယ်တီကစ် ကစ်မှာနော်'

သူ့လင်အပေါ် ကျရောက်နေသောဒေါသတွေက မဆီမဆိုင် နော်ထူးဆီမှာ သွားပြီးပုံသည်။



www.burmeseclassic.com

www.burmeseclassic.com



'ထပြီ. . ထပြီ. . မမယယ. . ဘာခိုင်းမလို့လဲဟင်'

'ငါ ဆေးရုံတက်တော့မယ်. . ပစ္စည်းတွေသိမ်း. . မြန်မြန်လုပ်နော်'

ယူချင်ဦးဟဲ့ ယောက်ျား။ ဆတ်ဆော့လတ်ကော့လို့ ဖြစ်ရတာ။ ဒင်းတို့မှာ ဘာအပူမှမရှိဘူး. . အိပ်လိုက်တာမှ သိုးလို့။ ကိုယ်တိုင်ပူပြီး ကိုယ်တိုင်ပဲ မွေးရမှာ. . ဆေးရုံလည်း ကိုယ်တိုင်ပဲ ကားမောင်းပြီး သွားရမှာမဲ. . .

သမုဒယသည် တိုင်မှာချိတ်ထားသောကားသော့ကို ဆောင့်ဆောင့်အောင့်အောင့် ဖြုတ်လိုက်ပြီး ဟန်းဒ်ဖုန်းကိုထုတ်ကာ သူမဗိုက်အပ်ထားသောအိုဂျီထံသို့ ဖုန်းခေါ်လိုက်သည်။ အဲဒီအိုဂျီဆရာကလည်း အိပ်ချင်မူးတူးနဲ့ဖုန်းပြန်ထူးတာကြည့်ဦး. .

'ဟဲလို baby လား'

တဲ့. . သမုဒယတောင် နည်းနည်းကြောင်သွားသည်။

အိုး. . သူ့မှာလည်း ဗယားတွေနဲ့ အလာကြီးပါလား။

'baby လားဆိုတော့ ကျွန်မ ဆရာ့baby တော့ မဟုတ်ဘူးဆရာ. . ဒါပေမယ့် ကျွန်မbaby တွေတော့ အပြင်ထွက်ချင်နေပြီဆရာ. . SSC ကို မြန်မြန်လာခဲ့ပါနော် ဆယ်မိနစ်အတွင်းအရောက်နော် ဆရာ. . ဒီထက်နောက်ကျရင် ကျွန်မ တာဝန်မယူဘူးဆရာ'





ဖုန်းပိတ်ပြီးနောက် ကားတံခါးဖွင့်ပြီးတက်သည်။ ကားစတီယာရင်တိုင်နှင့်ထိုင်ခုံကြားမှာ သူမ ဗိုက်ကြီးက ကျပ်ညှပ်နေသည်။ လှည့်လို့တောင် မရချင်. . .

အထုပ်အပိုးတွေ ကားပေါ်လာတင်သောနော်ထူးက သမုဒယကိုမြင်ပြီး ပါးစပ်ကြီးဟောင်းလောင်းပွင့်ကာ

'မမယယ ဖြစ်. . ဖြစ်ပါ့မလား. . လမ်းမှာ ကလေး ထွက်ကျရင် ကျွန်မ မလုပ်တတ်ဘူးနော်'

'တက်ဆိုတက်. . စကားရှည်မနေနဲ့'

နော်ထူး ကားပေါ်တက်ပြီးနောက် သမုဒယက ဝူးခနဲ ကားကို မောင်းထွက်လိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

'မာမားရေ. . လုပ်ပါဦး ယယမရှိတော့ဘူး'

ဒေါ်ရှို့တီမှာ ဆံပင်ဖားလျားဖြင့် ပြေးထွက်လာသည်။

'ဟဲ့ အထိတ်တလန့်ဟယ် ယယဘယ်ရောက်သွားလို့လဲ'

'နော်ထူးပါ မရှိတာ မာမား'

'ထူးဆန်းလိုက်တာ. . သူ့ဖုန်းကို ဆက်ကြည့်လေ'

လမင်းသူရသည် ယောက္ခမပြောသလို သမုဒယဟန်းဒ်ဖုန်းကို ဆက်ကြည့်သောအခါ တစ်ခါမှမကြားဖူးသောအသံစိမ်းတစ်ခုကို ကြားရသည်။

'ဟိုလေ. . ဒါ သမုဒယကျင်ပိုးရဲ့ဖုန်း မဟုတ်လား'

'ဟုတ်ပါတယ်ရှင်. . သူ အခု ခွဲခန်းထဲမှာမို့ နောက်မှပြန် ဆက်လိုက်ပါရှင်'





'ဗျာ ခွဲခန်းထဲမှာ. . ကလေး. . ကလေး မွေးတော့မှာလား'

'ဟုတ်တယ်လေ. . ရှင်က ဘယ်သူလဲ'

'ကျွန်တော် သူ့ယောကျ်ားပါ'

'ဟာ ဒါဆို မြန်မြန်လာတော့လေ. . ဘာလုပ်နေတာလဲ'

အိုး. . ဘာပြောကောင်းမလဲ. . တစ်အိမ်လုံး တဝုန်းဝုန်းနဲ့ ကားပေါ်ပြေးတက်ကြပြီး SSC ကို လိုက်ကြတာ. . .

ကွက်တိလေးပဲ။ SSC ရောက်တာနဲ့ ကလေးတစ်ယောက်က အပြင်ရောက်လာပြီ။

နာ့စ်မလေးက ကလေးချီပြီး လာပြသည်။

'ဒါလေးက အကြီး. . ယောကျ်ားလေးရှင့်. . မွေးချိန်က ငါးနာရီနှစ်မိနစ်. . ငါးပေါင် ငါးအောင်စရှိပါတယ်'

သတင်းအတိအကျ reportလုပ်ပြီးပြန်ဝင်သွားသည်။ သိပ်မကြာလိုက်ပါ။ နောက်တစ်ယောက်ချီပြီး ထွက်လာပြန်သည်။

'ဟောဒါလေးက မိန်းကလေး. . မွေးချိန် ငါးနာရီရှစ်မိနစ် ငါးပေါင်အတိရှိပါတယ်'

ရင်ထဲမှာ ပျော်လွန်းလို့ ဘယ်လိုကြီးဖြစ်နေမှန်းကို မသိပါ။ အနှီးထုပ်ထဲမှကလေးလေးနှစ်ယောက်က ချစ်စရာကောင်းလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြီးကောင်လေးက 'အငဲ. . အငဲ'နဲ့ ထွက်လာကတည်းက အဆိုတော်အငဲကိုပဲ ခေါ်နေတာ။ ဧကန္တ အရင်ဘဝက အကြွေးလိုက်တောင်းတာလား မသိဘူး။

အငယ်မကျတော့ 'အူဝဲ. . အူဝဲ'နဲ့ပီလိုက်တာ. . မဟုတ်မှလွဲရော အူဝဲ ဆိုသည့် အိန္ဒြာကျော်ဇင်က ကျွန်တော့်ကို ကြိတ်ပြီး ကြိုက်နေလို့နဲ့တူတယ်. . ဟဲ. . ဟဲ. . ကိုယ့်အတွက် နစ်နာစရာမရှိတာ. . တွေးချင်ရာတွေးပစ်လိုက်တာပေါ့။

သမုဒယ သတိရလာတော့. . ကျွန်တော့်လက်တစ်ဖက်ကို ထိုးပေးလိုက်တယ်. . ကိုယ့်အပြစ် ကိုယ် သိတယ်လေ. . ကြိုက်သလောက် ကိုက်စမ်း။

သမုဒယဆိုတဲ့မိန်းမကလည်း ဝေါင်ဝေါ်နဲ့ ကျွန်တော့်လက်ကို အမဲရိုးများအောက်မေ့နေသလား မသိပါဘူး. . ကိုက်လိုက်တာမှ ရက်ရက်စက်စက်. . .

ကိုက်ပြီးရင် သူစိတ်ပြေသွားပြီလေ. .

* * *



BURMESE CLASSIC .com

စာရင်းတွက်တော်ပါတယ်ဆိုတဲ့ သမုဒယကျင်ပိုး. . တစ်ပတ်ပြည့်လို့ ဆေးခန်းကဆင်းခါနီး Billထွက်လာသောအခါ အရမ်းအရမ်းကို ဝမ်းတွေသာသွားပါသည်။

'ကိုကိုရေ. . ကြည့်စမ်း. . အခန်းခလည်း တစ်ခန်းစာပဲရှင်းရတယ်. . ခွဲစိတ်ခလည်း တစ်ယောက်စာပဲယူထားတယ်. . ဒီတစ်ခါတော့ တန်သွားပြီကွ. . နှစ်ယောက်မွေးပြီး တစ်ယောက်စာပဲ ပေးရတာ. . နောက်တစ်ခါလည်း အမြွှာပဲ မွေးဦးမယ်'

တွေ့လား အချိုးက မပြောင်းသေးဘူး. . Breakfast မက်လို့ လေယာဉ်လက်မှတ်ဆုံးပြီးပြီ. . ဒါလည်း မမှတ်သေးဘူး။

အခုလည်း အမြွှာမွေးရတာ တန်သတဲ့လေ. . ထပ်မွေးဦးမယ်ဆိုပဲ. . .



www.burmeseclassic.com

www.burmeseclassic.com

## မူပိုင်နှင်းဆီ – ၂၀၄

အမြွှာနှစ်ကောင်ကို ဟိုဖက် တစ်ယောက်. . ဒီဖက် တစ်ယောက် ပွေ့ချီထားရင်း 'အမေရေ. . သားတော့ မှားပြီ'လို့သာ အော်အော်ပြီး ငိုလိုက်ချင်တော့တယ်ဗျာ. . .

(ခင်ဗျားတို့ကို တစ်ခုသတိပေးမယ်နော်. . : body အစိတ်မျက်နှာ လေးဆယ်လောက် မိန်းမကို တွေ့ရင် ခပ်ခွာခွာကလေးနေနော်. . မဟုတ်ရင် ကျွန်တော့်လို ကိုယ်ကျိုးနည်းဦးမှာ)

မူပိုင်နှင်းဆီ
9:35 PM
Saturday
28th, Nov, 2009

မူပိုင်နှင်းဆီကို Facebook ပေါ်တွင်လည်း
အားပေးနိုင်ပါသည်။
Find "Mu Paing Rose"on Facebook and
become a fan

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com